www.burmeseclassic.com

ဦးရွှေအောင်
မဟာဝိဇ္ဇာ (သင်္ချာ)၊ ဝင်းသက်ကာ နှင့် သိရှော့မတိ

# ထေရဝါဒအုတ်မြစ်

BURMESE CLASSIC .com



သာဓိမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၁။ လယ်တီဆရာတော် ၏ နိုင်ငံခြားပုစ္ဆာ အဖြေပေါင်းချုပ်
၂။ လယ်တီဆရာတော် ၏ နိုင်ငံတွင်းပုစ္ဆာ အဖြေပေါင်းချုပ်(ပထမအုပ်)
၃။ လယ်တီဆရာတော် ၏ နိုင်ငံတွင်းပုစ္ဆာ အဖြေပေါင်းချုပ်(ဒုတိယအုပ်)
၄။ လယ်တီဆရာတော် ၏ ဘာသာရေးပုစ္ဆာ အဖြေပေါင်းချုပ်
၅။ ဦးရွှေအောင် ၏ ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့
၆။ ဦးရွှေအောင်၏ စာဖတ်သူများ

www.burmeseclassic.com

www.burmeseclassic.com

# ထေရဝါဒအစုတ်မြစ်

## ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကတ)

ဝဇ္ဇံသကာ နှင့် သိရောမဏိ

တပြည်လုံး ဖြန့်ချိရေး

**ရာပြည့်စာအုပ်တိုက်**

အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

ဖုန်း။ ၀၁–၂၉၆၆၇၁ (အိမ်)၊ ၂၅၇၉၈ (ဆိုင်)

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| **ခွင့်ပြုချက်အမှတ်** | စာမူ [၁၂/၂၀၀၁ (၁)]<br>အဖုံး [၁၆၂/၂၀၀၁ (၃)] |
| **စီစဉ်ထုတ်လုပ်မှု** | သန်းဆွေ (ရောထွန်း) နှင့် ဇေလတ် |
| **ပုံနှိပ်ခြင်း** | ပထမအကြိမ် – (၁၉၉၁) ပါရမီစာပေ<br>ဒုတိယအကြိမ် – (၁၉၉၅) ပါရမီစာပေ<br>တတိယအကြိမ် – (၂၀၀၁)<br>ပညာရိပ်မွန်စာပေ |
| **ထုတ်ဝေခြင်း** | ( ၁၊ အောက်တိုဘာ၊ ၂၀၀၁ )<br>အုပ်ရေ [၁၀၀၀] |
| **မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ** | ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊<br>ရာပြည့်အော့ဖ်ဆက်၊<br>အမှတ် ၁၉၉၊ လမ်း၅၀၊ ပုဇွန်တောင်<br>မြို့နယ်၊<br>ရန်ကုန်မြို့။ |
| **ထုတ်ဝေသူ** | ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ<br>အမှတ် ၃၊ ငါးထားကြီးဘုရားလမ်း<br>ဗဟန်း၊ ရန်ကုန်မြို့။ |
| **အတွင်းဖလင်** | အေဇက် |
| **စာအုပ်ချုပ်** | ကိုမြင့် နှင့် ညီဝင်းမြင့် |
| **မျက်နှာဖုံး ပန်းချီ** | သန်းမြင့်အောင် |
| **တန်ဖိုး** | ၃၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ ငါကို ရှေ့တန်းတင်မည်လား
လောကကို ရှေ့တန်းတင်မည်လား ၇

၂။ ရှင်အဿဇိ၏ ကိုယ်ကျင့်သိက္ခာကြောင့်
ရှင်သာရိပုတ္တရာ ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့သည် ၂၁

၃။ ဘုရားသခင်၏ ဘက်မလိုက်သောဝါဒ ၃၉

၄။ ထေရဝါဒနှင့်အညီ ကိုယ်ကျင့်သိက္ခာကို
တည်ဆောက်ပါ ၅၉

၅။ ဂုဏ်ပကာသနကို အလေးထားပြုသော
ကုသိုလ်ကောင်းမှု ၇၂

၆။ အငှားသိကို မကိုးစားလွန်းသင့် ၈၅

၇။ ထေရဝါဒ ပိဋကတ်တော်များ၏
လမ်းညွှန်ချက်နှင့် ညီညွတ်ဖို့လို၏ ၁၀၁

၈။ သစ္စာအလှ ၁၁၆

၉။ အလေးထားရမည့် လူ့ဘဝ ဒုလ္လဘ ၁၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၁

## ငါကို ရှော့တန်းတင်မည်လား
## လောကကို ရှော့တန်းတင်မည်လား

"သတ္တဝါလည်း အသင်္ချေယျ ဖြစ်၏။ အာကာသလည်း အသင်္ချေယျ ဖြစ်၏။ စကြဝဠာလည်း အသင်္ချေယျ ဖြစ်၏"ဟု မြတ်စွာဘုရားက ဟောတော်မူခဲ့၏။ ထို့ကြောင့် သတ္တဝါတို့သည် အမြဲတစေ ရှိနေကြမည် ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့ တွေ့မြင်နေကြရသည်ကား လူနှင့် တိရစ္ဆာန်တို့ ဖြစ်ကြ၏။ ဒေသနာတော်အရ ၃၁ဘုံ၌လည်း လူနှင့်သတ္တဝါများ ရှိကြသည်ပင် ဖြစ်ရာ ထိုသတ္တဝါများသည် ကျွန်ုပ် တို့နှင့် အထိအတွေ့ နည်းသဖြင့် ကျွန်ုပ်တို့အတွက် သိပ်အရေးမကြီးလှ။ ကျွန်ုပ်တို့အတွက် အရေးကြီး သည်ကား လူနှင့် တိရစ္ဆာန်ပင် ဖြစ်၏။ လူနှင့် တိရစ္ဆာန်တို့တွင်လည်း လူက ပို၍ အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် လူသည်သာလျှင် သက်ရှိ သက်မဲ့ အရာရာတိုင်းကို ဖန်ဆင်းသောကြောင့် ဖြစ်၏။ ဤနေရာ၌ ဖန်ဆင်းသည် ဆိုသည်မှာ ဤစကြာဝဠာကို ပျော်မွေ့ဖွယ် ဖြစ်အောင်လည်း လူကပင် လုပ်၏၊ ဆင်းရဲဖွယ် ဖြစ်အောင်လည်း

ပညာ့ရိပ်မွန်

www.burmeseclassic.com

www.burmeseclassic.com


လူကပင် လုပ်၏။ ဤသဘောကို ရည်ရွယ်၍ လူသည် သက်ရှိ သက်မဲ့ အရာရာတိုင်းကို ဖန်ဆင်း၏ ဟူ၍ ဆိုခြင်း ဖြစ်၏။ ထာဝရ ဘုရားသခင်က ဖန်ဆင်းခြင်းမျိုးကို ဆိုသည် မဟုတ်။

သတ္တဝါအားလုံးတို့တွင် လူသည် အရေးအကြီးဆုံး ဖြစ်လေရာ လူ့ဘဝ၏ အုတ်မြစ်ကို ခိုင်ခိုင်ချဖို့ လိုအပ်၏။ လူ့လောကကို အဆောက်အအုံအဖြစ် ခံယူနိုင်လျှင် ထိုအဆောက်အအုံ၏ အုတ်မြစ်ကို ခိုင်ခိုင်ချဖို့ အဘယ်ကြောင့် မလိုအပ်ဘဲ ရှိလေမည်နည်း။ အပေါ်ထပ် အဆောက်အအုံ ဟူသမျှသည် အခြေခံအုတ်မြစ် အပေါ်၌ မှီသည် ချည်း ဖြစ်၏။ ထို့ကြောင့် လူ့လောက အဆောက် အအုံကို ခိုင်မာသော၊ ငြိမ်းချမ်းသော၊ သာယာသော၊ လုံခြုံသော ဗိမာန်မျိုး ဖြစ်စေလိုပါလျှင် လူ့ဘဝ၏ အခြေခံအုတ်မြစ်ကို ခိုင်ခိုင်ချဖို့ လိုအပ်ကြောင်း ယုံမှားစရာ လုံးဝ မရှိ။

ထို့ကြောင့် ဘာသာတရား အားလုံးတို့သည် မိမိတို့၏ ဘာသာတရားများ၏ သွန်သင်ချက်အရ ဆိုင်ရာ ဆိုင်ရာ အပေါ်ထပ် အဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် မိမိတို့၏ ဘဝ အုတ်မြစ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် ချကြသည် ချည်း ဖြစ်၏။ "အဘယ်ကြောင့် ထိုသို့ ချကြလေသနည်း"ဟု မေးလေလျှင် ဤလောက၌ လူသားတို့ ဆုံးဖြတ်ကြသော အမှားနှင့် အမှန် ဟူသမျှသည်


www.burmeseclassic.com

www.burmeseclassic.com


ဘာသာတရားက ပေးသော သွန်သင် ချက်အပေါ် အားကိုး၍ဆုံးဖြတ်ပြီး၊ မိမိ၏ ကိုယ်ပိုင် ဉာဏ်ဖြင့် မဆုံးဖြတ်နိုင်သောကြောင့် ဖြစ်၏။

ယဇ်ပူဇော်လျှင် မှန်သည်ဟု ဆိုင်ရာ ဘာသာ တရားကဆိုပါက ထိုအဆိုအတိုင်း လိုက်၍ ယဇ် ပူဇော်ကြ၏။ တိရစ္ဆာန်တို့ကို သတ်၍ ပူဇော်လျှင် ပို၍မှန်သည်ဟု ဆိုပါက တိရစ္ဆာန်တို့ကို သတ်၍ ယဇ်ပူဇော်ကြပြန်၏။ လူကိုသတ်၍ ပူဇော်လျှင် ထိုထက် ပို၍မှန်သည်ဟု ဆိုပြန်ပါကလည်း လူကိုပင် သတ်၍ ပူဇော်ကြပြန်၏။ ထို့ကြောင့် အမှားနှင့် အမှန် သည် ဘာသာတရားအပေါ် အခြေခံလေရာ ဆိုင်ရာ ဆိုင်ရာ ဘာသာတရား၌ သက်ဝင် ယုံကြည် ကြသူ တို့သည် မိမိတို့ ဘာသာတရားများ၏ သွန်သင်ချက် အရ မိမိတို့၏ ဘဝအနှုတ်မြစ် ခိုင်မာ သည်ထက် ခိုင်မာ အောင်၊ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ချကြ သည်မှာ အံ့သြစရာ မဟုတ်။

ဘာသာတရားများ၏ ခေါင်းဆောင် ဟူသမျှ သည် မိမိတို့၏ လက်ရှိ လောကဗိမာန်ကို ကောင်း သည်ထက်ပို၍ကောင်းလာအောင် တည်ဆောက်နိုင် ရေးအတွက် လက်ရှိ အတွေးအခေါ်အပေါ် မကျေ နပ်ကြသော သူတော်စင် တော်လှန်ရေး သမားချည်း ဖြစ်ကြရိုး မှန်ပါ၏။ သို့ရာတွင် နောက်ပိုင်း၌ တဖြည်းဖြည်း မူလ ရည်ရွယ်ချက် ပျက်ပြားကာ ဘာသာ တစ်ခုနှင့်တစ်ခု နယ်မြေလုပြီး ရက်စက်စွာ


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


သတ်ဖြတ်ကြသော ဘာသာရေး စစ်ပွဲများ ကမ္ဘာ့သမိုင်း၌ မှတ်တမ်းတင်ရသည်မှာ အကျည်းတန်လှပါ၏။ မူလ ဘာသာရေး ခေါင်း ဆောင်များ၏ ရည်ရွယ်ချက်ကို ဖျက်ဆီးရုံသာမက ဘာသာရေး ခေါင်းဆောင်များကို သိက္ခာချရာလည်း ရောက်၏။ ထို့ပြင် ဘာသာမဲ့ ဝါဒီများကိုလည်း လက်ယပ်ခေါ်ရာ ရောက်၏။ အမှန်အားဖြင့် လူ့ လောကအတွက် ဘာသာတရား ဟူသည် မရှိမဖြစ် လိုအပ်သော သဘောကို ဆောင်ပါ၏။

အိန္ဒိယ သမ္မတဟောင်း ဒေါက်တာ ရာမာခရစ်ရှနန်၏ အဆိုအားဖြင့် ဘာသာမဲ့ ဟူသည်ပင် ဘာသာတရား တစ်မျိုး၏အမည်ဖြစ်၏။ ထို့ကြောင့် ဘာသာတရားဟူသည် လူ့လောကအတွက် မရှိ မဖြစ် လိုအပ်သော သဘောကိုဆောင်၏။ ၁၈၇၂ ခုနှစ်၌မွေးဖွားပြီး ကိန်းဘရစ်တက္ကသိုလ်ကျောင်း တွင် ပညာသင်ယူခဲ့သော အိန္ဒိယ သူတော်စင် အော်ရိုဗင်ဒိုကလည်း ဒဿနသဘော မပါသော ဘာသာရေးသည် ဥပါဒန်ဖြစ်၍ လောကဗိမာန်၏ တိုးတက်မှုကို အဟန့်အတား ပြု၏။ ဘာသာရေး သဘောမပါသော ဒဿနသဘော သက်သက်သည်လည်း လောက ဗိမာန်အတွက် အချည်းအနှီးသာ ဖြစ်၏ဟု ဆိုကြောင်း The Study Of Religions စာအုပ်၌ ဖတ်ရဖူး၏။

ဂေါတမ မြတ်စွာဘုရားသည် ထေရဝါဒ


www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဘာကို စတင်တည်ထောင်ခဲ့၏။ လွန်လေပြီး သော နှစ်ပေါင်း ၂၅၀၀ ကျော် ကာလဖြစ်၏။ အတိအကျ ဆိုရလျှင် နှစ်ပေါင်း ၂၅၇၀ရှိပေပြီ။ ထိုစဉ်ကဆိုလျှင် မြတ်စွာဘုရား၏ ဝါဒသစ်ကြောင့် တစ်သောင်းသော လောကဓာတ်သည် တုန်လှုပ်သွား ခဲ့၏။ လက်ရှိဝါဒ နှင့် အပြိုင် ဆန့်ကျင်သော ဝါဒ ဖြစ်၏။ လက်ရှိ ဝါဒကား အတ္တဝါဒ၊ မြတ်စွာဘုရား ၏ ဝါဒကား အနတ္တဝါဒ။ မြတ်စွာဘုရားက ခတ္တိယ၊ လက်ရှိကား ပြဟ္မဏ၊ မြတ်စွာဘုရား လမ်းစဉ်ကား မဇ္ဈိမပဋိပဒါ၊ လက်ရှိကား အစွန်းရောက်။

ဗုဒ္ဓဝါဒသည် ဘက်လိုက်သော ဝါဒမဟုတ်၊ ဗုဒ္ဓ သန္တာန်တော်၌လည်း ဘက်လိုက်တတ်သော ကိလေသာ ဟူ၍ မြူမျှပင် မရှိ။ ထိုထိုပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တ သန္တာန်၌ရှိသော ဣန္ဒြေ အနုအရင့်၊ စရိုက် နှင့် ပါရမီတို့ အရသာ အကျိုးစီးပွားကို ဆောင်ရွက် ပေးခြင်းဖြစ်၏။ ဘက်လိုက်ပြီး အကြမ်းဖက်၍ မည်သူကိုမျှ မိမိဘက်သို့ ပါအောင် သိမ်းသွင်း ဆွဲဆောင်ခြင်းမရှိ။ အားလုံးအပေါ် ညီမျှသော မဟာ ဂရုဏာတော်နှင့် ဉပါယကောသလ္လ ဉာဏ်တော် နှစ်ပါးကို အခြေခံ၍ မြတ်စွာဘုရားအဖြစ်သို့ ရောက် တော်မူခဲ့ခြင်း ဖြစ်ရာ မိမိ၏ ဗုဒ္ဓစက္ခု နှစ်ပါးဖြင့် မြင် တော်မူသည့် အတိုင်းသာ သတ္တဝါ တို့၏ အကျိုး စီးပွားကို ဆောင်ရွက်တော်မူ၏။

ထို့ကြောင့် ကမ္ဘာ့သမိုင်း၌ ဗုဒ္ဓဘာသာနှင့်


www.burmeseclassic.com

www.burmeseclassic.com


ပတ်သက်သော စစ်ပွဲများကို အကျယ်တဝင့် မဖော်ပြနိုင်ခြင်း ဖြစ်သည်။ ဗုဒ္ဓ ပရိနိဗ္ဗာန်မပြုမီ ကာလ အတွင်းဝယ် အိန္ဒိယ နိုင်ငံတော်၌ ထေရဝါဒ ဗုဒ္ဓ သာသနာတော်ပြန့်ပွားသည်မှာ အထူးပြောစရာ မလို၊ အရှိန်အဟုန်ပြင်းလှ၏။ ဝိနည်း သိက္ခာပုဒ် တော်များကို ပညတ်တော်မမူရမီ ကာလအထိ ထေရဝါဒ သာသနာတော်သည် သန့်ရှင်းလှ၏။

မြတ်စွာဘုရား၏ ဝါဆိုတော်စဉ် ဒေသများကို ကြည့်ခြင်းအားဖြင့် အိန္ဒိယ၌ မြတ်စွာဘုရားသခင်သည် ထေရဝါဒ အုတ်မြစ်ကို မည်မျှ ခိုင်မာစွာချခဲ့သည်ကို မှန်ကန်စွာသိနိုင်၏။ အမှန်အားဖြင့် မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလကပင် မဇ္ဈိမဒေသ၌ တိုင်းကြီး ၁၆တိုင်း ရှိပြီးသားဖြစ်၏။ သို့ရာတွင် ထိုတိုင်းကြီး၁၆တိုင်းတို့တွင် မဂဓတိုင်း၊ ကောသလတိုင်း၊ ကောသမ္ဗီတိုင်း၊ အဝန္တီတိုင်း၊ ဤတိုင်းကြီး လေးတိုင်းတို့သာ ကြီးကျယ်သော တိုင်းကြီးများ ဖြစ်ကြ၏။ ကျန်သော တိုင်းတို့သည် ဤတိုင်းကြီး လေးတိုင်းတို့၌ သင့်လျော်သလို ပါဝင်သွားကြ၏ဟု အိန္ဒိယ သမိုင်းဆရာတို့က ဆို၏။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလက ထိုတိုင်းကြီး လေးတိုင်းကို ဗဟိုပြု၍ တဖြည်းဖြည်းချင်း တိုးချဲ့ကာ တစ်ရွာဝင်၊ တစ်ရွာထွက်၊ တစ်မြို့ဝင်တစ်မြို့ထွက်၊ တစ်ပြည်ဝင် တစ်ပြည်ထွက်၊ တစ်တောဝင် တစ်တောထွက်ဖြင့်


www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓသာသနာတော်၌သက်ဝင်ယုံကြည်၍ ရှင်ရဟန်း ပြုလာကြသော နောက်ပါ သံဃာများ ခြံရံကာ ဒေသ အနှံ့ သာသနာပြု ကြွတော်မူခဲ့၏။ခရီးရှည် အဝေး ဆုံး ကြွရောက်တော်မူနိုင်သော မြတ်စွာဘုရား ပါ တကား။

လူသားများ၏ အနာဂတ် ချမ်းသာရေး အတွက်မိမိတို့၏ဘဝအဆောက်အအုံ ကိုထူထောင် ဆောက်လုပ်ရာတွင် ခိုင်မာသော ထေရဝါဒအုတ်မြစ် ကိုနောက်ဆုံးပရိနိဗ္ဗာန်ပြုတော်မူသည့်ကာလအထိ ဝမ်းတော်လားသည့် ဝေဒနာကို ခံစားတော်မူနေရ သည့် ကာလအတွင်း၌ပင် အနားယူတော်မမူဘဲ ဆောင်ရွက်တော်မူခဲ့၏။ ချတော်မူခဲ့၏။ မြတ်စွာ ဘုရားမှတစ်ပါး ထိုကဲ့သို့သော မဟာဂရုဏာရှင် မျိုးကို အိပ်မက်ထဲ၌ပင် သင်တွေ့နိုင်မည် မဟုတ်။ အကယ်၍ တွေ့နိုင်လိမ့်မည်ဟုကော သင် ထင်ပါ သလား။

နောက်အသောကခေတ်ရောက်လာပြန်၏။ ကလိင်္ဂစစ်ပွဲ ပြီးချိန်မှ စ၍ အသောကသည် ဗုဒ္ဓ သာသနာတော်၌ တကယ် သက်ဝင်ယုံကြည်ဖြစ် လာခဲ့၏။မြတ်စွာဘုရား၏ အဆုံးအမတော်များနှင့် ပတ်သက်၍ ကျောက်စာတိုင်ပေါင်း များစွာ စိုက် ထူခဲ့၏။ နိုင်ငံရပ်ခြား ရောက်အောင် ကိုးတိုင်း ကိုး ဌာနသို့ သာသနာပြုစေလွှတ်ခဲ့၏။ သားတော် မဟိန္ဒ နှင့် သမီးတော် သင်္ဃမိတ္တာတို့ကို သီဟိုဠ် ကျွန်းသို့


www.burmeseclassic.com

www.burmeseclassic.com


သာသနာပြု စေလွှတ်ခဲ့၏။ တက္ကသိလ၊ မထူရာ၊ ဥဇ္ဇေနီ၊ နာလန္ဒ ဟူ၍ တက္ကသိုလ်ကြီး လေးခုကို လည်း တည်ထောင်ခဲ့၏။ ယခု ဗီဟာပြည်နယ်သည် ဝိဟာရ ဟူသော ပါဠိဝေါဟာရပျက် ဖြစ်၏။ သို့ဖြစ် လျှင်ထိုစဉ်က ဘုန်းတော်ကြီး ကျောင်းပေါင်း မည်မျှ ဗီဟာပြည်နယ်၌ ရှိလိမ့် မည်ကို ခန့်မှန်းနိုင်၏။

ထို့နောက် အမျိုးသမီးများအတွက် ပညာရေး နှင့် ပတ်သက်ပြီး စီစဉ်ဆောင်ရွက်မှုများ၊ ဆေးရုံနှင့် ဆေးပေးခန်းများ၊ လမ်းများ၊ တံတားများ၊ ရေတွင်း ရေကန်များ၊ ပြည်သူ့ဥယျာဉ်များ၊ တိရစ္ဆာန်ဆေးကု ဌာနများ စသည်ဖြင့် ကောင်းမှုပေါင်း မျိုးစုံအောင် ဆောင်ရွက်သွားခဲ့၏။

အသောကသည် ဘီစီ၂၆၈တွင် နန်းတက်၍ ဘီစီ ၂၂၆ တွင် နတ်ရွာစံခဲ့၏။ အသောကသည် စစ်ပွဲများစွာကို အောင်မြင်ပြီးနောက် စစ်ကိုလုံးဝ စွန့်လွှတ်လိုက်သော ဘုရင် တစ်ပါးဖြစ်၏။ အိန္ဒိယ တောင်ပိုင်းရှိ ဒေသအစိတ် အပိုင်းလေး တစ်ခုမှ တစ်ပါး အိန္ဒိယ တစ်ပြည်လုံးသည် သူ့လက်အောက် ရောက်ခဲ့၏။ အမှန်အားဖြင့် ထိုဒေသငယ်သည် သူ စစ်ကို မုန်းတီး၍ မတိုက်ယူခဲ့ခြင်းဖြစ်၏။ သူ မတိုက်နိုင်၍ မတိုက်သည်တော့မဟုတ်။

အသောက နတ်ရွာစံပြီးနောက် နှစ်ပေါင်း ၆၀၀ ကျော်ခန့် ကြာသောအခါ အိန္ဒိယသို့ ရောက် လာသော တရုတ်ရဟန်းတော် ဖာဟီယန်းသည်


www.burmeseclassic.com

www.burmeseclassic.com


အသောကမင်းကြီး၏ ကျောက်သားနန်းတော်ပျက်ကို မြို့တော် ပါဋလိပုတ်၌ တွေ့ရ၏။ ဤနန်းတော်ပျက်သည် လူသာမန်တို့ ဆောက်လုပ်နိုင်သော နန်းတော် အမျိုးအစား မဟုတ်ကြောင်း သူ၏ မှတ်တမ်း၌ ဖော်ပြထားခဲ့သည်ဟု ဆို၏။

အသောကသည် ဖော်လဂါမှ ဂျပန် တိုင်အောင် ကျော်ကြားခဲ့၏။ အသောကသည် ပြည်ပ တိုင်းပြည်များစွာနှင့် ဆက်ဆံခဲ့၏။ အရှေ့နှင့်လည်း ဆက်ဆံခဲ့၏။ အနောက်နှင့်လည်း ဆက်ဆံခဲ့၏။ စီးပွားရေး သဘောလည်းပါ၏။ နိုင်ငံရေးသဘောလည်းပါ၏။ ဘာသာရေးသဘောလည်း ပါ၏။ သို့ရာတွင် မည်သည့်အရေးပါပါ အသောကသည် စစ်မှန်သော ဗုဒ္ဓဝါဒီတစ်ဦး အနေဖြင့် ထေရဝါဒကို အနှစ်သာရသို့မဟုတ် အုတ်မြစ်ပြု၍ အခြားဆိုင်ရာ ဆိုင်ရာ ဝါဒများနှင့် ဆက်ဆံရေးများကို အသွင်သဏ္ဌာန် သို့မဟုတ် အပေါ်ထပ် အဆောက်အအုံ အဖြစ်သာ သဘောထားပြီး၊ တကယ်တမ်း စစ်မှန်သောမေတ္တာစေတနာအပြည့်အဝဖြင့် တစ်ဖက်သား အပေါ် လေးလေးစားစား ဆက်ဆံသည့် ဧကရာဇ် တစ်ဦးသာဖြစ်လိမ့်မည်။

အသောကမင်းကြီးနှင့် ပတ်သက်၍ သမိုင်းဆရာ အိပ်ချ်ဂျီဝဲလ်က လူ့လောက၏ အစီးအပွားအတွက် ဆောင်ရွက်ကြသော ဘုရင်များ၊ ဧကရာဇ်များတွင် အသောကသည် “တစ်ပွင့်တည်းသော


www.burmeseclassic.com

www.burmeseclassic.com


ကြယ်"ဟု ဆိုရမလောက် ကမ္ဘာ့သမိုင်း၌ ထွန်းလင်းခဲ့သူဖြစ်ကြောင်း ဖော်ပြထားပေသည်။ မြန်မာပြည် ဗုဒ္ဓဘာသာ အနေဖြင့်မူ အသောက မင်းကြီးကို ပြော၍မကုန် ဆို၍မခန်းသော ဘုန်း တန်ခိုးများနှင့် ပြည့်စုံသူအဖြစ် ဘာသာရေးဆိုင်ရာ မှတ်တမ်းများ၌ ဂုဏ်ပြု ဖော်ပြထားကြပေသည်။

ကွယ်လွန်သူ အိန္ဒိယ ဝန်ကြီးချုပ် ရှရီနေရူး ဘာသာပြန်သည့် အသောက ကျောက်စာတစ်ခု၌ "သန်းနှင့်ချီသော စစ်ပွဲများကို အောင်နိုင်စေကာမူ ထိုသူသည် တကယ့်စစ်ပွဲကို အောင်နိုင်သူမဟုတ်၊ တစ်ယောက်တည်းသော မိမိကိုယ်ကို အောင်မြင်သူ သည်သာလျှင် တကယ့်စစ်ပွဲကို အောင်မြင်သူ ဖြစ် ပေ၏"ဟူ၍ ဖော်ပြထားပါသည်။ ဤဖော်ပြချက်မှာ ဓမ္မပဒဂါထာ ၁၀၃ "ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ" ဟူသော ဟောကြားချက်နှင့် ထပ်တူ ဖြစ်နေပေရာ၊ အသောကမင်းကြီး ချမှတ်ခဲ့ သော ထေရဝါဒ အုတ်မြစ်သည် မည်မျှ ခိုင်မာ ကြောင်း မှန်းဆနိုင်ပါ၏။

အေဒီ ၁ ရာစုလောက်မှ စ၍ အိန္ဒိယနိုင်ငံသား များသည် အရှေ့ဘက်တစ်လွှားသို့ နယ်မြေ ချဲ့ခဲ့ကြ ၏။ အေဒီ ၉ ရာစုခန့်တွင် "သိရိဝိဇယ"နိုင်ငံတော် ကို ထူထောင်ပြီးသား ဖြစ်၏။ စုမတ္တရာအင်ပိုင်ယာ ဟူ၍လည်း ဆို၏။ သီဟိုဠ်ကျွန်းမှ ကန်တုန်အထိ ကျွန်းစုများစွာ ပါဝင်၏။ အင်ဒိုချိုင်းနား၊ မလေးရှား၊


www.burmeseclassic.com

www.burmeseclassic.com


ကမ္ဘောဒီးယား၊ ထိုင်း စသည်တို့သည် ထိုခေတ် ဗုဒ္ဓဘာသာ နိုင်ငံများ ဖြစ်ကြ၏။ ဗိုရိုဗိုဒုရ် စသော ရှေးခေတ် ဗုဒ္ဓဘာသာ အဆောက်အအုံပျက်များ သည် ယခုတိုင် သက်သေ ခံအဖြစ် ရှိဆဲဖြစ်၏။

ဆဋ္ဌသံဂါယနာ တင်ချိန်တွင်မူ ထေရဝါဒ ငါးနိုင်ငံသာ ရှိတော့၏။ ယခုဆိုလျှင် ငါးနိုင်ငံကိုပင် ပြည့်အောင်ရေတွက်၍မရတော့သော အခြေအနေ သို့ ရောက်ပေပြီ။ သူများနိုင်ငံကို ဖယ်ထားလိုက်ဦး၊ မိမိတို့၏ မြန်မာနိုင်ငံကိုပင် ပြန်ကြည့်ပါက အတိကျ ဆုံးသော အဖြေကို တွေ့ရ၏။ မြန်မာနိုင်ငံ၌ ထေရ ဝါဒ အုတ်မြစ်ကို ပုဂံခေတ်ကပင် စ၍ ချသည်ဆိုဦး၊ နှစ်ပေါင်း တစ်ထောင်နီးပါး ရှိချေပြီ။ အသောက မင်းကြီး အုပ်စိုးစဉ်ကလို ထေရဝါဒအုတ်မြစ် ခိုင်ပြီ လား၊ အနော်ရထာ အုပ်စိုးစဉ်ကလို ထေရဝါဒ အုတ်မြစ် ခိုင်ပြီလား။

စိတ္တဗေဒပညာရှင်များ၏ အဆိုအရ "ဘဝ အုတ်မြစ်"ကို ချရန် အချိန်သည် အသက်နှစ်ဆယ် အရွယ် ဖြစ်သည်ဟု ဆို၏။ ဗြာဟ္မဏကျမ်းစာများ တွင်မူအသက် နှစ်ဆယ့်ငါးနှစ်အထိ သတ်မှတ်၏။ ထိုကာလ အပိုင်းအခြားအတွင်း သင်ကြားခဲ့ရသော အတတ်ပညာများ၊ အသိပညာများ၊ အတွေ့အကြုံ များသည် စရိုက်နှင့် ဉာဏ်အဆင့်သို့ ကူးပြောင်းပြီး မိမိ၏ အနာဂတ်အတွက် ဆုံးဖြတ်စရာ ပြဿနာပေါ် လေတိုင်း "အားကြီးသော မသိစိတ်" အသွင်ဖြင့်


www.burmeseclassic.com

www.burmeseclassic.com


ဖိအားပေးတော့၏။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထိုဘဝအုတ်မြစ်၏ အတွေ့အကြုံအပေါ် အခြေခံ၍ လောလောဆယ်ပြဿနာ ကို ဖြေရှင်းကြ၏။ ထိုသို့ ဖြေရှင်းကြသော်လည်း မိမိတို့၏ စရိုက်နှင့် ဉာဏ်အဆင့်သို့ တဖြည်းဖြည်း ချင်း ရောက်နေသော မသိစိတ်၏ တွန်းအားပေးမှု အရ ဆုံးဖြတ်မိမှန်း သူကိုယ်တိုင်ပင် မသိလိုက်။

မသိစိတ်ဟူသည် ထိုမျှလောက် အင်အားကြီးပါ၏။ ဤမသိစိတ်ကား ပစ္စုပ္ပန် မသိစိတ် အဆင့်မျှသာ ရှိသေး၏။ ပစ္စုပ္ပန် မသိစိတ်ကို ပံ့ပိုးပေးနေသော၊ အစမထင် သံသရာမှ စခဲ့သော ကိလေသာ စရိုက်များကား ဒုနဲ့ဒေးပင် ဖြစ်၏။ ထိုစရိုက်ဆိုးများ သဘောကို သိသော ဘာသာ တရားများလည်း ရှိပါ၏။ သို့ရာတွင် စရိုက်ဆိုးများကို မြစ်ဖြတ်ပယ်သတ်နိုင်သော ဘာသာတရားဟူ၍ ဗုဒ္ဓဘာသာကို ကမ္ဘာ့တရား အပေါင်းတို့တွင် "အနိုင်းမဲ့" ဘာသာတရား အဖြစ် ယုံကြည်ခြင်း ဖြစ်၏။ **လူသာရင်** ကွန်ဖရင့်၌ တင်သွင်းသော ၁၉၆၂ ခုနှစ် ဘာသာရေး စာရင်းဇယားအရ

| | | |
|---|---|---|
| ၁။ | ခရစ်ယာန်ဘာသာ | ၈၅၀ သန်း |
| ၂။ | ကွန်ဖြူးရှပ် | ၃၃၇ သန်း |
| ၃။ | အစ္စလာမ် | ၃၅၀ သန်း |
| ၄။ | ဟိန္ဒူ | ၃၂၅ သန်း |


www.burmeseclassic.com

www.burmeseclassic.com


၅။ ဗုဒ္ဓဘာသာ ၁၅၀ သန်း
၆။ တာအို ၅၀ သန်း
၇။ ရှင်တို ၃၄ သန်း
၈။ နတ်ကိုးကွယ်သည့်ဘာသာ ၁၃၀ သန်း
၉။ အခြား ၅၄၃ သန်း

ဟူ၍ ဖော်ပြထားကြောင်း တွေ့ရ၏။ ဘာသာတရားတိုင်းတွင် (က) ယုံကြည်မှု၊ (ခ) အမျိုးသား ယဉ်ကျေးမှု၊ (ဂ) လက်ရှိလူမှုရေး အခြေအနေကို အခြေခံကြသည်ချည်း ဖြစ်၏။ ဘာသာတရား တစ်ခုသည် အထက်ဖော်ပြပါ အတိတ်နှင့် ပစ္စုပ္ပန် ပူးပေါင်းထားသော ကိလေသာ စရိုက်ဆိုးများကို မသိစိတ် အဖြစ်မှ မည်မျှသော အတိုင်းအတာအထိ ဖယ်ရှားနိုင်စွမ်း ရှိသနည်း။ ဤအချက်အပေါ်မူတည်၍ ယင်း၏တန်ဖိုးကို ဆုံးဖြတ်ရ၏။

နှစ်ပေါင်း ၂၅၀၀ ကျော်ကာလ အတွင်း ဖော်ပြခဲ့သော အထောက်အထားများအရ "ထေရဝါဒအစုတ်မြစ်" ဟူသည် ကျောက်သားများ၊ သံများ၊ အုတ်များ၊ အင်္ဂတေများ မဟုတ်။ အဆောက်အအုံနှင့် အဆောက်အအုံဆိုင်ရာ ပစ္စည်းဟူသမျှတို့သည် တစ်ချိန်က မည်မျှပင် လက်ရာမြောက်စေကာမူ နောက်ဆုံးတွင်မူ ဘာသာရေးတွင် တန်ဖိုး မရှိလှတော့ဘဲ ရှေးဟောင်းသုတေသန အတွက်သာ အသုံးကျတော့၏။

ထို့ကြောင့် "ထေရဝါဒအစုတ်မြစ်" ဟူသည်


www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ကျင့်သိက္ခာသာ ဖြစ်၏။ ကိုယ်ကျင့်သိက္ခာတွင် သီလလည်းပါ၏။ သမာဓိလည်း ပါ၏။ ပညာလည်း ပါ၏။ ထေရဝါဒ ကိုယ်ကျင့် သိက္ခာသည် "ကံ[၁]"ကို အရှုံးပေးသော ကိုယ်ကျင့် သိက္ခာမျိုး မဟုတ်၊ ကံကို အနိုင်တိုက်၍ "ကြိယာ[၂]" အဖြစ်သို့ ရောက်အောင် စွမ်းဆောင်နိုင်သော ကိုယ်ကျင့် သိက္ခာမျိုးဖြစ်၏။ ယင်းကိုယ်ကျင့်သိက္ခာမျိုး ထူ ထောင်နိုင်ရန်သာ ရည်စူး၍ ထေရဝါဒ အုတ်မြစ်ကို ချခြင်းဖြစ်၏။ ထိုအုတ်မြစ်မျိုးချနိုင်ရန် "ပါရမီ" လို၏။ အလေ့အကျင့် လို၏။ သတ္တိရှိဖို့လည်း လို၏။ ရဲရင့်ခြင်း၊ သတ္တိရှိခြင်းဟူသည် "ပါရမီ" သဘော မပါဘဲ တွေး၍ပင် ရကောင်းသော အရာ များ မဟုတ်။

ထို့ကြောင့် အသချေင်္ယျ သတ္တဝါအုပ်စုတွင် တစ်ခုအနေဖြင့် ပါဝင်ခဲ့ရသော လူတို့သည် လောက၏ အစီးအပွားကို တကယ်တမ်း ရိုးရိုးသားသား ဆောင်ရွက်ချင်ရိုးမှန်လျှင်၊ "ငါ"ကို ရှေ့တန်းတင်မည်လား၊ "လောက"ကို ရှေ့တန်းတင်မည်လား။ ဤမေးခွန်းများ၏ အဖြေကို မိမိဘာသာ မိမိ ဖြေရန်သာ ဖြစ်ပါ၏။ ဤမေးခွန်း၏ အဖြေများ အပေါ်တွင် "ထေရဝါဒ အုတ်မြစ်ခိုင်မှု"သည် အတိုင်းအဆမရှိ တည်ပါ၏။

---

၁။ တဏှာလောဘ မကုန်သေးလျှင် "ကံ" ကို "ကံ" ဟု ဆို၏။

၂။ တဏှာလောဘ ကုန်မှ "ကံ" ကို "ကြိယာ" ဟု ဆို၏။


www.burmeseclassic.com

www.burmeseclassic.com

## ၂
## ရှင်အသဒ်၏ ကိုယ်ကျင့်သိက္ခာကြောင့် ရှင်သာရိပုတ္တရာ ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့သည်

မြတ်စွာဘုရား၏ သာသနာတော်သည် အိန္ဒိယ၌ ဘီစီ ၆ရာစုမှ စခဲ့၏။ အေဒီ ၁၂ရာစု၌ ကွယ်ခဲ့၏။ အကြမ်းဖျင်းအားဖြင့် မြတ်စွာဘုရား၏ သာသနာတော်သည် ပင်ရင်းဌာန၌ နှစ်ပေါင်း ၁၈၀၀ခန့်မျှ သာရပ်တည်နိုင်ခဲ့၏။ပြည်တွင်းအန္တရာယ်၊ ပြည်ပ အန္တရာယ်များကြောင့် ကွယ်ပျောက်ခဲ့ရ၏။ထို အန္တရာယ်များနှင့်ပတ်သက်၍ အယူကွဲပြားမှု ရှိ၏။

အချို့သော သမိုင်းဆရာများက ဗြာဟ္မဏဝါဒ က ဝါးမျိုပြီး တန္တရယာနနှင့် ရောနှောသွားသော ကြောင့် ဗုဒ္ဓသာသနာသည် အိန္ဒိယမှ ပျောက်ကွယ် သွားရခြင်း ဖြစ်သည်ဟူ၍လည်းကောင်း၊ နောက်ဆုံး အေဒီ ၈ရာစုတွင် ဗြာဟ္မဏပညာရှင် “ရှံကရ” ၏ ထိုးနှက်ချက်ကြောင့် ကွယ်ပျောက်သွားရခြင်း ဖြစ်သည်ဟူ၍ လည်းကောင်း ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com


အချို့သော သမိုင်းဆရာများကမူ အစ္စလာမ် ဘာသာဝင်များ၏ ဖိနှိပ်မှုကြောင့် ပျောက်ကွယ်သွားရခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

မည်သို့ဆိုစေ ထေရဝါဒ၏ ထိုစဉ်က ဗဟိုချက်ချာဖြစ်သော အိန္ဒိယတောင်ပိုင်း ပလ္လဝနိုင်ငံတော် "ကံစီပူရ" (ယခု **ကွန်ဂျီဗာရမ်**) မှ လွင့်ထွက်သွားရ တည်းက ထေရဝါဒသာသနာသည် အိန္ဒိယမှ ပျောက်ကွယ်သွားပြီဟုဆိုရမည်ဖြစ်ပါသည်။အမှန် အားဖြင့် ဗုဒ္ဓဘာသာ သာသနာသည် ဗြာဟ္မဏဝါဒ နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရင်း "ဟာနေ့ာပါ ဒါန" (အလျှော့အတင်း) သဘောတရားအရ မဟာယာန အဖြစ်သို့ပြောင်းလဲသွားရခြင်း ဖြစ် ပေသည်။ နောက်မှ တန္တရ ယာန၊မန္တရ ယာန၊ယန္တရ ယာနများနှင့် ရောနှောရင်း အိန္ဒိယမှ ပြည်ပသို့ ရောက်သွားရခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဝါဒသည် မဟာယာန အမည်ဖြင့်ပင် နေရစေဦး၊ မိခင်ဒေသ အိန္ဒိယမှ မခွာလို။ သို့ရာ တွင် အတ္တဝါဒဖြစ်သော ဗြာဟ္မဏဝါဒက မဟာယာန ဝါဒမှ ရနိုင်သလောက် အဆီကို ညှစ်ထုတ် စုပ်မျိုပြီး နောက်ဆုံး၌ မဟာယာန ဝါဒကိုပါ အိန္ဒိယမြေမှ နှင်ထုတ်ခဲ့၏။ သို့ရာတွင် ဗြာဟ္မဏ ဝါဒ၌ မဟာ ယာန၏ အယူများ များစွာ စိမ့်ဝင်ပျံ့နှံ့လျက် ကျန်ရစ်ခဲ့၏။ ဗြာဟ္မဏဝါဒ ခေါင်း ဆောင် "ရှံကရ" ကိုပင် ဗြာဟ္မဏဝါဒီ အယောင်ဆောင် ဗုဒ္ဓဘာသာဝင်ဟူ၍


www.burmeseclassic.com

အခြားသော ပြာဟ္မဏ ဝါဒီများက စွပ်စွဲသည့်အထိ ပြာဟ္မဏဝါဒ၌ မဟာယာန အတွေးအယူများ အနည်းထိုင်ခဲ့သည်မှာ ထင်ရှားပါ၏။ ချမ်းသာတုကိုသာ ချမ်းသာစစ်အဖြစ် နားလည်သော ပြာဟ္မဏဝါဒသည် တကယ်ချမ်းသာစစ်ကို ဖော်ပြသော ဗုဒ္ဓဝါဒကို အိန္ဒိယ၌ အဘယ်သို့လျှင် နေခွင့်ပြုနိုင်ပါမည်နည်း။

အတ္တကို ခိုင်မာစေရန် ရယူခြင်း၌ ချမ်းသာကို မြင်တတ်သော ပြာဟ္မဏဝါဒသည် အတ္တကို ပယ်သတ်ရန် စွန့်လွှတ်ခြင်း၌ ချမ်းသာကို မြင်တတ်သော ဗုဒ္ဓဝါဒနှင့် အဘယ်သို့လျှင် ယှဉ်ပြိုင်၍ "တစ်ဂူ" တည်း၌ အတူ "အောင်း"နိုင်ပါမည်နည်း။ မရလျှင် ရသလို နှင်ထုတ်မည်မှာ ယုံမှားစရာမရှိ။ အိန္ဒိယသည် ဝါဒရေးရာ နယ်ပယ်၌ "စာရ်ဝက" ကဲ့သို့သော "လောကယတ" ဝါဒများကိုပင် လက်ခံ ခွင့်ပြုနိုင်သဖြင့်အလွန်အမင်း သဘောထားကြီးသော နိုင်ငံအဖြစ် ကျော်ကြားသည်မှာ မှန်၏။

သို့ရာတွင် ဗုဒ္ဓဝါဒကား သီးခြားပန်းတိုင်ရှိ၏။ "စာရ်ဝက" ကဲ့သို့သော "လောကာယတ" ဝါဒများကလည်း သီးခြား ပန်းတိုင် ရှိကြ၏။ ပြာဟ္မဏဝါဒ အပါအဝင် လောကာယတဝါဒ ဟူသမျှတို့က သံသရာချမ်းသာကို အမြင့်ဆုံးပန်းတိုင်အဖြစ် သဘောထားကြ၏။ ဗုဒ္ဓဝါဒကား သံသရာသုခထက် ပိုမိုမြင့်မားသော "သန္တိသုခ"ကို ပန်းတိုင်


www.burmeseclassic.com

www.burmeseclassic.com


အဖြစ်ထား၏။ သို့ဖြစ်လျှင် အိန္ဒိယပြည်သည် ဘာသာရေးနယ်ပယ်၌ "သံသရာ သုခ"ကို ပန်းတိုင် အဖြစ် သဘောထားသော မိမိနှင့် ပန်းတိုင်တူ ဝါဒ များ အပေါ် ထိုခေတ်က သဘောထားကြီးနိုင်သော် လည်း မိမိနှင့် ပန်းတိုင်ခြင်းမတူသော ဗုဒ္ဓဝါဒအပေါ် သဘောထားကြီးကြီး ထားနိုင်ဖို့ ခဲယဉ်းမည်မှာ အံ့သြစရာ မဟုတ်ပေ။

မြန်မာပြည်သို့ ထေရဝါဒသာသနာ ရောက် သည်မှာ ကြာမြင့်လေပြီ။ သီရိဓမ္မာသောကမင်းကြီး ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်စဉ်က ပင် ဖြစ်၏။ သက္ကရာဇ်အရ ဆိုရလျှင် ဘီစီ ၃ရာစု ကာလပင်ဖြစ်၏။ သမိုင်းကျောက်စာ အထောက် အထား မရှိစေကာမူ မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ် ကာလကပင် မြန်မာပြည်သို့ မြတ်စွာ ဘုရား ကိုယ်တော်တိုင် ကြွရောက်တော်မူခဲ့ကြောင်း ဗုဒ္ဓဘာသာဝင် အားလုံးလိုလိုပင် ယုံကြည်ကြပေ သည်။

မြန်မာပြည်သို့ ထေရဝါဒ ရောက်လာရာတွင် ဗြာဟ္မဏဝါဒအပေါ် ဗုဒ္ဓဝါဒ၏ အရှိန်သြဇာ လွှမ်းမိုး မှု ရှိခဲ့သလို ဗုဒ္ဓဝါဒအပေါ် ဗြာဟ္မဏဝါဒ၏ အရှိန် သြဇာ လွှမ်းမိုးမှု မရှိ။ တတိယ သင်္ဂါယနာတွင် ထေရဝါဒ၏ အညစ်အကြေး အားလုံးကို သန့်စင် အောင် လုပ်ပြီးမှ တိုင်းတစ်ပါး သို့ သာသနာပြု စေ လွှတ်ခြင်းကြောင့်ဖြစ်၏။ သို့ဖြစ်၍ ထိုစဉ်က မြန်မာ


www.burmeseclassic.com

www.burmeseclassic.com


ပြည်၌ ဗုဒ္ဓဝါဒသည် ထေရဝါဒစစ်စစ်သာ ဖြစ်၏။ အရောအနှော မရှိ၊ သန့်စင်၏။

နောက်ပိုင်း အိန္ဒိယပြည်က အရှေ့ဘက် တစ်လွှားသို့ ကိုလိုနီစနစ်ကို ကျင့်သုံးပြီး ဗြာဟ္မဏ လူမျိုးများ မြန်မာပြည်သို့ ဝင်ရောက်လာရာမှ သူတို့နှင့် အတူ ဗြာဟ္မဏဝါဒများ ပါလာခြင်း ဖြစ်၏။ ထိုအချိန်မှာ အေဒီ ၁ ရာစုလောက်က ဖြစ်၏။ ထို့နောက်ပိုင်းမှ ဗြာဟ္မဏဝါဒ၊ တန္တရယာန၊ မန္တရယာန၊ ယန္တရယာများ တဖြည်းဖြည်း ရောက်လာခြင်း ဖြစ်၏။

မြန်မာပြည်၏ လက်ရှိအခြေအနေကို တင်ပြရလျှင် မိမိ၏ တာဝန်ကို ကျေပွန်အောင် မဆောင်ရွက်ဘဲ ခုတ်ရိုက်၊ ယတြာဆင်ပြီး ရာထူးတက်လိုသူများ၊ စီးပွားဥစ္စာ တက်လိုသဖြင့် ဂါထာမန္တန်ရွတ်သူများသည် တန္တရယာန၊ မန္တရယာန၊ ယန္တရယာန အယူများကို ထေရဝါဒ မျက်နှာဖုံးစွပ်ပြီး ထေရဝါဒ၏ အတွင်းရန်သူများ ဖြစ်မှန်းမသိ ဖြစ်နေကြလေသည်။ ရှေးယခင်က ဆိုလျှင် အဆောက်အအုံများတွင် "အရဟံ" ဟူသော ဂုဏ်တော်များ ရေးထားသည်ကို တွေ့ရ၏။ ယခုမူ ယင်းနေရာ၌ "ဥုံမဏိ ပဒ္မေ ဟုမ်" ဟူသော တိဘက် မန္တရကို တွေ့ရ၏။

**ဥုံ**-သည် ဗြာဟ္မဏ ဝါဒအရ "သစ္စာ" တရား ဖြစ်၏။ **မဏိ**-သည် တန္တရဝါဒအရ "အဖို"


www.burmeseclassic.com

www.burmeseclassic.com


ခါတ် ဖြစ်၏။ **ပဒ္ဒေ**-သည် "အမ"ခါတ်ဖြစ်၏။ **ဟုမ်**- သည် လျှပ်စစ်အဖိုနှင့် ပေါင်းလိုက်သော အခါ အလင်းရောင် ထွက်လာသကဲ့သို့ **မဏိ**နှင့် **ပဒ္ဒေ**ကို ပေါင်းလိုက်သောအခါ ဗောဓိဉာဏ် ထွက်လာ၏ဟု Philip Rawson ၏ The Art of Tantra စာအုပ်၌ ဆိုထားပေသည်။ တကယ် ဗောဓိဉာဏ် ထွက်သည်၊ မထွက်သည်ကိုမူ သုံးဖူးသူများသာ သိပေလိမ့်မည်။ ဝိပဿနာနှင့် ကင်း၍ "ဗောဓိ ဉာဏ်"မည်သည် မထွက်ပေါ်နိုင်ကြောင်းကိုမူ ထေရ ဝါဒက ဆို၏။

မြန်မာနိုင်ငံ၌ ထေရဝါဒ သာသနာ ထွန်း ကားလျက် ရှိသည် ဆိုသော်လည်း ဘယ်ဟာက ထေရဝါဒ ဘယ်ဟာက ပြာဟ္မဏဝါဒ၊ ဘယ်ဟာက တန္တရဝါဒ စသည်ဖြင့် ခွဲခြားသိအောင် လေ့လာရန် လိုအပ်ပါ၏။ သို့မဟုတ်ပါက မြန်မာပြည်သည် လည်း အောက်လမ်းနည်းများ၏ လွှမ်းမိုးမှုကြောင့် တစ်ချိန်တုန်းက ထေရဝါဒ ထွန်းကားခဲ့ဖူးသည်ဟု ပြောစမှတ် ပြုရရုံအဆင့်သို့ လျှောကျ သွားပြီး အမည် ခံ ထေရဝါဒနိုင်ငံ အဖြစ်သို့ ရောက်သွားပေလိမ့် မည်။

ဖော်ပြပါ ဝါဒများအနက် ထေရဝါဒနှင့် ပြာဟ္မဏဝါဒတို့ကို အထူးဖော်ပြစရာ မလိုသော် လည်း တန္တရဝါဒ၊ မန္တရဝါဒ၊ ယန္တရ ဝါဒများကိုမူ အနည်းငယ် ဖော်ပြဖို့ လိုပါမည်။ တန္တရဝါဒဟူသည်


www.burmeseclassic.com

www.burmeseclassic.com


အစွမ်းထက်သော ဂါထာမန္တန်များကို သုံးစွဲပုံ၊ သုံးစွဲနည်းနှင့်တကွ ဖော်ပြသောဝါဒ ဖြစ်၏။

မန္တရဝါဒဟူသည် အစွမ်းထက်သော ဂါထာမန္တန်များဖြင့် မိမိ လိုအပ်သောအကျိုး ပြီးမြောက်အောင် ရွတ်ဖတ် မန်းမှုတ်မှု၌ သက်ဝင်ယုံကြည်သော ဝါဒ ဖြစ်၏။ မန္တရဝါဒသည် "အသံ"ကို အလေးထား၏။

ယန္တရဝါဒဟူသည် အင်းချပ်များ၊ စက်ဝိုင်းများနှင့် အခြားဖိုမ ရုပ်ပုံများတွင် အက္ခရာများကို စနစ်တကျ ထည့်သွင်း အသုံးပြုခြင်း၌ သက်ဝင်ယုံကြည်သော ဝါဒဖြစ်သည်။ ယန္တရဝါဒသည် "အမြင်"ကို အလေးထား၏။

ထေရဝါဒသည် မည်သည့်သဘောတရားနှင့် မည်သည့်ဘာသာဝင်များ အပေါ်၌ ငြူစူဝန်တိုသော ဝါဒမဟုတ်။ ထေရဝါဒ၏ မူရင်း ရည်ရွယ်ချက်မှာ ပါဠိ ဝေါဟာရဖြင့် "ဗဟုဇနဟိတာယ၊ ဗဟုဇန သုခါယ"ဟူ၍ ဖြစ်၏။ မြန်မာဝေါဟာရအားဖြင့် ဆိုရလျှင် ထေရဝါဒသည် လူအပေါင်း အစီးအပွား ဖြစ်ထွန်းရေးနှင့် လူအပေါင်း ချမ်းသာသုခဖြစ်ထွန်း ရေး အတွက်သာ ဖြစ်ပေ၏။

ထေရဝါဒနှင့် ပတ်သက်၍ အသောကမင်းကြီး၏ ကျောက်စာတစ်ချပ်မှ စာပိုဒ်တစ်ခုကို အိန္ဒိယဝန်ကြီးချုပ် နေရူး(ကွယ်လွန်)က ဤသို့ ဘာသာပြန်ဆိုထားလေသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဘာသာတရား ဟူသမျှသည် တစ်မျိုးမဟုတ်၊ တစ်မျိုးသော အကြောင်းများကြောင့် ကြည်ညိုလေးစား ထိုက်သည်ချည်း ဖြစ်၏။ သို့ရာတွင် ဘာသာဝင် တစ်ဦးတစ်ယောက်သည် မိမိ၏ ဘာသာတရားကို အထွတ်အထိပ်သို့ ရောက်အောင် ဆောင်ရွက်စဉ် အခြားဘာသာဝင်များ၏ ဘာသာတရားများကိုလည်း မြင့်မားအောင် ဆောင်ရွက်ခွင့်ပြုရ၏။"(Glimpses of World History; p. 65)

ထေရဝါဒ၏ အဓိက ရည်ရွယ်ချက်မှာ အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း သိနိုင်သော ယထာဘူတဉာဏ် ရရှိရေးပင် ဖြစ်၏။ ထို့ကြောင့် ဘယ်ဟာက ထေရဝါဒ၊ ဘယ်ဟာက ပြာဟ္မဏဝါဒ၊ ဘယ်ဟာက တန္တရဝါဒ စသည်ဖြင့် အမှန်အတိုင်း ခွဲခြားသိဖို့အတွက် လေ့လာရန် လိုအပ်၏ ဟု ဆိုခြင်း ဖြစ်၏။ အဆိပ်ကို အဆိပ်မှန်း သိလျှင် အဆိပ်ကို ဆေးအဖြစ် အသုံးပြုနိုင်သည် မဟုတ်ပါလား။ ယထာဘူတဉာဏ်ကို ရလျှင် နိဗ္ဗိန္ဒဉာဏ်ကိုရမည်။ ထို့နောက် မဂ်ဉာဏ်သည် တစ်နေ့နေ့တွင် မလွဲမသွေပေါ်လာမည် ဖြစ်ပေသည်။ သို့ရာတွင် ထို "တစ်နေ့နေ့"သည် မည်သည့်နေ့ ဖြစ်သည်ကိုတော့ အတိအကျမသိ။ ယနေ့ဖြစ်ချင် ဖြစ်မည်၊ နောင် ရရက် ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် နောင်ဘဝပေါင်းများစွာ ဖြစ်ချင်ဖြစ်မည်။ ထိုနေ့သည်


www.burmeseclassic.com

www.burmeseclassic.com


မိမိ၏ ပါရမီပြည့်မှု၊ လမ်းစဉ်မှန်ကန်မှုနှင့် ကြိုးစားမှုအပေါ်၌ တည်ပေသည်။

အရဏ်တက်လျှင် နေထွက်ဖို့ သေချာသကဲ့သို့ ယထာဘူတဉာဏ်ရလျှင် နိဗ္ဗာန္ဒဉာဏ်ရဖို့ သေချာသည်ကား အမှန်။ နိဗ္ဗန္ဒဉာဏ် ရပြီဆိုလျှင်တော့ မဂ်ဉာဏ်ကို ရနိုင်မည်ဖြစ်ကြောင်း ဒေသနာတော်၌ လာ၏။ ဤသည်မှာ ထေရဝါဒ၏ ပန်းတိုင် ဖြစ်ပါသည်။

ကျွန်တော်တို့သည် ထေရဝါဒ ပန်းတိုင်ကို သိကြ၏။ ထေရဝါဒ ပန်းတိုင်အရ ဤလောက၌ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ရုပ်နှင့်နာမ်သာရှိ၏။ သို့ရာတွင် ကျွန်တော်တို့သည် ရုပ်နှင့်နာမ်ကို မမြင်သေး၊ ပုဂ္ဂိုလ် သတ္တဝါကိုသာ မြင်ရသောအဆင့်၌ နေကြ ၏။ ဤအဆင့်သည် လူ့လောကတွင် အရေးကြီးဆုံးအဆင့်ဖြစ်၏။ ဤအဆင့်မှနေ၍ ကျွန်တော်တို့သည် ရုပ်နှင့် နာမ်ကို မြင်နိုင်သောအဆင့်သို့ ရောက်အောင် ကြိုးစားကြရပေမည်။ ရုပ်နှင့်နာမ်ကို မြင်အောင် ကြည့်နိုင်သော နည်းသည်လည်း ထေရဝါဒ၌ ရှိ၏။ ထိုနည်းအတိုင်း လိုက်နာ ကျင့်ကြံဖို့ သာလို၏။

ထေရဝါဒသည် အရာရာတိုင်းကို တန်ဖိုးထား၏။ အကုသိုလ်ပင် ဖြစ်စေ၊ ယင်းကို "သဉ္ဇါရတရား" အနေဖြင့် ဖြစ်ပျက်ရှု၍ ရ၏။ အရာဝတ္ထုတစ်ခု အသုံးကျမှု၊ မကျမှုသည် အဓိကအားဖြင့် ထိုအရာဝတ္ထု အပေါ်၌ မတည်၊ အသုံးကျအောင်


www.burmeseclassic.com

www.burmeseclassic.com


အသုံးချတတ်သော ပညာရှင်၏ အသိဉာဏ်၌သာ တည်ပေသည်။ မြတ်စွာဘုရားသည် ဒေါသကြီးလှသော အာဠဝကဘီလူးနှင့် တွေ့သောအခါ အာဠဝက၏ ဒေါသကို ခွာပြီး ယင်း၏ အောက်၌ အမှန်တကယ်ရှိနေသော ခန္ဓာ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ကို မြင်အောင်ပြ၍ အရိယာ ဖြစ်စေခဲ့၏။ အလားတူပင် အင်္ဂုလိမာလ၊ ခေမာ မိဖုရား၊ ပဋာစာရာ စသော ဝေနေယျတို့အား သူတို့၏ သန္တာန်၌ ဖုံးနေသော ဒေါသ၊ မာန၊ မောဟစသော တရားများကို ခွာပြီး ယင်းတို့၏အောက်၌ တကယ်တမ်း ရှိနေသော ရုပ်နာမ် ခန္ဓာများ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို မြင်အောင် ပြလိုက်သောအခါ ထိုသူအားလုံး အရိယာ ဖြစ်သွားခဲ့ကြပေသည်။

ကျွန်တော်တို့သည် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်မှန်း သုတမယဉာဏ်ဖြင့် သိကြ၏။ ရုပ်နာမ် ခန္ဓာ အစုအဝေးမျှသာ ဖြစ်မှန်းလည်း သုတမယဉာဏ် ဖြင့် သိကြ၏။ သို့ရာတွင် ထိုအသိလောက်မျှဖြင့် ကျွန်တော်တို့သည် အစစ်အမှန်ဖြစ်သော ရုပ်နာမ် ခန္ဓာများကို မြင်အောင် ကြည့်နိုင်စွမ်း မရှိကြသေးချေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို မြင်ရန်ကား သာ၍ပင် ဝေးသေး၏။ ယခုအဆင့်တွင် ကျွန်တော်တို့သည် မိမိတို့၏ ရုပ်နာမ်ခန္ဓာ အပေါ်၌ ဖုံးထားသော အဖုံးကို ခွာပြီး အတွင်းသား ဖြစ်သော ရုပ်နာမ်ခန္ဓာကို လည်းကောင်း၊ ယင်းတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ


www.burmeseclassic.com

www.burmeseclassic.com


သဘောကိုလည်းကောင်း မြင်အောင် ကြည့်နိုင်သော ဉာဏ်အား မရှိကြသေးသောကြောင့် မိမိကိုယ်ကို ပုဂ္ဂိုလ်သတ္တဝါ အဖြစ်သာ မြင်နေကြ ပါသည်။

သာသနာပ ကာလ၌လည်း မိမိကိုယ်ကို ပုဂ္ဂိုလ် သတ္တဝါအဖြစ်သာ မြင်၏။ သာသနာအတွင်း၌ လည်း မိမိကိုယ်ကို ပုဂ္ဂိုလ် သတ္တဝါအဖြစ်သာ မြင်၏။ သို့ရာတွင် ထူးခြားချက်တော့ရှိ၏။ သာသနာပ ကာလ၌ အဖုံး[၁] ရှိမှန်း မသိ။ အဖုံးကို ခွာလိုက်လျှင် အတွင်း၌ ရုပ်နာမ်ခန္ဓာရှိမှန်းလည်း မသိ။ ယင်းတို့ ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော ကိုလည်း မသိ။ သာသနာတွင်း၌ကား ထိုကဲ့သို့ မဟုတ်။ ထေရဝါဒ ဒေသနာတော်အရ အဖုံးရှိမှန်း လည်း သိနိုင်၏။ အဖုံးကိုခွာလိုက်လျှင် အတွင်း၌ ရုပ်နှင့်နာမ်သာ ရှိမှန်း လည်း သိနိုင်၏။ ယင်းတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော ရှိမှန်းလည်း သိနိုင်၏။ ဤသည်မှာ သာသနာပ အမြင်နှင့် သာသနာ တွင်း အမြင်တို့၏ ထူးခြားချက် ဖြစ်၏။ ယင်း ထူးခြားချက်ကိုလည်း ထေရဝါဒ၌သာ ရနိုင်ပါ၏။

စင်စစ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါဟူ၍မိမိကိုယ် ကို မိမိ မြင်ခြင်းသည် အတ္တကို အရှိထား၍ မြင်သော "ဝိပလ္လာသ"ခေါ် မှားယွင်းသောအမြင် ဖြစ်၏။ အမှန်အားဖြင့် အတ္တဟူသည် အရှိတရား မဟုတ်၊

---

၁။ အဖုံး ဟူသည် ပါဠိဝေါဟာရဖြင့် "နီဝရဏ" ကို ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com


အဖြစ်တရားသာ ဖြစ်၏။ အောက်စီဂျင် ဓာတ်နှစ်ဆ နှင့် ဟိုက်ဒရိုဂျင်ဓာတ် တစ်ဆကို ပေါင်းလိုက်သော အခါ ရေဖြစ်လာသကဲ့သို့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တည်းဟူသော ခန္ဓာတို့ကို ပေါင်း လိုက်သောအခါ "အတ္တ" ဟူ၍ ဖြစ်လာ၏။ ဤ နေရာ၌ ပေါင်းနည်းမှာ အောက်ဆီဂျင် နှင့် ဟိုက်ဒရို ဂျင်ကို ရေဖြစ်သွားအောင် ဓာတုဗေဒနည်းဖြင့် ပေါင်း သလို ခန္ဓာငါးပါးကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းသော သဘောအရ ပေါင်းခြင်းဖြစ်၏။

ရေသည် မူလက အောက်ဆီဂျင်နှင့် ဟိုက်ဒရို ဂျင်တို့မှ ခြားနားသော ရေအဖြစ် မရှိခဲ့သော်လည်း၊ ယခု ရေအဖြစ် ထင်ရှားရှိသော စွမ်းအားသစ်တစ်ခု ဖြစ်လာ၏။ အလားတူပင် အတ္တသည် မူလခန္ဓာ ငါးပါးမှ ခြားနားသော အတ္တအဖြစ် မရှိခဲ့သော်လည်း၊ ယခု တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ဖြင့် စွဲလမ်းချက်အရ ထင်ရှားရှိသော စွမ်းအားသစ်တစ်ခု ဖြစ်လာ၏။

အတ္တဟူသည် ပုဂ္ဂိုလ်သတ္တဝါပ ဖြစ်၏။ဤ နေရာ၌ ဆိုလိုသည်ကား သတ္တဝါများအနက် "လူ" ကို ဆိုလိုခြင်း ဖြစ်၏။ ကျွန်တော်တို့သည် လူဖြစ် ၍ ဤလောက၏ ငြိမ်းချမ်းမှုနှင့် ဆူပွက်မှုသည် လူ အပေါ်၌ များစွာတည်၏။ဤလောက ငြိမ်းချမ်း အောင် ဆောင်ရွက်နိုင်ရေးအတွက် "လူ" ကို ထေရ ဝါဒဆိုင်ရာ အသိဉာဏ် ပေးဖို့နှင့် ထိုအသိဉာဏ် အတိုင်း လိုက်နာကျင့်ကြံနိုင်အောင် လေ့ကျင့်ပေးဖို့


www.burmeseclassic.com

www.burmeseclassic.com


များစွာလိုအပ်၏။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် မိမိတို့၏ အနာဂတ်ဘဝကို တည်ဆောက်ရာတွင် ထေရဝါဒ အနှုတ်မြစ်အတိုင်း တည်ဆောက်ပါက လူနှင့်လူချင်း ဆက်ဆံရာ၌ များစွာ ပြေပြစ်ပြီး၊ ဤ လူ့လောက တစ်ခုလုံးသည် များစွာ ငြိမ်းချမ်းပေလိမ့်မည်။

လူ့လောက ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်မှသာ ဒုလ္လဘငါးပါးတွင် အပါအဝင်ဖြစ်သော လူ့ဘဝကို ရခြင်း၊ မြတ်စွာဘုရားသာသနာတော်နှင့် ကြုံကြိုက်ရခြင်း၊ သူတော်ကောင်းတရားကို ကြားနာရခြင်း၊ ကြားနာရသည့်အတိုင်း လိုက်နာကျင့်ကြံရခြင်းစသော အကျိုးထူးများနှင့် ပြည့်စုံပေလိမ့်မည်။ မြတ်စွာဘုရား ပွင့်တော်မူလာခြင်းသည် ကျွန်တော်တို့အတွက် ပွင့်တော်မူလာခြင်း ဖြစ်ရာ သို့မှသာ ဘုရားပွင့်ရကျိုး နပ်ပေလိမ့်မည်။

လူသည် မိမိဘဝကို စသည် ဆိုကတည်းက လောဘ (ဘဝကို တပ်မက်သော လောဘဇော)နှင့် စ ခဲ့သူ ဖြစ်၏။ အကယ်၍သာ လောဘ ဆုံးလျှင်လည်း လူမဟုတ်တော့။ ထို့ကြောင့် လောဘသည် သူ၏ စွမ်းအင် မည်မျှ ထက်သည်ကို လူသားများ အပေါ် ထင်စွာပြပေလိမ့်မည်။ ဤသည်မှာ လောဘ၏ ဓမ္မတာ ဖြစ်၏။

ပါဠိဝေါဟာရအားဖြင့် လောဘကို "နန္ဒီ" ဟု ဆို၏။ နန္ဒီ၏ အနက်မှာ နှစ်သက်ခြင်း ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com


လောဘ၏ စွမ်းအင်ကြောင့် လူသည် မိမိအတွက် နှစ်သက်စရာ ကောင်းသော အရာဝတ္ထု တစ်ခုခုကို မရမနေရှာ၏။ ရိုးရိုးရှာ၍ ရလျှင်လည်းရ၊ မရလျှင် ဒေါသ၊ မောဟ စသော အကုသိုလ် အင်အားစုဖြင့် အတင်းအဓမ္မ ရှာ၏။ ဘိုးတော်၊ ဝိဇ္ဇာ၊ မန္တန် စသည်တို့ဖြင့်လည်း ရှာ၏။ ရှာ၍ ရပြီးလျှင်လည်း ထို အရာဝတ္ထု တစ်ခုတည်းအပေါ် ကျေနပ် အားရနေသည် မဟုတ်။ အခိုက်အတန့်မျှသာ ကျေနပ်၏။ နောက် ငြီးငွေ့ပြန်၏။ နောက်ထပ် အသစ်တစ်ခု ရှာပြန်၏။ ထို့ကြောင့် လောဘ၏ စွမ်းအင်တစ်ခုကို "ပေါနောဗ္ဘဝိကာ"ဟု ဆိုရ၏။ ယင်း၏ အနက်မှာ တစ်ခုပြီးတစ်ခု အဖန်ဖန် ရှာဖွေတတ်သော သဘောဟူ၍ ဖြစ်၏။

လောဘ၏ ရှာဖွေမှု၌ ဘဝစည်းစိမ် အားလုံး ပါဝင်၏။ လောဘ၏ စွမ်းအင်သည် ဤမျှသာမက သေး။ သူရှာဖွေ ရရှိထားသော အရာဝတ္ထုအားလုံး ကို နှစ်သက်စရာ အရောင်အသွေး ရှိအောင်လည်း ဖန်ဆင်းတတ်၏။ထို့ကြောင့် လောဘကို "နန္ဒီ ရာဂသဟဂတာ" ဟူ၍လည်း ဆိုရသေး၏။ နှစ်သက်စရာ ကောင်းအောင် အရောင်အသွေးများကို ဆိုး၍ ဖန်ဆင်းထားသော်လည်း ထိုအရာဝတ္ထု တစ်ခုတည်း ပေါ်၌ စွဲစွဲမြဲမြဲ နှစ်သက် ကျေနပ်သည် မဟုတ်။ မြင်မြင်သမျှ၊ ကြားကြားသမျှ အရာဝတ္ထုတိုင်းပေါ်၌ စွဲလမ်းနှစ်သက်အောင် လုပ်တတ်၏။ ထို့ကြောင့်


www.burmeseclassic.com

www.burmeseclassic.com


လောဘကို "တတြတတြာဘိ နန္ဒိနီ" ဟူ၍လည်း ဆိုရပြန်၏။

လူသာမက လင်းတ၊ ခွေး၊ ဝက်စသော သတ္တဝါများသည်လည်း မိမိတို့၏ ဆိုင်ရာဆိုင်ရာ ပစ္စည်း ဝတ္ထုများအပေါ်၌ တွယ်တာကြ၏။ မြတ်နိုးကြ၏။ နှစ်သက်ကြ၏။ ဤသည်မှာ လောဘ၏ စွမ်းအင်ဖြစ်၏။ လောဘသည် ပုထုဇဉ်များအပေါ်၌ သာမက အနာဂါမ်များ အပေါ်၌ပင် သူ၏စွမ်းအင်ကို ပြနိုင်၏။ တိရစ္ဆာန်များ အပေါ်၌မူ သူ၏စွမ်းအင်ကို အထွတ်အထိပ်တိုင်အောင် ပြနိုင်လေသည်။

ကျွန်တော်တို့သည် ပုထုဇဉ် အဆင့်မျှသာ ရှိသေးရာ မိမိတို့၏ ဘဝနှင့် စည်းစိမ်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ရှာဖွေနေကြသည်မှာ ဓမ္မတာသာ ဖြစ်၏။ မလျှော့သော ဖွဲ့လုံ့လဖြင့် ရှာလည်း ရှာဖွေရမည်ပင် ဖြစ်၏။ သို့ရာတွင် ရှာဖွေနည်းနှင့် ပတ်သက်၍လည်းကောင်း၊ ရှာဖွေရရှိသော ပစ္စည်းကို သုံးစွဲမှုနှင့် ပတ်သက်၍လည်းကောင်း ဆိုဖွယ်ရှိ၏။ ဤနေရာ၌ ဆိုဖွယ်ဟူသည် ချမ်းသာ ဟူသော ထေရဝါဒအမြင်နှင့် အခြားဝါဒများ၏ အမြင်ပေါ်၌ တည်၏။

အခြားဝါဒများအာ မြင်အရ လူတို့သည် ရရှိခြင်း၌သာ "ချမ်းသာ"ကို တွေ့ကြ၏။ စွန့်လွှတ်ခြင်း၌ ချမ်းသာကို မတွေ့ကြ။ အမှန်အားဖြင့် ရယူခြင်း "လောဘ"၌လည်း ပီတိနှင့် သုခသည်


www.burmeseclassic.com

www.burmeseclassic.com


ရှိ၏။စွန့်လွှတ်ခြင်း“အလောဘ”၌ လည်း “ပီတိနှင့် သုခ”သည်ရှိ၏။ဒေသနာတောအရ အလောဘက လောဘကို သတ်နိုင်၏။ သို့ရာတွင် ထေရဝါဒအုတ်မြစ်ဖြင့် မိမိ၏ ဘဝကို တည်ဆောက်ရန်ကြိုးပမ်းနေကြသူများသာ စွန့်လွှတ်ခြင်း၌ ချမ်းသာကိုတွေ့ကြ၏။ ယခု လောလောဆယ် မတွေ့သေးလျှင်လည်း တွေ့ အောင်ရှာကြ၏။ အကယ်၍ ထေရဝါဒအုတ်မြစ် ခိုင်ရိုးမှန်ပါက စွန့်လွှတ်ခြင်း၌လည်းချမ်းသာကို တွေ့အောင် ရှာရမည်မှာ မြေကြီးလက်ခတ်မလွဲ။

ထေရဝါဒအရ စွန့်လွှတ်ခြင်းဟူသည် “အလောဘ”ပင် ဖြစ်၏။ အ လောဘဖြင့် “လောဘ”ကို သတ်နိုင်ရန် ကြိုးစား၏။ စည်းစိမ်ဥစ္စာများကိုရှာဖွေစဉ်ကပင် မိမိအတွက် ရှေ့တန်းမတင်ဘဲလောကအတွက် ရှေ့တန်းတင်ကာ ရှာဖွေခဲ့ခြင်းဖြစ်သဖြင့် များများ စွန့်နိုင်လေ များများချမ်းသာကိုတွေ့လေပင် ဖြစ်၏။

မိမိချစ်ခင် ကြင်နာသူများအတွက် မိမိစည်းစိမ် ဥစ္စာများကို များများစွန့်နိုင်လေ များများချမ်းသာလေ ဟူသော သဘောကို မိဘနှင့် သားသမီးဆက်ဆံရေး၌ ထင်ရှားစွာ တွေ့ရ၏။ မိဘများသည်သားသမီးများကို ငွေကျပ် သောင်း သိန်း အကုန်အကျ ခံ၍ နိုင်ငံခြားသို့ ပညာသင်လွှတ်ရလျှင်ပျော်ကြ၏။ အယုတ်ဆုံး မိမိ၏ နားကပ်ကို ရောင်း၍


www.burmeseclassic.com

www.burmeseclassic.com


သားသမီးများ၏ ပညာသင်စရိတ် ပြုရလျှင်ပင် ပျော်ကြ၏။

ထို့ကြောင့် စွန့်လွှတ်ခြင်း၌ ချမ်းသာကို ရလို ပါလျှင် ချစ်ခင်ကြင်နာတတ်သောစိတ် ရှိဖို့ လို၏။ သဲထဲရေသွန် သဘောမျိုး မဖြစ်ရလေအောင် ဉာဏ် ပညာရှိဖို့လည်း လိုအပ်၏။ မေတ္တသုတ်၌ "အမိနှင့် တစ်ယောက်တည်းသောသား" ဥပမာဖြင့် လောက တစ်ခုလုံး ငြိမ်းချမ်းသာယာရေး အတွက် လောက အပေါ် မေတ္တာထားနည်းကို ညွှန်ကြားထား၏။ လိုက်နာဖို့ တာဝန်ကား စစ်မှန်သော ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ တာဝန်တည်း။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူအံ့ ဆဲဆဲ ကာလ၌ပင် ဝါဒခြား သုဘဒ်ပရိဗိုဇ်အား မိမိ ခံစားနေရသော ဝေဒနာကို ငဲ့ဘဲ ရဟန္တာအဖြစ်သို့ ရောက်အောင် တရားဟောတော် မူခဲ့၏။ **"ဗဟုဇန ဟိတာယ၊ ဗဟုဇန သုခါယ**– သတ္တဝါအပေါင်း၏ အစီးအပွားအလို့ငှာသတ္တဝါ အပေါင်း ချမ်းသာ ခြင်းငှာ" ဟူသော ရည်ရွယ်ချက်ကို အကောင် အထည်ဖော်ရာ၌ မည်မျှ ကြီးမားမြင့်မြတ်သည်ကို ကိုယ်ချင်းစာနာစိတ်ဖြင့် ခန့်မှန်းနိုင်ပါ၏။ ရှင် အဿဇိပင်လျှင် ခိုင်မာသော ထေရဝါဒ ကိုယ်ကျင့် သိက္ခာ၊ မြင့်မြတ်မှန်ကန်သော မေတ္တာ၊ စေတနာ တို့ဖြင့် အယူဝါဒခြားသူ ဥပတိဿ ပရိဗိုဇ်ကို


www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဘာသာဝင် ရှင်သာရိပုတ္တရာ ဖြစ်အောင်စွမ်းဆောင်နိုင်ခဲ့ပေသည်။ အားကျစရာပင်။

လောကအပေါ် ချစ်တတ်၊ ကြင်နာတတ်၊ မှန်မှန်ကန်ကန် သိတတ်ပြီဆိုလျှင် ဘဝနှင့်စည်းစိမ်ကို ရှာဖွေရာ၌ အချင်းချင်း ငြင်းခုံဖို့ မရှိတော့။ တစ်ဦးအပေါ်တစ်ဦး မေတ္တာ စေတနာ အပြည့်အဝဖြင့်သာ ဆက်ဆံကြမည် ဖြစ်သောကြောင့် လောက၌ လူဖြစ်ရကျိုး မုချမသွေနပ်ပေလိမ့်မည်။ လောကသည်လည်း မုချမသွေ ငြိမ်းချမ်းပေလိမ့်မည်။ သို့ရာတွင် ပုဂ္ဂိုလ် သတ္တဝါကို အရှိထား၍ လောက ငြိမ်းချမ်းရေးကို ရှာခြင်းမှာ ထေရဝါဒ ရှုထောင့်မှ ကြည့်လျှင် အနိမ့်ဆုံး အဆင့်မျှသာ ဖြစ်၏။ ထို့ကြောင့် အမြင့်ဆုံးအဆင့်ဖြစ်သော "သန္တိသုခ နိုင်ငံတော်" တည်ဆောက်နိုင်သည်အထိ ထေရဝါဒ အုတ်မြစ် ခိုင်မာလာအောင် ရဟန်းတော်များရော၊ လူပုဂ္ဂိုလ်များပါ တက်ညီလက်ညီ ကြိုးစားကြရပါ မည်။ သို့မဟုတ်ပါက ထေရဝါဒ ဗုဒ္ဓဘာသာသည် "ရေတိမ်နစ်" သွားပေလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com

# ၃

## ဘုရားသခင်၏ ဘက်မလိုက်သော ဝါဒ

လူသည် ခန္ဓာငါးပါးဖြင့် ဖွဲ့စည်းတည်ဆောက်ထား သော သတ္တဝါမျိုး ဖြစ်၏။ ထို့ကြောင့် ခန္ဓာငါးပါး ၏ တောင်းဆိုချက်အရ ခန္ဓာငါးပါး၏ အလိုကို လိုက်၍ အကြိုက်ကို ဆောင်ခဲ့ရသည်မှာ ရှေး ကျောက်ခေတ် မှစ၍ ယနေ့တိုင်အောင်ပင် ဖြစ်၏။

သို့ရာတွင် ခန္ဓာငါးပါး အနေဖြင့် အလိုပြည့် ခြင်း ဟူ၍ မရှိခဲ့။ နောင်လည်း ခန္ဓာငါးပါး ရှိနေ သရွေ့ ကာလပတ်လုံး အလိုပြည့်ခြင်း ဟူသည် မည်သည့်နည်းနှင့်မျှ ရှိလိမ့်မည် မဟုတ်။

လူမှာ ရုပ်ခန္ဓာ ရှိ၏။ ရုပ်ခန္ဓာ၏ တောင်း ဆိုချက် အရ ကောင်းကောင်းစားချင်၏။ ကောင်း ကောင်းဝတ်ချင်၏။ ကောင်းကောင်းနေချင်၏။ ကျန်းမာချင်၏။ ဤသည်မှာ ရုပ်ပိုင်းဆိုင်ရာ ရုပ် ခန္ဓာ၏ တောင်းဆိုချက် ဖြစ်၏။

ဤတောင်းဆိုချက်အရ လူ့သမိုင်း တစ် လျှောက်လုံး၌ လူသည် ကောင်းကောင်းစားနိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com


အတွက် လယ်ယာစိုက်ပျိုးရေးမှစ၍ တဖြည်းဖြည်း စားသောက်ကုန် အမျိုးမျိုးကို ထုတ်လုပ်ခဲ့၏၊ ကောင်းကောင်း ဝတ်နိုင်ရန်အတွက် အဝတ်အထည် အမျိုးမျိုးကို ထုတ်လုပ်ခဲ့၏။ ကောင်းကောင်း နေနိုင်ရန်အတွက် မြို့များ၊ ရွာများနှင့် တိုက်တာ၊ အိမ်ခြေ အမျိုးမျိုးကို တည်ဆောက်ခဲ့၏။ ကျန်းမာရေး အတွက် ဆေးဝါးအမျိုးမျိုးကို ထုတ်လုပ်ခဲ့၏။

လူမှာ ဝေဒနာက္ခန္ဓာရှိ၏။ ဝေဒနာက္ခန္ဓာ၏ တောင်းဆိုချက်အရ ကာယသုခ ပြည့်စုံရုံနှင့် မကျေနပ်သေးဘဲ စိတ္တသုခလည်း ခံစားချင်လာ၏။ ပျော်ချင်၏၊ ရွှင်ချင်၏၊ ကြည်နူးချင်၏။ ဤသည်မှာ ခံစားမှုပိုင်းဆိုင်ရာ ဝေဒနာက္ခန္ဓာ၏ တောင်းဆိုချက်ဖြစ်၏။ ဤတောင်းဆိုချက်အရ ပျော်ရွှင်ချမ်းမြေ့ခြင်း "သုခ"ကို ခံစားနိုင်စေရန် ကကြ၏၊ ခုန်ကြ၏၊ သီဆိုကြ၏၊ တီးမှုတ်ကြ၏၊ မြူးထူးကြ၏၊ ပျော်ပါးကြ၏၊ ကစားကြ၏။

လူမှာ သညာက္ခန္ဓာ ရှိ၏။ သညာက္ခန္ဓာ၏ တောင်းဆိုချက်အရ ပျော်ရွှင်ချမ်းမြေ့ ကြည်နူးရုံနှင့် မကျေနပ်သေးဘဲ အသိပညာ၊ အတတ်ပညာရှင်လည်း ဖြစ်ချင်၏။ ဤသည်မှာ မှတ်သားမှုဆိုင်ရာ သညာက္ခန္ဓာ၏ တောင်းဆိုချက် ဖြစ်၏။ ဤတောင်းဆိုချက် ပြည့်ဝနိုင်စေရန် ပညာရပ် အသီးသီးနှင့် ပတ်သက်သော စာပေ ကျမ်းဂန်များ ပေါ်ပေါက်လာရ၏။


www.burmeseclassic.com

www.burmeseclassic.com


ရုပ်ပိုင်းဆိုင်ရာအတွက် စိုက်ပျိုးရေးပညာရပ်များ၊ အင်ဂျင်နီယာ ပညာရပ်များ၊ စီးပွားရေး ပညာရပ်များ၊ ဆေးပညာရပ်များ ပေါ်လာကြ၏။ ခံစားမှုဝေဒနာပိုင်း ဆိုင်ရာအတွက် ရသစာပေများ၊ အနုပညာရပ်များ ပေါ်လာကြ၏။ ထို့အပြင် အခြားသော ဝိဇ္ဇာပညာရပ်များနှင့် သိပ္ပံပညာရပ်များသည်လည်း ဤအပိုင်းတွင် ပါဝင်ကြသည်ပင် ဖြစ်၏။ ဤအပိုင်းသည် အသိပညာရှင်၊ အတတ်ပညာရှင် ဖြစ်ရေးကို ဦးတည်၏။

လူမှာ သင်္ခါရက္ခန္ဓာ ရှိ၏။ သင်္ခါရက္ခန္ဓာ၏ တောင်းဆိုချက်အရ လူသည် အခြေအနေ တစ်ရပ်ရပ်ကို လက်ရှိအဆင့်အတိုင်း ထာဝစဉ် လက်ခံထားရန် မကျေနပ်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာအောင် တီထွင်ချင်၏။ ကြံဆချင်၏။ ဤသဘောမှာ တီထွင်ကြံဆမှုဆိုင်ရာ သင်္ခါရက္ခန္ဓာ၏ တောင်းဆိုချက် ဖြစ်၏။ ဤတောင်းဆိုချက်အရ တီထွင်ကြံဆရာမှ လူသည် ကျောက်ခေတ်မှ ယနေ့ အာကာသခေတ်သို့ ရောက်လာခြင်းဖြစ် သည်။ "ထာဝရဘုရား" ပဓာနခေတ်မှ "လူ"သာ ပဓာနခေတ်သို့ ရောက်လာခြင်း ဖြစ်၏။ မိမိ၏ ကြမ္မာကို ထာဝရဘုရားအား ဖန်ဆင်းခွင့် မပေး တော့ဘဲ မိမိဘာသာ မိမိ ဖန်ဆင်းရန်အတွက် သဘာဝ၏ နိယာမများကို သိနိုင်ရန် ကြိုးစား လာခြင်း ဖြစ်၏။

လူမှာ ဝိညာဏက္ခန္ဓာ ရှိ၏။ ဝိညာဏက္ခန္ဓာ


www.burmeseclassic.com

www.burmeseclassic.com


၏ တောင်းဆိုချက်အရ တီထွင်ကြံဆတတ်ရုံနှင့် မကျေနပ်ဘဲ စိတ်ထားဖြူစင် မွန်မြတ်ပြီး လောက၏ အစီးအပွားကို ဆောင်ရွက်ချင်၏။ ဤသည်မှာ ပင်ကိုမူလ သဘာဝအားဖြင့် ဖြူစင်သော ဝိညာဏက္ခန္ဓာ၏ တောင်းဆိုချက် ဖြစ်၏။ ဤတောင်းဆိုချက် ပြည့်ဝရန် ဤလောက၌ ကိုးကွယ်မှုဆိုင်ရာ ဘာသာတရား အမျိုးမျိုး ပေါ်ပေါက်လာရခြင်း ဖြစ်၏။

တမန်တော်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ဒဿနိကဆရာများ၊ ထို့အပြင် ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့ အပေါ် စစ်မှန်သော မေတ္တာစေတနာဖြင့် မိမိတို့ စွမ်းအားရှိသလောက် ကာယအားဖြင့် ဖြစ်စေ၊ ဉာဏအားဖြင့် ဖြစ်စေ အပင်ပန်းအနစ်နာခံကာ ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်သော ပုဂ္ဂိုလ်မွန်များ ပေါ်ပေါက်လာခြင်းသည် ဤအပိုင်း၌ ပါဝင်၏။

ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားများသည် လူတို့၏ ကိုယ်ကျင့်သိက္ခာ မြင့်မားရေးအတွက် ဖြစ်၏။ အမှန်အားဖြင့် ခန္ဓာငါးပါး၏ တောင်းဆိုမှုများ အတိုင်း အစစ်အမှန် ရရှိနိုင်မှုသည် လူတို့၏ ကိုယ်ကျင့်တရား ကောင်းမွန် ခိုင်မာမှု အပေါ်၌ များစွာ တည်ပါ၏။ ထို့ကြောင့် ကိုယ်ကျင့်တရား ကောင်းမွန် ခိုင်မာရန် လိုအပ်မှုသည် ခန္ဓာငါးပါးတွင် ပါဝင်သော ဝိညာဏက္ခန္ဓာ၏ တောင်းဆို


www.burmeseclassic.com

www.burmeseclassic.com


ချက်အရ လူတို့၏ မွေးရာပါ ဗီဇသဘော ဖြစ်လေ၏။

ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားများနှင့် ပတ်သက်၍ အရှင်အာဒိစ္စဝံသ၏ **အသောက ကျောက်စာတော်**စာအုပ်၊ စာမျက်နှာ ၅၂၅ ၌သို့ ဖော်ပြထားသည်ကို တွေ့ရ၏။

"သဝေ ဟိ တေ (ပါသံဍာ) သံယမံ စ ဘာဝသုဓိံစ ဣစ္ဆံတိ"

**ဟိ**၊ မှန်ပါ၏။ **သဝေ**၊ အလုံးစုံကုန်သော။ **တေပါသံဍာ**၊ ထိုကိုးကွယ် ယုံကြည်မှုဆိုင်ရာ ဘာသာ အယူဝါဒတို့သည် **သံယမံ စ**၊ မကောင်းမှုကို မပြုမိရန် စောင့်စည်းခြင်းကို လည်းကောင်း။ **ဘာဝ သုဓိံစ**၊ ဘာဝ၏ စင်ကြယ်ခြင်းကို လည်းကောင်း။ **ဣစ္ဆံတိ**၊ အလိုရှိကုန်၏။

ကျောက်ခေတ်မှ ယနေ့ အာကာသခေတ် တိုင်အောင် ကမ္ဘာပေါ်ရှိ လူသားအားလုံး၏ မွေးရာပါ ဘာဝဆန္ဒ ငါးမျိုးကို ဖြည့်ဆည်းပေးရန်အတွက် ဒြပ်ရှိ ပစ္စည်း ဝတ္ထုများ၊ ဒြပ်မဲ့ အသိပညာနှင့် အတတ် ပညာများကို လူတို့သည် ဆိုင်ရာဆိုင်ရာ ကဏ္ဍ အလိုက် တီထွင်ကြံဆ၍ ဖော်ထုတ်ခဲ့ကြ၏။

ထိုပစ္စည်း ဝတ္ထုများသည် တစ်ခေတ်ထက် တစ်ခေတ်ပို၍ပို၍ ပြည့်စုံလာကြ၏။ သို့ဖြစ်လေရာ ထို ပစ္စည်းဝတ္ထုများကို လူတို့အား ရသင့်ရထိုက်သလို မှန်ကန်စွာခွဲဝေ ပေးနိုင်ရန် ဒေသ အသီးသီး၌


www.burmeseclassic.com

www.burmeseclassic.com


ခေါင်းဆောင်အသီးသီးတို့ ပေါ်ပေါက်ခဲ့ကြ၏။ ထိုခေါင်းဆောင် အသီးသီးတို့ကလည်း မိမိတို့၏ ဆိုင်ရာဆိုင်ရာ ဒေသရှိ လူသားတို့အား ခေတ်အလိုက် ထွက်ပေါ်လာသော ဒြပ်ရှိ၊ ဒြပ်မဲ့ ပစ္စည်းဝတ္ထုများကို ခွဲဝေပေးကြပါ၏။

သို့ရာတွင် ဒေသတစ်ခုနှင့်တစ်ခု ခွဲဝေပေးပုံစနစ်ချင်း မတူ။ အချို့ဒေသတွင် ပြည့်စုံသူများက ရသင့်သည်ထက် ပို၍ရသော စနစ်ကို ကျင့်သုံး၏။ ယင်းစနစ်ကို အရင်းရှင်စနစ်ဟု ဆို၏။ အချို့ဒေသတွင် မပြည့်စုံသူများကို ဦးစားပေး၏။ ယင်းစနစ်ကို ကွန်မြူနစ် သို့မဟုတ် ဆိုရှယ်လစ်စနစ်ဟု ဆို၏။ အချို့ဒေသတွင်မူ ခေါင်းဆောင် လုပ်သူက သူ ထင်သလို စီမံခန့်ခွဲ၏။ ယင်းစနစ်ကို သက်ဦးဆံပိုင်၊ ပဒေသရာဇ်၊ အာဏာရှင်စနစ် ဟူ၍ သင့်သလို ဆိုကြ၏။

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၊ တိုင်းပြည်တိုင်းတွင် ခေါင်းဆောင်များ ရှိကြပါ၏။ ထိုခေါင်းဆောင်များသည် မိမိတို့ တိုင်းပြည်ရှိ နိုင်ငံသူ၊ နိုင်ငံသား များ၏ မွေးရာပါ ဆန္ဒငါးမျိုးကို ပြည့်ဝအောင် ဆောင်ရွက်ပေးရန် အားထုတ်ကြ၏။

ထိုသို့ အားထုတ်ရာတွင် အရမ်းကာရော လမ်းညွှန်မဲ့ အနေဖြင့် အားထုတ်ကြရသည်တော့ မဟုတ်။ မွေးရာပါ ဘဝဆန္ဒ ငါးမျိုးကို ပြည့်ဝအောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် လမ်းညွှန်ချက် အနေ


www.burmeseclassic.com

www.burmeseclassic.com


ဖြင့် ထိုထို ပညာရှင်များက ပြုစုခဲ့သော ဆိုင်ရာဆိုင်ရာ ကျမ်းဂန်များ ရှိကြ၏။

ခေါင်းဆောင်များသည် ထိုကျမ်းဂန်များ၏ လမ်းညွှန်ချက်ကို မိမိတို့၏ အတွေ့အကြုံများနှင့် နှီးနှောကာ မိမိတို့နိုင်ငံသားများ၏ မွေးရာပါ ဗီဇ သဘောအနေဖြင့် ရှိခဲ့သော ဘဝဆန္ဒ သို့မဟုတ် ဘဝ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဆောင်ရွက်ကြ၏။

သို့ ဆောင်ရွက်ကြသော်လည်း နိုင်ငံတိုင်းရှိ လူတိုင်းသည် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ဖြင့် ဒြပ်ရှိ၊ ဒြပ်မဲ့ ပစ္စည်း ဝတ္ထုများကို မိမိတို့၏ ဆန္ဒအလျှောက် ကျေနပ်စွာ ခံစားခွင့် မရခဲ့ကြကြောင်း တွေ့ရ၏။

သို့ဖြစ်လျှင် "မည်သို့သော ချွတ်ယွင်းချက်ကြောင့် ဖြစ်လေသနည်း"ဟု စူးစမ်းသင့်ပါ၏။ ထိုသို့ စူးစမ်းသောအခါ **ဝိဇ္ဇာ** "အသိ"နှင့် **စရဏ** "အကျင့်"တို့ အချင်းချင်း ညီညွတ်မှု မရှိခြင်း၊ ကာယကံရှင် ဖြစ်သော ခေါင်းဆောင်ပိုင်းနှင့် လက်အောက်ခံပိုင်း ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိဇ္ဇာနှင့် စရဏတို့ အပြည့်အဝ ဖြစ်ပေါ်မှု မရှိခြင်းတို့သည် ကြီးစွာသော ချွတ်ယွင်းချက် ဖြစ်ကြောင်း တွေ့ရ ပါ၏။

ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ရေးနှင့် ပတ်သက်သော **အသောကကျောက်စာ**၌ ဖော်ပြထားသည့် အတိုင်း ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရား


www.burmeseclassic.com

www.burmeseclassic.com


များသည် လူတို့၏သန္တာန်ခိုင်မာသော ကိုယ်ကျင့် တရားများကို တည်ဆောက် ပေးသည့် အပြင်၊ မှန်ကန် သော အသိအမြင် ကိုလည်း ရရှိစေရန် သင်ကြား ပေးကြပေသည်။

ဒဿနစာပေများသည်လည်း ထိုနည်းအတူ ကိုယ်ကျင့်တရားနှင့် အသိပညာကို ရရှိစေပါ၏။ အိန္ဒိယ သူတော်စင် "ရှရီအော်ရိုဗင်ဒို"က ဒဿန သဘောမပါသော ဘာသာတရားသည် ဥပါဒါန် သဘောရှိ၍ လူ့ဘဝ တိုးတက်မှုနှင့် ဗောဓိဉာဏ်၏ အန္တရာယ်ကို ဖြစ်စေပြီး၊ ဘာသာတရား သဘော မပါသော ဒဿနသည်လည်း ဘဝအတွက် အကျိုး ထူး တစ်စုံတစ်ရာကို ဖြစ်ပေါ်စေနိုင်ခြင်း မရှိဟု ဆိုကြောင်း The Study of Religions အမည်ရှိ စာအုပ်၊ စာမျက်နှာ ၁၈၉၌ ဖော်ပြထား၏။ ဘာသာ တရားဆိုင်ရာ စာပေများနှင့် ဒဿန စာပေ များသည် ဝိဇ္ဇာနှင့် စာရဏကို လူတို့၏ သန္တာန်၌ ဖြစ်ထွန်း ပေါ်ပေါက်စေကြောင်း ဆိုခြင်း ဖြစ်၏။

ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရား များနှင့် ဒဿနစာပေများ၏ လမ်းညွှန်မှုကို ခံယူပြီး နိုင်ငံတော်ရှိ လူသားတို့၏ အကျိုးစီးပွားကို ဆောင် ရွက်ကြခြင်း ဖြစ်သည်ဟု အချို့ပုဂ္ဂိုလ်များက ဆိုကြ ၏။ သို့သော် တကယ့်လက်တွေ့တွင်မူ ထို ပုဂ္ဂိုလ်တို့ ၏ အသိနှင့် အကျင့်သည် အချင်းချင်း ညီညွတ်မှု မရှိကြပါ။"ရန်သူအပေါ်မှာ မေတ္တာ ထားပါ၊ သင်၏


www.burmeseclassic.com

www.burmeseclassic.com


ဘယ်ဘက်ပါးကိုရိုက်လျှင် သင်၏ ညာဘက်ပါးကို ထိုးပေးပါ”ဟု ခရစ်တော်က သင်ကြားပေးသော်လည်း မိစ္ဆာဒိဋ္ဌိ စွဲချက်ဖြင့် ရှေးဦး သိပ္ပံပညာရှင်များသည် အသတ်ခံရကြောင်းကို လည်းကောင်း၊ ဘာသာရေးကို အကြောင်းပြု၍ ရက်စက်စွာ သတ်ဖြတ်ကြသော “ကရူးဆိဒ်”လို ဘာသာရေး စစ်ပွဲမျိုး ဖြစ်ပွားခဲ့ကြောင်းကို လည်းကောင်း ကမ္ဘာ့ သမိုင်း စာအုပ်များ၌ ဖတ်ရှုရ၏။

ဗုဒ္ဓဘာသာစာပေများ၌လည်း တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းတတ်သော ယုတ်မာမှု အားလုံးတို့၏ တရားကိုယ် “အတ္တ”ကို ပယ်သတ်ရန် သင်ကြားကြပါ၏။ သို့သော် လက်တွေ့တွင်မူ အတ္တကို မသတ်သည့်အပြင် အတ္တကို ပွားစီးသည်ထက် ပွားစီးအောင် ဆောင်ရွက်နေကြသည်ကို တွေ့ရ၏။ တဏှာဖြင့် အတ္တကို စွဲလမ်းမိသောအခါ မည်သူမဆို ခေါင်းဆောင်ဖြစ်ဖြစ်၊ ငယ်သားဖြစ်ဖြစ် မိမိကိုယ်ကိုသာ ဤလောက၌ ချစ်စရာ အကောင်း ဆုံးဟု သတ်မှတ်၏။ ထိုအခါ မိမိ၏ ခန္ဓာကိုယ်ကို သက်သာအောင်ထား၏။ အချောင်ခို၏။ အခွင့်အရေးဟူသမျှကို မိမိအတွက် မရမနေ ယူ၏။ အနည်းငယ်မျှ အနစ်နာမခံ။ ဤသည်မှာ တဏှာဖြင့် စွဲလမ်းသော အတ္တ၏သဘော ဖြစ်၏။

မာနဖြင့် အတ္တကို စွဲလမ်းသောအခါ ဘဝင်မြင့်၏။မိမိသည်သာလျှင် အတော်ဆုံး၊ အတတ်ဆုံး


www.burmeseclassic.com

www.burmeseclassic.com


ဟု ထင်၏။ အရာရာတိုင်း၌ မိမိကိုယ်ကို "စံ" အဖြစ် ထား၏။ အမျိုးဘာသာ သာသနာကို ချစ်ရာ၌လည်း မိမိလောက် အခြား ဘယ်သူမျှ မချစ်ဟု ယူ၏။ ထိုအခါ ဣဿာ မစ္ဆရိယ သဘောသည် အလို အလျောက် ဝင်လာ၏။ လူတန်းစားခွဲ၍ မြင်၏။ နိမ့်ကျသူများနှင့် ဆက်ဆံရန် ဝန်လေး၏။ ဤသည်မှာ မစ္ဆရိယ သဘောဖြစ်၏။ မိမိထက် တော်သည်ဟု ကြားရလျှင် နားကြားပြင်းကတ်၏။ မခံမရပ်နိုင် ဖြစ်၏။ ဤသည်မှာ ဣဿာ၏ သဘော ဖြစ်၏။

ဒိဋ္ဌိဖြင့် အတ္တကို စွဲလမ်းသောအခါ မိမိကိုယ် ကို အခိုင်အမာဟု သတ်မှတ်၏။ ပတ်ဝန်းကျင်က မိမိကိုသာ အားကိုးစေလို၏။ မိမိကို ဦးဆောင်သူ အဖြစ် မှတ်ယူစေလို၏။ မိမိ မရှိလျှင် မဖြစ်ဟု သဘောထားစေလို၏။ မိမိသည်သာ အရာရာတိုင်း ၏ဗဟို၊ မိမိသည် အရာရာတိုင်း၏ အချက်အချာ ဖြစ်သည်ဟု ယုံကြည်၏။ ယုံကြည်သည့်အတိုင်း လည်း စွဲလမ်း၏။ ဤသည်မှာ ဒိဋ္ဌိဖြင့် စွဲလမ်းသော အတ္တ၏ သဘော ဖြစ်၏။

ဤချွတ်ယွင်းချက်မှာ ဝိဇ္ဇာနှင့် စရဏတို့၏ အချင်းချင်း မညီညွတ်မှုကြောင့် ဖြစ်ပေါ်လာရသော ချွတ်ယွင်းချက် ဖြစ်၏။ ဤချွတ်ယွင်းချက်ကြောင့် ခေါင်းဆောင်လုပ်သူများကလည်း မိမိနိုင်ငံအတွင်းရှိ နိုင်ငံသားတို့၏ မွေးရာပါ ဘဝဆန္ဒများကို ဖြည့်


www.burmeseclassic.com

www.burmeseclassic.com


ဆည်းရာ၌ ကျေနပ်မှု ရရှိအောင် မဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရ၏။

အမှန်အားဖြင့် ခေါင်းဆောင်လုပ်သူသည် ငယ်သားများထက် **အသိ** (ဝိဇ္ဇာ) ရေးရာ၌လည်း ပိုသင့်၏။ **အကျင့်** (စရဏ) ရေးရာ၌လည်း ပိုသင့်၏။ အသိနှင့် အကျင့်သည် ငွေစက္ကူတစ်ရွက်၏ ခေါင်းနှင့်ပန်းလို တစ်ခုမရှိလျှင် အသုံးပြု၍ မရသည့်သဘောဖြင့် အချင်းချင်း လိုက်လျောညီထွေ ရှိသင့်ပါ၏။ သို့မဟုတ်ဘဲ ခေါင်းဆောင်လုပ်သူများသည် မိမိတို့၏ လမ်းညွှန်ကြမ်းများက ညွှန်ကြားထားသည့်အတိုင်း အသိပိုင်းကိုသာ ယူပြီး အကျင့်ပိုင်းကို မယူဘဲ မိမိတို့ ထင်သလို မိမိနှင့် မိမိ၏ အသိုက်အဝန်းအတွက်သာ ရနိုင်သမျှ အခွင့်အရေး အားလုံးကို ခံစားနိုင်အောင် ဆောင်ရွက် ပေးပြီး ကျန်နိုင်ငံသားများ အတွက်မူ ဝတ်ကျေဝတ်ကုန် သဘောမျိုးထားကာ မညီမမျှ အဂတိ ဓမ္မဖြင့် ဆောင်ရွက်ပေးမည်ဆိုပါလျှင် ထို ခေါင်းဆောင်မျိုးသည် အဓမ္မ ခေါင်းဆောင်မျိုးသာ ဖြစ်ပေလိမ့်မည်။ ထိုနိုင်ငံသည်လည်း စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်းကို ကြိတ်မှိတ် ခံစားနေရရှာသော နိုင်ငံသူ၊ နိုင်ငံသားတို့ မှီတင်းနေထိုင်ရာ ဤကမ္ဘာမြေပြင်ပေါ်က ငရဲပြည်တစ်မျိုးသာ ဖြစ်ပေလိမ့်မည်။

အသောကမင်းကြီး ကျောက်စာရေးထိုးခဲ့သည့် အတိုင်း အားလုံးသော အယူဝါဒရှင်များသည်


www.burmeseclassic.com

www.burmeseclassic.com


လောက၏ အစီးအပွားအတွက် မိမိတို့မှာ ဒေသနာများ၊ ကျမ်းဂန်များဖြင့် ဝိဇ္ဇာကိုလည်း ပေးပါ၏။ စရဏကိုလည်း ပေးပါ၏။ သို့ရာတွင် ထိုထိုဝါဒရှင်များ ကိုယ်တိုင် မည်မျှလောက်သော အတိုင်းအတာအထိ ဝိဇ္ဇာကို သိပါသနည်း။ မည်မျှလောက်သော အတိုင်းအတာထိ စရဏကို ကျင့်ပါသနည်း။ ထိုထိုဝါဒရှင်များ သင်ကြားပြသ ပေးခဲ့သော ဝိဇ္ဇာနှင့် စရ ဏသည် လောက၏ အစီးအပွားအတွက် မည်မျှလောက်သော အတိုင်းအတာအထိ အသုံးကျပါသနည်း။ ဤမေးခွန်းများသည်လည်း မေးထိုက်သော မေးခွန်းများပင် ဖြစ်၏။

ဗုဒ္ဓဝါဒ ရှုထောင့်မှ ကြည့်၍ ယင်းမေးခွန်းများကို ဖြေရလျှင် ထိုထိုဝါဒရှင်များသည် ကိလေသာ တန်းလန်းနှင့် မိမိမြင်သော ဝိဇ္ဇာ၊ မိမိကျင့်သော စရဏတို့ကိုသာ ဟောပြောသွန်သင်နိုင်ကြသူများ ဖြစ်ကြောင်း တွေ့ရပါ၏။ ထိုအခါ ထိုထိုဝါဒရှင်များ၏ ဝါဒများသည် ဘက်လိုက်သော ဝါဒများသာ ဖြစ်ပေလိမ့်မည်။ အမှန်အားဖြင့် ကိလေသာ တန်းလန်းရှိနေသော မည်သည့်ဝါဒရှင်မျှ တကယ်တမ်း မှန်ကန်သော ဝိဇ္ဇာနှင့် တကယ်တမ်း ဖြူစင်သော စရဏကို ဖော်ထုတ်သွန်သင်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်။

ထိုထို ဝါဒရှင်များအနက် အချို့သည် လောကတစ်ခုလုံးအတွက် ခြုံ၍ ဝိဇ္ဇာနှင့်စရဏကို သွန်သင်


www.burmeseclassic.com

www.burmeseclassic.com


ပေးကြခြင်း ဖြစ်နိုင်ပါ၏။ သို့ရာတွင် များသော အားဖြင့် အချို့က ဘာသာရေး ခေါင်းဆောင်များကို အကာအကွယ် ပေးသောအားဖြင့် လည်းကောင်း၊ အချို့က မင်းစိုးရာဇာများကို အကာအကွယ်ပေး သောအားဖြင့် လည်းကောင်း၊ အချို့က မြေရှင် ပဒေသရာဇ်များကို အကာအကွယ် ပေးသောအားဖြင့် လည်းကောင်း၊ အချို့က အရင်းရှင်များကို အကာ အကွယ် ပေးသောအားဖြင့် လည်းကောင်း၊ အချို့က စက်ရုံ၊ အလုပ်ရုံ လုပ်သားများကို အကာအကွယ် ပေးသောအားဖြင့် လည်း ကောင်း အချို့က လယ် ယာ လုပ်သားများကို အကာအကွယ် ပေးသော အားဖြင့် လည်းကောင်း စသည် စသည်အားဖြင့် ဝိဇ္ဇာနှင့် စရဏကို သွန်သင်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရပါ၏။

ထိုထို ဝါဒများနှင့် စပ်လျဉ်း၍ လေ့လာသူ များကို ကြည့်လျှင်လည်း လေ့လာသူများသည် ကိလေသာ တန်းလန်းနှင့် လေ့လာသူများသာ ဖြစ် ကြ၏။ ကိလေသာ တန်းလန်းနှင့် လေ့လာနေသမျှ ကာလပတ်လုံး အမှတ်မှားမှု (သညာဝိပလ္လာသ)၊ အသိမှားမှု (စိတ္တ ဝိပလ္လာသ)၊ အယူမှားမှု (ဒိဋ္ဌိ ဝိပလ္လာသ)တို့ဖြင့်သာ လေ့လာကြရမည် ဖြစ်ရာ၊ ထိုထိုဝါဒများကို သိရာ၌ ထိုပုဂ္ဂိုလ်များ၏ အသိများ သည်လည်း မှားယွင်းသော အသိများသာ ဖြစ်ဖို့


www.burmeseclassic.com

www.burmeseclassic.com


များလေ၏။ ထိုအသိအတိုင်း ကျင့်ရာ၌လည်း မှား ယွင်းသော အကျင့်များသာ ဖြစ်ဖို့ များလေ၏။

သို့ဖြစ်လျှင် ထိုအသိ၊ ထိုအကျင့်ဖြင့် ခေါင်းဆောင်များသည် မိမိတို့နိုင်ငံရှိ နိုင်ငံသားများ၏ မွေးရာပါ ဘ၀ဆန္ဒများကို မှန်ကန်စွာ ဖြည့်ဆည်းရန် မည်သို့လျှင် ဆောင်ရွက်နိုင်စွမ်း ရှိပါမည်နည်း။ ထို့ကြောင့် ကိလေသာတန်းလန်းနှင့် ပြုစုထားသော ၀ါဒရှင်များ၏ ဘက်လိုက်သော လမ်းညွှန်မှုများကို ခံယူပြီး ဆောင်ရွက်ကြသော ဆောင်ရွက်ချက်များသည် ဆိုင်ရာဆိုင်ရာ နိုင်ငံသားတို့အတွက် ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို ဖြစ်ပေါ်စေရန် များစွာပင် ခဲယဉ်းပေလိမ့်မည်။

ဤနေရာ၌ ဓမ္မပဒ၊ ဗာလ၀ဂ်၊ ဂါထာ ၆၃ လာ ဘုရားရှင်၏ ဟောကြားချက်ကို များစွာ မှတ်သားအပ်ပါ၏။ ဓမ္မပဒက ဤသို့ဆို၏။

- လူမိုက်ဖြစ်ပါလျက် မိမိ လူမိုက်ဖြစ်ကြောင်းကို သိ၏။
  ထိုသို့ သိခြင်းကြောင့်ပင် ထိုသူကို ပညာရှိဟု ဆိုရ၏။
- လူမိုက်ဖြစ်ပါလျက် မိမိကိုယ်ကို ပညာရှိဟု ထင်၏။
  ထိုသူသည်သာ တကယ့်လူမိုက်စစ်စစ် ဖြစ်၏။

ဓမ္မပဒ ဂါထာ ၆၃ ဒုတိယ ဂါထာ၀ဂ်လာ


www.burmeseclassic.com

www.burmeseclassic.com


အဆို အမိန့်များသည် စာတတ်ပေတတ် ပုဂ္ဂိုလ်များ၌ အဖြစ်များဖွယ် ရှိ၏။ ဗုဒ္ဓဒေသနာတော်အရ ပုထုဇဉ်များသည် အသိမှား၊ အမှတ်မှား၊ အယူမှား ဟူသော ဝိပလ္လာသတို့ကို မပယ်နိုင်သေးသဖြင့် မည်သည့် စာပေ ပညာရှိမဆို သူ၏အသိ၊ သူ၏ အကျင့်သည် ပြည့်စုံနိုင်ဖွယ်၊ မှန်ကန်နိုင်ဖွယ် မရှိ။

ဆင်ကို စမ်းသပ်ကြသော မျက်မမြင် ပုဏ္ဏားဖြယောက်တို့၏ အသိမျိုးကဲ့သို့ မိမိတို့၏ ရှုထောင့်အလိုက် သိခြင်းသဘောကိုသာ ဆောင်ရမည်ဖြစ်၏။ သို့ရာတွင် စာတတ် ပေတတ် ပုဂ္ဂိုလ်များသည် မိမိတို့၏ စာသိကို ခန္ဓာသိဟု ယူဆပြီး ကျေနပ်နေတတ်ကြ၏။

ထို့ကြောင့် ဓမ္မပဒဂါထာ ၆၃လာ ဒုတိယဝဂ်၏ အဆိုအမိန့်သည် စာတတ်ပေတတ် ပုဂ္ဂိုလ်များ၌ အဖြစ်များဖွယ် ရှိ၏ဟု ဆိုခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဒေသနာတော်အရ ခန္ဓာသိ ဟူသည် ပွားခြင်း၊ ကြိမ်ဖန်များစွာ ပြုခြင်း၊ ကိုယ်တိုင်အားထုတ်ခြင်းဖြင့်သာ ရနိုင်သော အသိမျိုးဖြစ်၏။ စာပေလေ့လာရုံမျှနှင့် ရနိုင်သော အသိမျိုး မဟုတ်။

စာပေကို လေ့လာဖတ်ရှုလျှင် စာပေကို သိရ၏။ ခန္ဓာကို လေ့လာပြီး ရှုမှသာလျှင် ခန္ဓာကို သိရ၏။ ခန္ဓာသိကို ရပါမှ မှားယွင်းသော အမှတ်၊ မှားယွင်းသော အသိ၊ မှားယွင်းသော အယူတို့ကို တဖြည်းဖြည်းချင်း ပယ်နိုင်၏။


www.burmeseclassic.com

www.burmeseclassic.com


မှားယွင်းသော အမှတ်၊ အသိ၊ အယူတို့ကို ပယ်နိုင်သည်နှင့်အမျှ တဏှာဖြင့်စွဲသော အတ္တ၊ မာနဖြင့်စွဲသော အတ္တ၊ ဒိဋ္ဌိဖြင့်စွဲသော အတ္တတို့ကိုလည်း ပယ်ပြီးဖြစ်၏။ ယုတ်မာမှု အားလုံးတို့၏ တရားကိုယ် အတ္တ ပါးသည်နှင့်အမျှ ကိလေသာများလည်း ပါးကြလေ၏။

ထိုအခါမှသာ ဝိဇ္ဇာနှင့် စရဏတို့သည် အချင်းချင်း လိုက်လျောညီထွေ ရှိနိုင်ကြ၏။ အချင်းချင်း လိုက်လျောညီထွေရှိသော ဝိဇ္ဇာနှင့် စရဏတို့ဖြင့်သာ လူတို့၏ မွေးရာပါ ဘဝဆန္ဒများကို မှန်ကန်စွာ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပေ၏။

မြန်မာနိုင်ငံ၌ ရေခံမြေခံ ဗုဒ္ဓ၏ ထေရဝါဒ ရှိ၏။ ယင်းဝါဒကား ကိလေသာတန်းလန်းနှင့် ဘက်လိုက်၍ ပြုစုထားသော ပုထုဇဉ်တို့၏ ဝါဒ မဟုတ်၊ ကိလေသာ ဟူသရွေ့ အကြွင်းမဲ့ ပယ်တော်မူပြီးဖြစ်သော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏ ဘက်မလိုက်သော ဝါဒဖြစ်၏။

ထို့ကြောင့် ဘက်လိုက်သော နိုင်ငံခြားဖြစ် ဝါဒများမှ ရရှိသော ဝိဇ္ဇာနှင့် စရဏတို့ဖြင့် မြန်မာနိုင်ငံသားတို့၏ မွေးရာပါ ဘဝဆန္ဒများကို ဖြည့်ဆည်းရန် အားထုတ်မည့်အစား၊ မိမိတို့၏ ရေခံမြေခံဖြစ်သော ထေရဝါဒမှ ရရှိသည့် ဝိဇ္ဇာနှင့် စရဏတို့ဖြင့်သာ မြန်မာနိုင်ငံသားတို့၏ မွေးရာပါ ဘဝဆန္ဒများကို ဖြည့်ဆည်းရန် အားထုတ်သင့်၏။


www.burmeseclassic.com

www.burmeseclassic.com


ယင်းသို့ အားထုတ်မည်ဆိုပါလျှင် ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်း တို့ကို အခြားနိုင်ငံသားများထက် ပို၍ ပြည့်ဝစွာ ခံစားရရှိနိုင်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လမ်းညွှန်ချက်များ အဖြစ်ဖြင့် မိမိတို့ခံယူကျင့်သုံး သော ဝါဒချင်းမတူသောကြောင့် ဖြစ်၏။

လူမှုဘဝကို တည်ဆောက်ရာ၌ ထေရဝါဒနှင့် အခြားဝါဒများသည် အချင်းချင်း လမ်းညွှန်ပုံချင်း မတူကြ။ ထေရဝါဒက ဤသို့ညွှန်၏။

ရတနသုတ် ပရိတ်တော်၌ "ရောဂအမနုဿ ဒုဗ္ဘိက္ခ သမ္ဘူတံ တိဝိဓံ ဘယံ"ဟူ၍ ဤလောက၌ (၁)အနာရောဂါဘေး၊ (၂) လူမဆန်သော ပုဂ္ဂိုလ် တို့၏ အမနုဿဘေး၊ (၃) ငတ်မွတ်ခေါင်းပါးခြင်း ဘေး အားဖြင့် ဘေးသုံးမျိုးရှိရာတွင် ယင်းဘေးများမှ လူအပေါင်းတို့ကို ကယ်တင်ရာ၌ လည်းကောင်း၊ အမနုဿဘေးမှ ဖြစ်ပေါ်လာသော သောက ပရိဒေဝ စသော ဆင်းရဲဒုက္ခ အပေါင်းမှ ကယ်တင်ရာ၌ လည်းကောင်း အစဉ်အတိုင်း ဦးစားပေး၍ ကျင့်ရန် သတ်မှတ်ထားသော နည်းသုံးနည်းရှိ၏။ ယင်းတို့ မှာ–

(၁) မိမိနိုင်ငံ၏ အကျိုးကို ပထမ ဦးစား ပေး၍ ကျင့်ရမည်။

(၂) မိမိအသင်းအဖွဲ့ (ဝါ) အသိုက်အဝန်း


www.burmeseclassic.com

www.burmeseclassic.com


၏ အကျိုးကို ဒုတိယ ဦးစားပေး၍ ကျင့်ရမည်။
(၃) မိမိ၏ အကျိုးကို နောက်ဆုံးထား၍ ကျင့်ရမည်။

ဟူ၍ ခေါင်းဆောင်ကောင်း တစ်ယောက် အနေဖြင့် မိမိ ပါရမီ ဖြည့်စဉ်က မိမိကိုယ်တိုင် ကျင့်ခဲ့သည့် နည်းများကို မြတ်စွာဘုရား ဖော်ပြထားကြောင်း တွေ့ရ၏။ ဤကျင့်စဉ်အရဆိုလျှင် မိမိနိုင်ငံအတွက် မိမိအဖွဲ့အစည်းကို "စတေး"ရမည်။ မိမိအဖွဲ့အစည်းအတွက် မိမိကိုယ်ကို စတေးရမည်။

အမှန်အားဖြင့် ခေါင်းဆောင် လုပ်ကိုင်လိုသူမည်သူမဆို မိမိ၏ အကျိုးကို အများအတွက် စတေးနိုင်ပါမှ အများ၏ အလေးအမြတ်ပြုခြင်း၊ ကြည်ညိုခြင်း၊ ပူဇော်ခြင်း၊ မြတ်နိုးခြင်း တို့ကို ခံယူရရှိပေလိမ့်မည်။

လူတို့၏ မွေးရာပါ ဘဝဆန္ဒငါးမျိုးကို ဖြည့်ဆည်းရန် အားထုတ်ရာ၌ အသောကမင်းကြီးသည် ထေရဝါဒ၏ လမ်းညွှန်ချက်ကို ခံယူ၍ ဆောင်ရွက်ခဲ့ကြောင်း အရှင်အာဒိစ္စဝံသ၏ **အသောကကျောက်စာတော်** မြန်မာပြန်စာအုပ်၌ ဖတ်ရှုရ၏။ ယောမင်းကြီးဦးဖိုးလှိုင်နှင့် ကနောင်မင်းသား ကြီးတို့သည်လည်း မင်းတုန်းမင်းကြီး၏ အားပေးခွင့်ပြုချက်အရ မြန်မာနိုင်ငံကို ခေတ်မီတိုးတက်သော နိုင်ငံတစ်နိုင်ငံ ဖြစ်စေ


www.burmeseclassic.com

www.burmeseclassic.com


ရေး အတွက်အုပ်ချုပ်ရေး၊စီးပွားရေး၊ ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ နိုင်ငံခြားဆက်ဆံရေး၊ လမ်းပန်း ဆက်သွယ်ရေး စသော ရေးရာ အဖြာဖြာတို့၌ မျက်မှောက်ခေတ်နှင့် အညီ ပြန်လည်ပြင်ဆင် အားထုတ်ရာတွင် ထေရဝါဒ၏ လမ်းညွှန်ချက်ကို ယူ၍ အားထုတ်ခြင်းဖြစ်ကြောင်း **ရာဇဓမ္မသင်္ဂဟကျမ်း၌** ဖတ်ရှုရ၏။

လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သေဋ္ဌိလာ ဘိဝံသ၏ **လက်တွေ့အသုံးချ အဘိဓမ္မာ တရားတော်** စာအုပ်၌ အနုဋီကာဆရာ ရှင်ဓမ္မပါလ ၏ **ဥဋ္ဌာရဗ္ဘသယာန် နိသမ္မကာရိန် ပယောဂသမ္ပတ္တိ နာမမနာ ပါယေဝဟောတိ**- လူတစ်ယောက်ဟာ မြင့်မြတ်တဲ့ စိတ်နေစိတ်ထားလည်း ရှိမယ်၊ စဉ်းစဉ်းစားစားလည်း လုပ်တတ်မယ်၊ လုပ်ပုံကိုင်ပုံလည်း မှန်မယ်ဆိုရင် နှစ်သက်ဖွယ် ကောင်းလှပါတယ် ဟူ၍ ဖော်ပြထားသည်ကို ဖတ်ရှုရ၏။

ဒုတိယအကြိမ် ထပ်၍ ဆိုချင်ပါ၏။ မြန်မာနိုင်ငံသားတို့၏မွေးရာပါဘဝဆန္ဒငါးမျိုးကို ဖြည့်ဆည်းရန် ဆောင်ရွက်ရာတွင် ရေခံမြေခံဖြစ်သော ထေရဝါဒအနှုတ်မြစ်ကို ချ၍ ထေရဝါဒ၏ လမ်းညွှန်မှုကို ခံယူပြီး ဆောင်ရွက်ပါက အခြား နိုင်ငံသားတို့ ထက် ပို၍ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို ခံစားနိုင်ပေလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com


အဘယ်ကြောင့်ဆိုသော် ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်း ဟူသည်မှာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ၌ မတည်ဘဲ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ၌သာ တည်သောကြောင့် ဖြစ်ပါ၏။

ထို့အပြင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများနှင့် ပတ်သက်၍ ဒုစရိုက်အားလုံးမှ အပြီးအပိုင် ရှောင်ကြဉ်နိုင်သော ကိုယ်ကျင့်သီလကို ပညာနှင့်သမာဓိတို့က မိမိတို့နှင့် တစ်ပြိုင်တည်း၊ တစ်ခဏတည်း ယှဉ်ဖက်အဖြစ် ထုတ်ဖော်နိုင်သော မဇ္ဈိမပဋိပဒါ အကျင့်မြတ်သည် ထေရဝါဒ၌သာ ရှိပါ၏။ အခြားမည်သည့် ဝါဒ၌မျှ မရှိပါချေ။ သို့ရာတွင် ထေရဝါဒကို လောကီရေးရာ ဖွံ့ဖြိုးမှုများ၌ သုံး၍မရဟု ဆင်ခြေပေးလိုပါက နိရုတ္တ ကျမ်းဆရာ "ယာသ"၏ "သော ပုရိသဂရယှာ၊ နသတ္တဂရယှာ။ **သော၊** ဤသို့ အသုံးမကျမှုသည်။ **ပုရိသဂရယှာ၊** အသုံးမချတတ်သူ၏ အပြစ်တည်း။ **သတ္တ ဂရယှာ၊** ကျမ်းစာသို့မဟုတ် ဝါဒ၏ အပြစ်သည်။ **န၊** မဟုတ်" ဟူသော အဆိုအမိန့်ကို နာကြားစေလိုပါကြောင်း ဖော်ပြအပ်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com

# ၄
# ထေရဝါဒနှင့်အညီ ကိုယ်ကျင့်သိက္ခာကို တည်ဆောက်ပါ

လောကဟူသည် ပရမတ္ထ အနေဖြင့် "သင်္ခါရ လောက"သာ ရှိ၏။ ယင်းကိုပင် "အန္ဓပုထုဇဉ်" များက ပရမတ္ထအနေဖြင့် မမြင်ဘဲ ပုဂ္ဂိုလ်၊ သတ္တဝါ အနေဖြင့် မြင်သောအခါ "သတ္တလောက"ဟု ဆိုကြ၏။ ဘုံဗိမာန် သက်မဲ့ ရုပ်ဝတ္ထုအနေဖြင့် မြင်သောအခါ "ဩကာသလောက"ဟု ဆိုကြ၏။ ကလျာဏ ပုထုဇဉ်များကမူ "ဉာတ ပရိညာ"အဆင့် မျှဖြင့်ပင် ပုဂ္ဂိုလ်၊ သတ္တဝါ မရှိကြောင်းကိုလည်း သိ၏။ ထို့ကြောင့် ကလျာဏ ပုထုဇဉ်များ သည် ပုဂ္ဂိုလ်၊ သတ္တဝါနှင့် ဘုံဗိမာန် သက်မဲ့ ရုပ်ဝတ္ထု အဆင့်ကို ထွင်းဖောက်၍ ပရမတ္ထအဆင့် ဖြစ်သော "သင်္ခါရ ဓမ္မ"အထိ မြင်ကြ၏။ ထိုသို့မြင်မှသာ မျက်ကန်း ''အန္ဓပုထုဇဉ်'' အဖြစ်မှ လွတ်မြောက် ၏။ ထိုသို့ မမြင်နိုင်သေးလျှင် မျက်ကန်း "အန္ဓ ပုထုဇဉ်"သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


**"အန္ဓဘူတော အယံ လောကော–** ဤလောကသည်အမိုက်တိုက်သာ ဖြစ်၏" ဟု မြတ်စွာဘုရားသခင်သည် အန္ဓပုထုဇဉ်များကို ရည်ရွယ်၍ ဟောတော်မူခဲ့၏။ အန္ဓပုထုဇဉ်များတွင်လည်း လောကအပေါ် မေတ္တာ၊ ကရုဏာရှိသော အန္ဓပုထုဇဉ်များလည်း ရှိကြသေး၏။ သို့ရာတွင် သူတို့အတွက် လောကသည် အမိုက်တိုက်သာ ဖြစ်၏။

ထို့ကြောင့် သူတို့သည် လောကကို အမှန်အတိုင်း မမြင်နိုင်ကြ။ တစ်ခါတစ်ရံ သူတို့၏ မေတ္တာနှင့် ကရုဏာတို့၏ အာနုဘော်ကြောင့် လကွယ်ညည့် သန်းခေါင်ယံ၌ ရုတ်တရက် လျှပ်စီးလက်လိုက်သောအခါ ယင်းလျှပ်စီးရောင်ကြောင့် ပတ်ဝန်းကျင်ကို အထိုက်အလျောက် မှန်မှန်ကန်ကန်မြင်ရသကဲ့သို့ လျှပ်စီးရောင်သဖွယ် အထိုက်အလျောက် မှန်ကန်သော ဉာဏ်အလင်းရောင်သည် ထိုမေတ္တာရှင်၊ ကရုဏာရှင်များအတွက် ပေါ်တတ်ပါသည်။

ခဏခေတ္တမျှ ရလိုက်သော ထိုဉာဏ်အလင်းရောင်ဖြင့်ထိုမေတ္တာရှင်၊ ကရုဏာရှင်များသည်လည်း လောကအတွက် အထိုက်အလျောက် အသုံးကျသော အမြင်ထူးများကိုဖော်ထုတ်ပေးခဲ့ကြ ပါ၏။ ထိုအမြင်ထူးများသည် ကဗျာများလည်း ဖြစ်နိုင်၏။ အနုပညာရပ်များလည်း ဖြစ်နိုင်၏။ ဒဿန ပညာရပ်များလည်း ဖြစ်နိုင်၏။ သိပ္ပံနိယာမများလည်း ဖြစ်နိုင်၏။


www.burmeseclassic.com

www.burmeseclassic.com


အခြား တစ်နည်းနည်းဖြင့် လောကအတွက် အထိုက်အလျောက် အသုံး ကျသော ပညာရပ်များနှင့် နိယာမများလည်း ဖြစ်နိုင်ပါ၏။ သို့ရာတွင် လောကအတွက် အပြည့် အစုံ အသုံးကျသော ပညာရပ်များနှင့် နိယာမများကား မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်များ၏ အမြင်သည် အမိုက်တိုက်ထဲမှ ခဏခေတ္တမျှသာ ထွက်ပေါ်ပြီး ပျောက်ကွယ်သွားသော လျှပ်စီးရောင်၏ အဆင့်မျိုးမျှသာ ဖြစ်သောကြောင့် ဖြစ်၏။ လျှပ်စီးရောင်၏ အလင်းသည် မည်မျှရှိသည်ကို အားလုံး သိကြ၏။

မြတ်စွာဘုရား ပွင့်တော်မူသောအခါ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေသနာတော်များသည် လျှပ်စီးရောင်ပမာဏဖြင့် မြင်ရသော လောကဆိုင်ရာ အကြောင်းအရာများ ဖြစ်စဉ်များ မဟုတ်။ နေမင်း၏ အလင်းရောင်၌ မြင်ရသော လောက၏ အကြောင်းအရာများနှင့် ဖြစ်စဉ်များသာ ဖြစ်၏။

ထို့ကြောင့် နေ့ခင်းကြောင်တောင် နေမင်း၏ အလင်းရောင်ဖြင့် လောကကို ကြည့်သောအခါ သတ္တလောက၏ သဘောကိုလည်း ဟုတ်တိုင်း မှန်စွာ မြင်ရ၏။ သင်္ခါရလောက၏ သဘောကိုလည်း ဟုတ်တိုင်း မှန်စွာမြင်ရ၏။ ဩကာသလောက၏ သဘောကိုလည်း ဟုတ်တိုင်း မှန်စွာမြင်ရ၏။ ထိုကဲ့သို့ ဟုတ်တိုင်းမှန်စွာ မြင်ရ သည့်အတိုင်းပင် ဝေနေ


www.burmeseclassic.com

www.burmeseclassic.com


ယျတို့အား စရိုက်အလိုက်၊ ဣန္ဒြေအလိုက် ဟော ကြားတော်မူခဲ့၏။

ဝေနေယျတို့ကလည်း မြတ်စွာဘုရားသခင် ၏ ဒေသနာတော်လာ အနက် အဓိပ္ပါယ်တို့ကို နေ့ခင်းကြောင်တောင် နေမင်း၏ အလင်းရောင်၌ မြင်ရသည့်အတိုင်း မှန်ကန်စွာ မြင်ရ၏။ ယီတီး ယောင်တောင် မြင်ရခြင်းမျိုးမဟုတ်။ ထို့ကြောင့် "အရိယသစ္စာ"ကို မြင်ရသောအခါ ဒေသနာတော် ၏အဆုံး၌ ဆိုင်ရာ ဝေနေယျတို့က "တပည့်တော် တို့အတွက် အလင်းရောင်သည် ဖြစ်ပေါ်ခဲ့ပါပြီ"ဟု ထုတ်ဖော်၍ လျှောက်ထားကြခြင်း ဖြစ်၏။ ယင်း သို့ လျှောက်ထားခြင်းကို ပါဠိဝေါဟာရအားဖြင့် "အာလောကော ဥဒပါဒိ"ဟု ဒေသနာတော်၌ ဖော်ပြ ထား၏။

ဗုဒ္ဓသာသနာတော်အရ "ဘဝ"ကို အမိုက် တိုက်ဖြင့်လည်း ကြည့်၏။ အလင်းရောင်ဖြင့်လည်း ကြည့်၏။ အမိုက်တိုက်ဖြင့် ကြည့်သူကို အန္ဓပုထုဇဉ် ဟု ခေါ်၏။ အလင်းရောင်ဖြင့် ကြည့်သူကို ကလျာ ဏ ပုထုဇဉ်ဟု ခေါ်၏။ အမိုက်တိုက်ဖြင့် ကြည့်သော အခါ "ဘဝ"ကို ရုပ်နှင့်နာမ်အဖြစ် လည်းကောင်း၊ ရုပ်နှင့် နာမ်တို့၏ ကြောင်းကျိုးဖြစ်စဉ်အဖြစ် လည်း ကောင်း မမြင်။ "ဘဝ"ကို ပုဂ္ဂိုလ်၊ သတ္တဝါ အဖြစ် သာ မြင်၏။ ငါ၊ ငါ့ဟာ၊ ငါ့ဥစ္စာ အဖြစ်သာ မြင်၏။ ထိုအခါသူ၏ဘဝသည် မည်းမှောင် နေသည်


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်စေ၊ မည်မျှပင်အကျည်းတန်သည် ဖြစ်စေ၊ သာယာဖွယ် "သုဘ" အဖြစ်သာ မြင်တော့၏။ သာယာဖွယ် "သုဘ" အဖြစ်သာ မြင်သည်နှင့် တစ်ပြိုင်နက် သူ့၏ဘဝကို အမြဲ တည်တံ့အောင်၊ အမြဲ ချမ်းသာအောင်၊ မိမိ၏ အလိုဆန္ဒအတိုင်း ဖြစ်အောင် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ဘက်ပေါင်းစုံမှ နည်းပေါင်းစုံဖြင့် ကြိုးစား၏။

မိမိအတွက်ရရာရကြောင်းကို ကြံ၏။ တွေးတော၏။ ဤသဘောကို "ကာမဝိတက်" ဟု ခေါ်၏။ ဓမ္မနိယာမအတိုင်း ကြံသော်လည်း ရချင်မှ ရ၏။ တွေးတောသောလည်း ရချင်မှရ၏။ထိုသို့ ကြံတိုင်း၊ တွေးတောတိုင်း ရသောအခါ ပျော်၏။ ကျေနပ်၏။ ထိုအခါ သောမနဿ ဝေဒနာဖြစ်၏။ သောမနဿ ဝေဒနာဖြစ်သောအခါ "တဏှာ"ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ တဏှာဖြစ်လျှင် "ဥပါဒါန်"၊ ထိုနောက် "ကံ"၊ ထိုနောက် "ဇာတိ"၊ ထိုနောက် "ဇရာ"၊ ထိုနောက် "မရဏ"၊ ဤပဋိစ္စသမုပ္ပါယ်ကား အလယ်မှစသော ဖြစ်၏။

ဒွါရနှင့်အာရုံတို့ တွေ့ဆုံရာမှ "တိဏ္ဏံ သင်္ဂတိ ဖဿော" အရဖြစ်ပေါ်လာသော "ကာမဝိတက်" အပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော ပဋိစ္စသမုပ္ပါဒ်ဖြစ်သောကြောင့် အပါယ်ဇာတိ၊ အပါယ်ပဋိသန္ဓေ ဖြစ်၏။ အပါယ်ဇာတိနှင့် အပါယ်မရဏ အကြား တွေ့ကြုံရမည့် သောက၊ ပရိဒေဝ ဒုက္ခ


www.burmeseclassic.com

www.burmeseclassic.com


ဒေါမနဿ၊ ဥပါယာသ တို့ကိုမူ မည်မျှရှိမည်ဟု ခန့်မှန်း၍ မရနိုင်အောင်ပင် ဖြစ်၏။ ဤသည်မှာ အမိုက်တိုက်ဖြင့် "ဘဝ"ကို ကြည့်တတ်သော အန္ဓ ပုထုဇဉ်တို့၏ သွားလာလမ်း ဖြစ်၏။

အကယ်၍ မိမိ ကြံတိုင်း၊ တွေးတောတိုင်း မဖြစ်ခဲ့သော် စိတ်ဆိုး၏။ ထိုသို့ မဖြစ်ခြင်းသည် သူ၏ အကြံအစည်နှင့် ရရာ ရကြောင်းအတွက် အဟန့်အတား ဖြစ်၏။ ထိုသဘောကို "ဗျာပါဒ ဝိ တတ်"ဟု ခေါ်၏။ "ဗျာပါဒဝိတက်"သည် "ကာမ ဝိတတ်"၏ အနှောင့်အယှက်နှင့် အတား အဆီးဖြစ် ၏။ ထိုအနှောင့်အယှက်နှင့် အတားအဆီး ကို မလွဲမသွေ ဖယ်ရှားရမည် ဖြစ်၏။ ထိုသို့ ဖယ်ရှား ရာတွင် တရားသောနည်းကိုဖြစ်စေ၊ မတရားသော နည်းကိုဖြစ်စေ အလျဉ်းသင့်သလို သုံးမည်ဖြစ်၏။ မိမိ၏ အကြံအစည်၊ မိမိ၏ လုပ်ငန်းအတွက်တော့ အဟန့်အတား အဖြစ်မခံနိုင်၊ မိမိ စီမံကိန်း ချထား သည့်အတိုင်း မဖြစ် ဖြစ်အောင် ဆောင်ရွက်ရမည် ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဤသည် မှာ ဒေါမနဿ ဝေဒနာဖြစ်၏။ ဒေါမနဿ ဝေဒနာ ဖြစ်လျှင် ပဋိစ္စသမုပ္ပါဒ်ကို အဆုံးမှ စခြင်း ဖြစ်၏။ အဆုံးမှ စလျှင်လည်း အပါယ်ပဋိသန္ဓေပင် ဖြစ်၏။

မိမိ၏ ဘဝ မျှော်မှန်းချက်အတွက် အခက် အခဲ များကို ဖယ်ရှား သုတ်သင်ခြင်းသည် "ဝိဟိံသ ဝိတက်"မည်၏။ "ဝိဟိံသ ဝိတက်" ၏ မူရင်း


www.burmeseclassic.com

www.burmeseclassic.com


အနက်သည် ရက်စက်ကြမ်းကြုတ်ခြင်း ဖြစ်၏။ မိမိ၏ဘဝကို အမိုက်တိုက်ဖြင့် ကြည့်တတ်သော အန္ဓပုထုဇဉ်အတွက် ရက်စက်ကြမ်းကြုတ်ခြင်းသည် တစ်နည်းအားဖြင့် ပျော်စရာဖြစ်၏။ ဤနေရာ၌ ယောမင်းကြီး ဦးဖိုးလှိုင်၏ **ရာဇ ဓမ္မသင်္ဂဟကျမ်း၊** စာမျက်နှာ ၁၂၆လာ "ဝေပစိတ္တိအသူရာ"နှင့် "သိကြားမင်း" တို့၏ အဆို အယူများကို မှတ်သား ဖွယ်ရာအဖြစ် ဖော်ပြအပ်ပါ၏။

ဝေပစိတ္တိအသူရာ ။ ။ "ပညာရှိသည် သူမိုက်ကို ပြင်းထန်စွာ ဒဏ်ပေးခြင်းဖြင့် တားမြစ်ရာ၏။ အကယ်၍ ပြင်းထန်စွာ ဒဏ်ပေးခြင်းဖြင့် မတားမြစ်ပါက သူမိုက်သည် ပို၍ ကြမ်းကြုတ် ပေလိမ့်မည်။"

သိကြားမင်း ။ ။ "ပညာရှိသည် အမျက် ထွက်နေသော သူမိုက်ကို အမျက်ထွက်မှန်း သိ နေလျှင် ပြန်၍ အမျက်မထွက်ဘဲ သည်းခံ၏။ ထိုသို့ သည်းခံခြင်းသည်ပင်လျှင် သူမိုက်ကို ဆုံးမခြင်း ဖြစ်၏။"

ဝေပစိတ္တိအသူရာ ။ ။ "သည်းခံခြင်းကိုပင် ကြောက်၍နေခြင်း ဖြစ်သည်ဟု သူမိုက်က ထင် တတ်၏။ ထိုအခါ ရှုံး၍ပြေးသော နွားကို နိုင် သောနွားက အတင်းလိုက်သကဲ့သို့ သူမိုက်သည် ပညာရှိကို ရိုင်းပျ စော်ကားတတ်၏။"

သိကြားမင်း ။ ။ "အားကြီးသူက အားနည်း


www.burmeseclassic.com

www.burmeseclassic.com


သူအား သည်းခံခြင်းကိုသာလျှင် မြတ်သော သည်းခံခြင်းဟု ဆိုရ၏။ အားနည်းသူက အား ကြီးသူအား သည်းခံခြင်းကိုမူ မြတ်သော သည်းခံခြင်းဟု မဆိုနိုင်။ အမျက်ထွက်နေသော သူကို ပြန်၍ အမျက်ထွက်၏။ ပြန်၍ အမျက် ထွက်သောသူသည် ပထမ အမျက်ထွက်သော သူထက် ပို၍ ယုတ်မာ၏။ ပြန်၍ အမျက် မထွက်မှသာလျှင် အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်သူမည်၏။"

ဤအမြင်သည် အမှောင်နှင့် အလင်းတို့၏ တန်ဖိုးချင်း ခြားနားချက်ကို ဖော်ပြသော ပုံစံများ ဖြစ်၏။ ဤတွင် "မိမိနိုင်ငံနှင့် မိမိလူမျိုးကို တိုင်း တစ်ပါးက စော်ကားလာပါက ငုံ့ခံနေမည်လား" ဟု မေးဖွယ် ရှိလာ၏။ ဤမေးခွန်း၏ အဖြေမှာ "မိစ္ဆာသက်ပ္ပ"ခေါ် "ကာမဝိတတ်"၊ "ဗျာပါဒ ဝိတက်"၊ "ဝိဟိံသဝိတက်"နှင့် "သမ္မာသက်ပ္ပ" ခေါ် "နေက္ခမ္မဝိတက်"၊"အဗျာပါဒဝိတက်"၊ "အဝိဟိံသ ဝိတက်"တို့၏ ခြားနားခြင်းအပေါ်၌ တည်၏။ ထို့အပြင် "အားရှိ"နှင့် "အားမဲ့"သဘော အပေါ် ၌လည်း တည်၏။ ကလျာဏ ပုထုဇဉ်များ အနေဖြင့် လောကအပေါ် အားလုံး ညီတူညီမျှ မေတ္တာထား ရမည်မှန်၏။ ကရုဏာ ထားရမည် မှန်၏။ မုဒိတာထားရမည် မှန်၏။ ဥပေက္ခာ ထားရ မည် မှန်၏။ သို့ရာတွင် မည်သည့် လူမျိုးမဆို မိမိ၏

www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံနှင့်လူမျိုးအပေါ် "ကတညုတ– ကတဝေဒီ" မင်္ဂလာတရားတော်နှင့် အညီ တာဝန်ကျေပွန်အောင် ကျင့်ကြံအားထုတ်ဖို့ လိုအပ်ပါ၏။

ထိုသို့ အားထုတ်ရာတွင် အဓမ္မအပေါ်၌ မရပ်တည်ဘဲ ဓမ္မအပေါ်၌ ရပ်တည်ဖို့လို၏။ ဓမ္မ အပေါ်၌ ရပ်တည်ဖို့ ဆိုသည်မှာ မိမိနိုင်ငံနှင့် လူမျိုးအတွက် မိမိ၏ ကိုယ်ကျိုး၊ ကိုယ့်စီးပွားကို စွန့်လွှတ်ခြင်း ဖြစ်၏။ ဤသည်မှာ "နေက္ခမ္မဝိတက်" သဘောကို ဆောင်ခြင်း ဖြစ်၏။ မိမိနိုင်ငံနှင့် မိမိလူမျိုးအပေါ် မေတ္တာထားခြင်းသည် အခြား သူများအပေါ် မုန်းတီး၍ မဟုတ်ဘဲ "ကတညုတ– ကတဒေဝီ" မင်္ဂလာတရားတော်နှင့်အညီ ကျင့်ခြင်း ဖြစ်၏။ ဤသည်မှာ "အဗျာပါဒဝိတက်" သဘောကို ဆောင်ခြင်း ဖြစ်၏။ မိမိနိုင်ငံနှင့် မိမိ လူမျိုးအပေါ် ကရုဏာထားခြင်းသည်လည်း အလားတူပင် မင်္ဂလာ တရားတော်နှင့် အညီ ကျင့်ခြင်း ဖြစ်၏။

ကလျာဏ ပုထုဇဉ်သည် အစဉ်သဖြင့် အနိမ့်မှ အမြင့်သို့ တက်နေသူဖြစ်၏။ အနိမ့်မှ အမြင့်သို့ တက်သူမှန်တိုင်း မိမိ၏ကိုယ်ကျိုး၊ ကိုယ်စီးပွားကို အများအတွက် မလွဲမသွေ စွန့်ရမည် ဖြစ်၏။ ဤသည်ကိုပင် ပါရမီဖြည့်ခြင်းဟူ၍ ဆိုရ၏။ ရတနသုတ် ပါဠိတော်၌ ဘုရားလောင်းသည် နိယတဗျာဒိတ်တော်ကို ရပြီးချိန်မှ စ၍ မိမိ အကျိုးစီးပွားထက် လောက၏ အကျိုးစီးပွားကို ဦးစားပေး၍


www.burmeseclassic.com

www.burmeseclassic.com


ဆောင်ရွက်ခြင်းအားဖြင့် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့် ကြောင်း ဖော်ပြထား၏။ ဇာတ်တော်များကို ဖတ်ရှု လေ့လာသောအခါ မြတ်စွာဘုရား အလောင်းတော်၊ ရှင်သာရိပုတ္တရာအလောင်းတော်၊ ရှင်မောဂ္ဂလ္လာန် အလောင်းတော်၊ ရှင်အာနန္ဒာ အလောင်းတော် စသူ တို့သည် မိမိတို့ကိုယ်တိုင် တိရစ္ဆာန်ဘဝ ရောက်သည့်အထိ အနစ်နာခံကာ လောက၏ အကျိုးစီးပွားကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ၏။ ဤသို့ ဆောင် ရွက်ခဲ့သော ပါရမီတော်တို့၏ အာနုဘော်ကြောင့် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိ မြင်တော်မူနိုင်ကြခြင်း ဖြစ်၏။ ဤမွန်မြတ်လှစွာ သော မေတ္တာ၊ ကရုဏာ တို့နှင့် ယှဉ်သော စေတနာ တို့ကြောင့် တိရစ္ဆာန် ဘဝတို့၌ ဖြစ်ရစေကာမူ မြင့်မား သောအဆင့်တို့၌ ဖြစ်ကြ၏။ လူများကိုပင် တရား ဓမ္မ ဟောပြောနိုင်လောက်အောင် အသိဉာဏ် ပညာ နှင့် ပြည့်စုံကြ၏။

ကလျာဏပုထုဇဉ်များသည် သစ္စာလေးပါး ကို ရအောင် အားထုတ်ရာ၌ ဥပနိဿယအနေဖြင့် မိမိကိုယ်ကို ငြမ်းကဲ့သို့ သဘောထားတတ်ကြ၏။ အားလုံး သိကြသည့်အတိုင်း ဘုရားထီးတော် တင် သောအခါ “ငြမ်း”ကို ဆင်ရ၏။ ထီးတော်ကို တင်ပြီးသည်နှင့် တစ်ပြိုင်နက် “ငြမ်း”ကို ဖျက်ရ၏။ ဤသဘောအတိုင်း ကလျာဏ ပုထုဇဉ်တို့သည်


www.burmeseclassic.com

www.burmeseclassic.com


အတုမဲ့ ချမ်းသာဖြစ်သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ရေးအတွက် ငြိမ်းသဖွယ် ပြုသင့် သော အကုသိုလ်များကို မလွှဲသာ မရှောင်သာ အခြေအနေမျိုးနှင့် ကြုံကြိုက်ပါက ပြုရကြောင်း မိုးကုတ် ဆရာတော် ဘုရားကြီးက **သစ္စာလေးပါး တရားတော် အမှတ်စဉ် ၂၄၊** စာမျက်နှာ ၂၇၈၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။

"စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ဘိက္ခုနီသုတ်၌ တဏှာမာန အရင်းခံ၍ မဂ် ဖိုလ်လှမ်းပုံနှင့် ပတ်သက်၍ တစ်ယောက်က ဒုက္ခချုပ် ငြိမ်းတဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ အဆင့်သို့ ရောက်လာတယ်။ သူ့လိုပဲ ဒုက္ခချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို လိုချင်လိုက်တာဆိုတဲ့ တဏှာမျိုး ကတော့ ဖြစ်ကောင်းတယ်။ တစ်ခါလာ ပြန်တယ်၊ မာနကလည်း တစ်ဦးသော ပုဂ္ဂိုလ်က ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကြီးကို ရောက် သွားတယ်။ သူလည်း ခန္ဓာငါးပါးနဲ့၊ ဒီဉာဏ်နဲ့၊ ဒီဆရာ ပေးတဲ့နည်း၊ ဒီလို လုပ်တာပဲ။ ကိုယ်လည်း ဒီဉာဏ်နဲ့၊ ဒီဆရာ ပေးတဲ့ နည်းပဲ။ ငါလည်း ဘယ့်နှယ်ကြောင့် မရ ရမှာလဲဆိုတဲ့ မာန်လည်း တက်ချင်တက်ကြပါ၊ ဒီလိုမာနကတော့ ဖြစ်ကောင်းပါတယ်"

ခန္ဓာငါးပါးတွင် အနိစ္စလက္ခဏာလည်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com


ဒုက္ခလက္ခဏာလည်း ရှိ၏။ အနတ္တလက္ခဏာလည်း ရှိ၏။ အနိစ္စလက္ခဏာ ဟူသည်မှာ ဖြစ် ပျက် အမှတ် အသား ဖြစ်၏။ သို့ရာတွင် ယင်း ဖြစ် ပျက် အမှတ် အသားကို "သန္တတိပညတ်"က ဖုံး၏။ သန္တတိ ပညတ်က ဖုံးထားသောကြောင့် အမြဲရှိနေသည့် အစဉ်အတန်းကြီးအဖြစ် မှတ်ယူ၍ တဏှာ၊ မာန၊ ဒိဋ္ဌိတို့က ငါ၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု စွဲလမ်း၏။ ဒုက္ခလက္ခဏာ ဆိုသည်မှာ အမြဲမပြတ် ညှဉ်းဆဲ နှိပ်စက်ခြင်း အမှတ်အသားတည်း။ သို့ရာတွင် ယင်း အမှတ်အသားကို "ဣရိယာပုတ်"ကဖုံး၏။ထိုသို့ ဖုံးထားသောကြောင့် ညှဉ်းဆဲ နှိပ်စက်နေသည်ဟု မမြင်တော့ဘဲ"သုခ"အဖြစ် ထင်မှတ်၍ စွဲလမ်း၏။ အနတ္တလက္ခဏာ ဆိုသည်မှာ မိမိ အလိုအတိုင်း မဖြစ်ခြင်း အမှတ်အသားဖြစ်၏။ ယင်း အမှတ် အသားကို "ဃနပညတ်"က ဖုံး၏။ ထို့ကြောင့် ဒြပ်၊ အစိုင်အခဲအဖြစ် ထင်မှတ်ကာ မိမိဆန္ဒတိုင်း လုပ်၍ ရကောင်းသည်ဟု ယူပြီး စွဲလမ်း၏။

ထို့ကြောင့် ထိုအစွဲအလမ်းများ တဖြည်းဖြည်း ပျောက်ကင်းသွားအောင် ကလျာဏ ပုထုဇဉ်သည် ခန္ဓာငါးပါး၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အလိုအတိုင်း မဖြစ်ခြင်းတို့ကို အလျဉ်းသင့်သလို ဉာဏ်ဖြင့် ပွားများ သွားပါက "ဘဝနိကန္တိ"ခေါ် ဘဝကို တပ်မက် သည့် တဏှာသည် လက်သမား၏ လက်ရိုက် လက် ကိုင်ရိုးကဲ့သို့ တဖြည်းဖြည်းချင်း လက်ရာများက


www.burmeseclassic.com

www.burmeseclassic.com


စားမှန်းမသိ စားပြီး၊ အဆုံးတစ်နေ့၌ သမုဒယ သစ္စာ ပါး၍ပါး၍ သွားကာ အမြစ်ပြတ်နိုင်သည့် အဆင့်သို့ ရောက်ပြီး ပုထုဇဉ် အဖြစ်မှ အရိယာ အဖြစ်သို့ ရောက်သွားပေလိမ့်မည်။ ထိုအခါ ဘဝ၏ အနက်၊ ဘဝ၏အဓိပ္ပါယ်သည်လည်း အပြီးတိုင် ပြည့်စုံသွား ပေလိမ့်မည်။ ထို့ကြောင့် ထိုအဆင့်သို့ ရောက်နိုင်ရန် ကိုယ်ကျင့်သိက္ခာများကို ထေရဝါဒနှင့်အညီ တည် ဆောက်နိုင်အောင် ကြိုးစားအပ်ပါ၏။ ထိုသို့ ကြိုးစား ရာတွင် မိမိ၌ထင်ရှား ရှိသော အပြစ်များကို မရှိ သယောင် ဖုံးကွယ်တတ်သော "မာယာ"၊ မိမိ၌ တကယ် မရှိသော အရည်အချင်းများကို ရှိလေဟန် ဖော်ထုတ်၍ ကြွားဝါတတ်သော "သာဌေယျ"တို့ကို ရိုးသားစွာဖြင့် ကြိုးစား၍ ရှောင်ကြဉ်အပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၅
# ဂုဏ်ပကာသနကို အလေးထားပြသော ကုသိုလ်ကောင်းမှု

ဗုဒ္ဓဘာသာဝင် ဟူသမျှသည် ဘုရားရှိခိုးကြ၏။ ထိုသို့ ရှိခိုးရာ၌ ဘုရားရှင်၏ အဆုံး အပိုင်းအခြား မရှိသော ဂုဏ်တော်များကို ရွတ်ဆိုပူဇော်၍ ရှိခိုးကြ၏။ တရားဓမ္မများနှင့် ပတ်သက်၍လည်း စာပေများကို ဖတ်ကြား၏။ သံဃာတော်များနှင့် ပတ်သက်၍လည်း ဆည်းကပ်ကြ၏။ ကိုးကွယ်ကြ၏။ ဤသည်များမှာ ဗုဒ္ဓဘာသာဝင်တို့၏ အစဉ် အလာမပျက် ဆောင်ရွက်ကြသော ဘာသာရေးဆိုင်ရာ ဆောင်ရွက်ချက်များ ဖြစ်ကြ၏။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်များ၏ အမျိုးအစားနှင့် အဆင့်အတန်းကို ခွဲလိုက်လျှင် သုံးမျိုးသုံးစားရ၏။ ပဌမအမျိုးအစားမှာ "ကံ"လမ်း၌ အားကိုးသောဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ဒုတိယ အမျိုးအစားမှာ"ဉာဏ်"လမ်း၌ အားကိုးကြသော ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။တတိယ အမျိုးအစားမှာ



www.burmeseclassic.com

www.burmeseclassic.com


"ကံ"လမ်းနှင့် "ဉာဏ်"လမ်း နှစ်မျိုးစုံ၌ အားကိုးကြသော ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။

"ကံ"လမ်း၌ အားကိုးကြသော ဗုဒ္ဓဘာသာဝင်များသည် ဘုရားရှင်၏ အဆုံး အပိုင်းအခြား မရှိသော ဂုဏ်တော်များကို နှစ်နှစ်ကာကာ အာရုံပြုကြ၏။ သာသနာတော်၌ ထင်ရှားသော ဝက္ကလိမထေရ်ကဲ့သို့ ဘုရား၌ လွန်စွာကြည်ညိုကြ၏။ တရားဓမ္မကိုလည်း နာကြား၏။ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း စသော ကောင်းမှုများကိုလည်း ပြု၏။ အလှူဒါန ပြုရာ၌လည်း သီလဝန္တ ပုဂ္ဂိုလ်များကို ရွေးချယ်၍ ပြု၏။ မိမိပြုသော ကောင်းမှု၏ အကျိုး အာနိသင် ကြီးမားရေးအတွက် ဖြစ်၏။ ကောင်းမှု၏ အာနိသင် ကြီးမားပါမှ မိမိ အလိုရှိသော လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်း စည်းစိမ်ကို ရမည်ဖြစ်၏။ ဖြစ်ရာဘဝ၌ အောက်တန်း နောက်တန်း မကျဘဲနေနိုင်မည် ဖြစ်၏။

ထိုကောင်းမှုပြုနည်းနှင့်ပတ်သက်၍ လယ်တီဆရာတော်ကြီးက သူ၏ **ဥတ္တမပုရိသဒီပနီကျမ်း၊** စာမျက်နှာ ၁၂၅၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။"ပကာသနစိတ်နှင့်ပြုသော ကုသိုလ်သည် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကိုမျှ လှလှပေးနိုင်သော ကုသိုလ် မဟုတ်၊ပါရမီကုသိုလ် ဖြစ်ဖို့ ဝေးစွ။ ကောင်းမှု၏ အကျိုးကို လိုလားသောစိတ် ဖြင့် အလှူခံပုဂ္ဂိုလ်ကို အယုတ်အမြတ် ရွေးချယ်မှု၊ အကျိုးကြီး


www.burmeseclassic.com

www.burmeseclassic.com


ရာသော နည်းလမ်းကို ရွေးချယ်မှုတို့နှင့် ပြုသော ကုသိုလ်သည် ဘဝသမ္ပတ္တိနှင့် ဘောဂ သမ္ပတ္တိတို့ကို ပေးနိုင်၏။ ပါရမီ ကုသိုလ်မျိုးမဟုတ်။"

ထို့အပြင်လယ်တီဆရာတော်ကြီးက ဤသို့ ဆက်လက်မိန့်တော် မူပြန်၏။ "အမှုကိုသာ အလေး ဂရုအထူးပြုသည်။ အကျိုးကို ဂရုမစိုက်။ မိမိလက်ရှိ ပစ္စည်း ဝတ္ထုကို သူတစ်ပါးတို့နှင့် မကန့်မကွက် ဆက်ဆံသည်ကို ပြု၍ သုံးဆောင်မှုသည် အရိယာ သူမြတ်တို့၏ အစဉ်ထုံးတမ်း သွားမြဲလမ်းပေတည်း။ ငါသည်လည်း အလောင်းအလျာ အရိယာတို့၏ လမ်းကိုလိုက်ထိုက်၏။မိမိပိုင်ထိုက်သော ဥစ္စည်း ဥစ္စာကို သူတစ်ပါးတို့နှင့် ကန့်ကန့်ကွက်ကွက် မဆက်ဆံသည်ကို ပြု၍ သုံးဆောင်ခြင်းဖြင့် အန္ဓ ဗာလ ပုထုဇဉ်တို့၏ အစဉ် ထုံးတမ်း သွားမြဲလမ်း ပေတည်း။ ငါသည် ထိုအန္ဓဗာလ ပုထုဇဉ်တို့၏ သွားမြဲလမ်းကို လိုက်ခြင်းငှာမထိုက်။ ဤသို့ နှလုံး ထား၍ မိမိပိုင်ထိုက်သော ပစ္စည်းဥစ္စာကို အယုတ် အလတ် အမြတ်သုံးပါး လူအများနှင့် အညီအမျှ ပိုင်ဆိုင်ကြသော"ဘုံ"ပစ္စည်းတို့ကဲ့သို့ မျှဝေ ပေး ကမ်း လှူဒါန်း စွန့်ကြဲသော ဒါနကုသိုလ်သည် အရိယာသ ဘောကို မှီ၍ပြုသော ကုသိုလ်မည်၏။ ပါရမီ ကုသိုလ်မျိုးတည်း။

အမှန်အားဖြင့် လယ်တီဆရာတော်ကြီး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ဆိုရလျှင် ယင်းပုဂ္ဂိုလ်မျိုး


www.burmeseclassic.com

www.burmeseclassic.com


သည်သာ "ထေရဝါဒအနုတ်မြစ်" ပေါ်၌ ဘဝကို တည်ဆောက်သူ မည်၏ ဟူ၍ ဆိုရ၏။

လယ်တီဆရာတော်ကြီး၏ မိန့်မြွက်ချက်အရ ဆိုရလျှင် ဂုဏ်ပကာသနကို မက်မော၍ပြုသော ကောင်းမှု ဟူသမျှသည် "ကံ"လမ်း၌လည်း မပါ။ "ဉာဏ်"လမ်း၌လည်းမပါ။ "ကံ"နှင့် "ဉာဏ်" နှစ်မျိုးရောရာ လမ်း၌လည်းမပါ။ သီးခြားလမ်း၌သာ ပါ၏။ ထိုသီးခြားလမ်းကား ဂုဏ်ပကာသန ရရုံမျှ၌သာ အဆုံးသတ်၏။ နောက်ထပ် အကျိုးတရား တစ်စုံတစ်ခု ရဖွယ်မရှိ။

ကောင်းမှု၏ အကျိုးအာနိသင်ကို ရလို၍ ကောင်းမှုပြုသော သူသည် "ကံ"လမ်း၌ အားကိုးသော ဗုဒ္ဓဘာသာဝင်မည်၏။ ထိုဗုဒ္ဓဘာသာဝင် ဟူသမျှသည် "ကံ"၏ အကျိုးအာနိသင် ကြီးပွားရေး အတွက် လုံ့လ ပြု၏။

စေတနာသုံးတန် ပြဋ္ဌာန်းမှ အကျိုးကြီးမားသည်ဆိုလျှင်လည်း စေတနာသုံးတန် ပြဋ္ဌာန်းအောင် အားထုတ်၏။ သီလဝန္တပုဂ္ဂိုလ်များအား လှူဒါန်းမှ အကျိုးကြီးမားသည် ဆိုလျှင်လည်း သီလဝန္တပုဂ္ဂိုလ်များကို ရွေးချယ်၍ လှူဒါန်း၏။ သံဃိက လှူဒါန်းမှ အကျိုးကြီးမားသည်ဟု ဆိုလျှင်လည်း သံဃိက လှူဒါန်း၏။ ထိုပုဂ္ဂိုလ်များအတွက် "ကံ"၏ အကျိုး အာနိသင်ကြီးပွားဖို့သာလို၏။မိမိ၏"အတ္တလွန်" စိတ်ကို နှိပ်ကွပ်ဖို့ မလို၊ ပုထုဇဉ်တို့၏ ဓမ္မတာအရ


www.burmeseclassic.com

www.burmeseclassic.com


မိမိတို့၏သန္တာန်၌ကိန်းနေသောစရိုက်ဆိုး၊ဥာဉ်ဆိုးများကို နှိပ်ကွပ်ဖို့ မလို၊ "ကံ"၏ အကျိုးအာနိသင် ကြီးပွားမည်ဆိုလျှင် ဘာကိုပင် လုပ်ရ လုပ်ရ လုပ်မည်သာဖြစ်၏။

အမှန်အားဖြင့် ထိုပုဂ္ဂိုလ်များသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် မလိုလားဘဲ သံသရာဝဋ်ဆင်းရဲအတွင်း၌ "ချမ်းသာသုခ"ကို ရှာဖွေရန်သာ စိတ်စောကြ၏။ လူ့စည်းစိမ်ထက် နတ်စည်းစိမ်ကို ပို၍ နှစ်သက်၏။ နတ်စည်းစိမ်ထက် ဗြဟ္မာ့စည်းစိမ်ကို ပို၍ နှစ်သက်၏။ထို့ကြောင့် မိမိတို့အလိုရှိရာ စည်းစိမ်များကို ရနိုင်စိမ့်သောငှာ "ကံ"ကို ပြုခြင်း ဖြစ်၏။ ထိုပုဂ္ဂိုလ်များသည် သဒ္ဓါလွန်၍ ပညာနဲ့ သူများ ဖြစ်ကြ၏။ သက္ကာယဒိဋ္ဌိကို ဖြုတ်ရမှန်းမသိ၊ သက္ကာယဒိဋ္ဌိဟူသည် ငရဲမျိုးစေ့ ဖြစ်၏။ ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို တား၏။ ငရဲမျိုးစေ့ ကို ရင်ဝယ်ပိုက်ထားသမျှ ကာလပတ်လုံး သူပြုသမျှ ကောင်းမှုများသည် ဒုတိယ ဘဝ၌ ပရမ်းပတာ ကျရောက်တတ်သော "ဝိနိပါတဘေး"မှ မလွတ်၊ ကျချင်သလို ကျသွားနိုင်သည်။ ထို့ကြောင့် သက္ကာ ယဒိဋ္ဌိ တန်းလန်းနှင့်ပြုသော ကောင်းမှု ဟူသမျှသည် တကယ်တမ်း အားကိုးလောက်သော ကောင်းမှုများ မဟုတ်ကြ။

"ဉာဏ်"လမ်း၌ အားကိုးကြသော ဗုဒ္ဓဘာသာဝင်များသည် အလှူဒါန၌ စိတ်ပါဝင်စားခြင်း


www.burmeseclassic.com

www.burmeseclassic.com


မရှိကြ။ ထိုပုဂ္ဂိုလ်များသည် ပညာလွန်၍ သဒ္ဓါနဲ့သူများ ဖြစ်ကြ၏။ ပိဋကတ်စာပေ တတ်မြောက်ထားခြင်း၌သာ ကျေနပ်ကြ၏။ ထိုပုဂ္ဂိုလ်များသည် ပိဋကတ်စာပေ တတ်မြောက်ထားခြင်းကြောင့် မိမိတို့ကိုယ်ကို သူတော်ကောင်းဟု ထင်မှတ်ကြ၏။ အမှန်အားဖြင့် ထိုပုဂ္ဂိုလ်များသည် ယေဘုယျအား ဖြင့်အလွန်ဆုံး ငါးပါးသီလ လုံခြုံသူများ အဆင့်၌သာ ရှိတတ်ကြပါ၏။ ငါးပါးသီလသည် သက္ကာယဒိဋ္ဌိကို ခွာနိုင်စွမ်းမရှိ။ သက္ကာယဒိဋ္ဌိကို မခွာနိုင်သမျှ ကာလပတ်လုံး ဒုတိယဘဝ၌ အပါယ်လေးဘုံသို့ ပရမ်းပတာ ကျရောက်သွားနိုင်သော ဝိနိပါတဘေးမှ မလွတ်နိုင်။ မိမိတို့ တတ်မြောက်ကျွမ်းကျင်ထားသော ပိဋကတ်တော်များက မိမိတို့အား ဝိနိပါတဘေးမှ လွတ်အောင် ဆောင်ရွက်ပေးနိုင်မည် မဟုတ်။ မိမိတို့၏ ကောင်းမွန်သော ကိုယ်ကျင့်သိက္ခာများကသာ မိမိတို့အား ဝိနိပါတ ဘေးမှ ကယ်တင်နိုင်၏။

ဘုရားရှင်၏ ဂုဏ်တော် အနန္တကို လည်းကောင်း၊ တရားတော်၏ ဂုဏ်တော် အနန္တကို လည်းကောင်း၊ သံဃာတော်၏ ဂုဏ်တော် အနန္တကိုလည်းကောင်း ရွတ်ဆိုပူဇော်၍ ရှိခိုးနေရုံမျှနှင့်လည်း သက္ကာယ ဒိဋ္ဌိသည် ကွာမည် မဟုတ်။ အနုဿတိ ဘာဝနာကုသိုလ်ဖြစ်ရုံမျှသာ ရှိ၏။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးသည် ဤလောက၌ အပူဇော်ခံ သက်သက်အနေဖြင့် ပွင့်ထွန်းပေါ်ပေါက်လာ


www.burmeseclassic.com

www.burmeseclassic.com


သည် မဟုတ်။ ဘုရားဟောတော်မူသည့် အတိုင်း၊ တရားတော်၌သာ ရှိသည့်အတိုင်း၊ သံဃာတော်များက ညွှန်ကြားတော်မူသည့်အတိုင်း ယုံကြည်စွာ လိုက်နာကျင့်သုံး၍ အနိမ့်ဆုံးအဆင့် အနေဖြင့် ကလျာဏပုထုဇဉ် ဖြစ်သွားအောင်၊ ထိုထက် စွမ်း နိုင်ပါက မဂ်ဖိုလ်ကို ရသွားအောင် ကျင့်ကြံအားထုတ်စေရန် အတွက်သာ ဖြစ်သည်။ သို့မှသာ ဤလောက၌ ရတနာသုံးပါး ပွင့်ထွန်း ပေါ်ပေါက်ရကျိုးနပ်မည် ဖြစ်၏။

ဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ထို့နောက် လေးဆယ့်ငါးဝါတို့ ကာလပတ်လုံး ဒေသနာတော်များကို ဟောကြားတော်မူ၏။ သံဃာအဖွဲ့အစည်းကို တည်ထောင်တော်မူ၏။ သံဃာအဖွဲ့အစည်းသည် ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားဒေသနာများကို ဘုရားရှင်ကိုယ်စား ဝေနေယျသတ္တဝါတို့အား ထပ်ဆင့်ဟောကြားတော် မူရန်ဖြစ်၏။ ဤကဲ့သို့ ထပ်ဆင့်ဟောကြားတော် မူသောအားဖြင့် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ရာ ရောက်ပါ၏။

ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များသည် "ဆေးနည်း" သဖွယ် ဖြစ်၏။ "ဆေးနည်း" ကို အလွတ်ကျက်မှတ်ရန်


www.burmeseclassic.com

www.burmeseclassic.com


မဟုတ်။ ဆေးနည်းပါအတိုင်း ဆေးကို ဖော်စပ်၍ စားသုံးရန်ဖြစ်၏။ သို့မှသာ ရောဂါပျောက်ကင်း ပေလိမ့်မည်။ ဤသည်မှာ မြတ်စွာဘုရားရှင်၏ ရည်ရွယ်ချက် ဖြစ်၏။ ဆေးနည်းကို အလွတ်ကျက်မှတ်ရုံ မျှနှင့်တော့ ရောဂါပျောက်ကင်းသည် ဟူ၍ မရှိ ကောင်း။ သို့ရာတွင် ဤလောက၌ ဆေးနည်းကို အလွတ်ကျက်မှတ် ရုံမျှနှင့် ရောဂါပျောက်သည် ဟု ထင်သူက များလေ၏။ ထိုပုဂ္ဂိုလ်မျိုးသည် မိမိ၌ ရောဂါရှိပါလျက် ဆေးနည်းကို အလွတ် ရွတ်ဆို တတ်ရုံမျှနှင့် ရောဂါပျောက်သွားပြီဟု ထင်မှတ်ကာ အခြားရောဂါရှင်များအားလည်း ထိုနည်းအတိုင်း ကုသရန် လမ်းညွှန်တတ်၏။ ထိုညွှန်ကြားချက်၌ ယုံကြည်ကာ လိုက်နာဆောင်ရွက်တတ်သော ရောဂါ ရှင်များသည် တကယ်တမ်းကျတော့ ရောဂါ မပျောက်မှန်းသိကြ၏။ ထိုသို့ သိသောအခါ သူ၏ ရောဂါသည် ကျွမ်းသွားလေပြီ။ ကုစား၍ မရတော့။ နောင်တ တစ်ဖန် ပူပန်ရုံမှ တစ်ပါး အခြား နည်း လမ်းများ မရှိတော့။

ပိဋကတ်စာပေ တတ်မြောက်မှုနှင့် ပတ်သက် ၍ မြတ်စွာဘုရားရှင်က အင်္ဂုတ္တရနိကာယ် ပဉ္စက နိပါတ် ဓမ္မ ဝိဟာရီသုတ်၌ ဤသို့ ဟောကြားတော် မူထားသည်ကို တွေ့ရ၏။

"ပိဋကတ် သုံးသွယ်၊ နိကာယ်ငါးရပ်၌ ချောက်ချားနိုင်လောက်အောင် တတ်ကျွမ်းသူသည်


www.burmeseclassic.com

www.burmeseclassic.com


မိမိ တတ်ကျွမ်းမှုကိုသာ ပဓာနပြု၍ ထိုထက်မပိုလျှင် ထိုပုဂ္ဂိုလ်မျိုးကို ပရိယတ္တိ ကျွမ်းကျင်သူ "ပရိယတ္တိ ဗဟုလ"ဟူ၍ ဆိုရ၏။ တရားဖြင့် နေသူ "ဓမ္မဝိဟာရီ"ဟူ၍ မဆိုရ။

ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်ကို မိမိကိုယ်တိုင် ချောက်ချားနိုင်ရုံသာမက၊ သူတစ်ပါးအားလည်း ဟောပြောချပို့နိုင်သူသည် မိမိ ချပို့နိုင်မှုကိုသာ ပဓာနပြု၍ ထိုထက်မပိုလျှင် ထိုပုဂ္ဂိုလ်မျိုးကို ဟောပြောမှု၌ ကျွမ်းကျင်သူ "ပညတ္တိ ဗဟုလ"ဟူ၍ ဆိုရ၏။ တရားဖြင့်နေသူ "ဓမ္မဝိဟာရ"ဟူ၍ မဆိုရ။

ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်ကို အလွတ် အာဂုံဆောင်၍ သရဇ္ဈာယ်နိုင်သူသည် မိမိ သရဇ္ဈာယ်နိုင်မှုကိုသာ ပဓာနပြု၏၊ ထိုထက်မပိုလျှင် ထိုပုဂ္ဂိုလ်မျိုးကို ပိဋကတ်တော် သရဇ္ဈာယ်မှု၌ ကျွမ်းကျင်သူ "သရဇ္ဈာယ ဗဟုလ"ဟူ၍ ဆိုရ၏။ တရားသဖြင့်နေသူ "ဓမ္မဝိဟာရီ"ဟူ၍ မဆိုရ။

ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၏ အနက် အဓိပ္ပာယ်ကို တွေးခေါ် ကြံစည်နိုင်သူသည် မိမိ၏ တွေးခေါ်ကြံစည်နိုင်မှုကို ပဓာနပြု၍ ထိုထက် မပိုလျှင် ထိုပုဂ္ဂိုလ်မျိုးကို တွေးခေါ်ကြံစည်မှု၌ ကျွမ်းကျင်သူ "ဝိတက္ကဗဟုလ"ဟူ၍ ဆိုရ၏။ တရားသဖြင့် နေသူ "ဓမ္မဝိဟာရီ"ဟူ၍ မဆိုရ။

ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်ကိုလည်း ကျွမ်းကျင်၏။ ပိဋကတ်တော်လာ အတိုင်းလည်း


www.burmeseclassic.com

www.burmeseclassic.com


ခန္ဓာ ဉာဏ်ရောက် "သန္တိဋ္ဌိက" အသိမျိုးဖြင့် သိ၏။ ထိုပုဂ္ဂိုလ်မျိုးကိုသာ တရားဖြင့်နေသူ "ဓမ္မဝိဟာရီ" ဟူ၍ ဆိုရ၏။"

ဓမ္မဝိဟာရီ ပုဂ္ဂိုလ်မျိုးသည် ကံလမ်းနှင့် ဉာဏ်လမ်း နှစ်မျိုးစုံ၌ အားကိုးသော ဗုဒ္ဓဘာသာဝင် ဖြစ်၏။ သဒ္ဒါနှင့် ပညာ နှစ်မျိုးကို ဣန္ဒြေအနေဖြင့် မျှအောင် ကျင့်တတ်၏။ ထိုပုဂ္ဂိုလ်မျိုးသည် ဘုရား၌လည်း ကြည်ညိုတတ်၏။ တရား၌လည်း ကြည်ညိုတတ်၏။ သံဃာတော်များ၌လည်း ကြည်ညိုတတ်၏။ ထိုသို့ ကြည်ညိုရာတွင် "ဝက္ကလိ" ရဟန်းလို ကြည်ညိုရုံသက်သက် မဟုတ်၊ ကျေးဇူးတင်သည့်သဘောလည်းပါ၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် လောကသုံးပါး၏ ကျေးဇူးရှင် ဖြစ်တော်မူ၏။ မြတ်စွာဘုရားကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ရုပ်နှင့်နာမ်ကို ခွဲခြား၍ သိကြ၏။ ပညတ်နှင့် ပရမတ်ကို ခွဲခြား၍ သိကြ၏။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်ကို သိကြ၏။ ကုသိုလ်နှင့် အကုသိုလ်ကို သိကြ၏။ သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို သိကြ၏။

ထိုသို့ သိရာတွင် သိနည်းမှာ နှစ်မျိုးရှိ၏။ သိနည်းတစ်မျိုးမှာ ဘုရားရှင် အလိုတော်ကျ မဟုတ်ဘဲ စာသိ၊ ပေသိ၊ ကျမ်းဂန်သိမျှဖြင့် ကျေနပ်သော အသိဖြစ်၏။ နောက် သိနည်းတစ်မျိုးမှာ ဘုရားရှင် အလိုတော်ကျအတိုင်း ခန္ဓာသိဖြစ်၏။ စာသိ၊ ပေသိ၊


www.burmeseclassic.com

www.burmeseclassic.com


ကျမ်းဂန်သိသမားသည် သူ့ကိုယ်သူ ခန္ဓာသိသမား ဟု ထင်မှတ်တတ်၏။ ထိုသို့ ထင်မှတ်ခြင်းသည် သူကိုယ်တိုင်က ပိဋကတ်ကို ချောက်ချားနိုင်သူ၊ ဟော ပြောနိုင်သူ၊ ရွတ်ဆိုသရဇ္ဈာယ်နိုင်သူ၊ တွေးခေါ် ကြံစည်နိုင်သူ ဖြစ်နေသောကြောင့် ဖြစ်၏။ ထိုသို့ ဖြစ်၍သာလျှင် သူ့ကိုယ်သူ ခန္ဓာသိသမား၊တရား ဖြင့်နေသူ"ဓမ္မဝိဟာရီ"အဖြစ် အထင်မှားနေခြင်း ဖြစ်၏။ အမှတ်မှားနေခြင်း ဖြစ်၏။

အမှန်အားဖြင့် စာသိ၊ ပေသိ၊ ကျမ်းဂန်သိ သမားသည် ဆေးနည်းကိုသာ သိသူဖြစ်၏။ ထို ဆေးနည်းအရ ဆေးဝါးကို ဖော်စပ်၍ စားသူမဟုတ်။ သို့ဖြစ်၍ ရတနာသုံးပါး၏ အဆုံး အပိုင်းအခြား မရှိသော ဂုဏ်တော်များကို ရွတ်ဆိုပူဇော်၍ ရှိခိုး နေရုံမျှနှင့် ကျေနပ်နေသူဖြစ်၏။ ပါဠိဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ ရေးသားဖော်ပြ ထားသော ဂါထာများ၊ စုဏ္ဏိယများ၊ ပျို့ ကဗျာများ၊ စကားပြေများကို ဖတ်ပြီး ယင်းတို့၏"အလှအပ" ၌သာ နှစ်မျောနေသူဖြစ်၏။ ဉာဏ်စဉ် အနေဖြင့် ပြောရလျှင်လည်း သုတမယဉာဏ်၊ စိန္တာမယဉာဏ် ၌သာ အဆုံးသတ်၏။ ဘာဝနာမယ ဉာဏ်သို့ မရောက်။

မြတ်စွာဘုရား ပွင့်တော်မူလာခြင်းမှာလည်း ဘာဝနာမယဉာဏ်ဖြင့် လောကကို "သုညတ" ဆိုက်အောင် နားလည်နိုင်ရန် ဖြစ်၏။ "သုညတ"


www.burmeseclassic.com

www.burmeseclassic.com


ဆိုက်မှသာ စာဖတ်သူ၏ သန္တာန်၌ အမြစ်တွယ်နေသောအတ္တလွန်စိတ်ကွာပေလိမ့်မည်။ အတ္တလွန်စိတ်ကွာပါမှ ဤလောက၌ဒုစရိုက်တရားများ၊ အဓမ္မဝါဒများ၊ အနိုင်ကျင့်မှုများ ကင်း၍ ကင်း၍ သွားပေလိမ့်မည်။ ဒုစရိုက် တရားများ၊ အဓမ္မ ဝါဒများ၊ နိုင်ကျင့်မှုများ ကင်း၍ကင်း၍ သွားသည်နှင့်အမျှ ဤလောက၌ ငြိမ်းချမ်းမှုများသည်လည်း ပွား၍ပွား၍ လာပေလိမ့်မည်။ ဤသို့ ဖြစ်လာနိုင်ရန် ထေရဝါဒကို အပေါ်ယံရှပ်၍ သိခြင်းမျိုး၌ မကျေ နပ်ဘဲနောက်ဆုံး သုညတ ဆိုက်အောင် သိခြင်းမျိုးအထိ သိလာရန် အားထုတ်အပ်ပါ၏။ ဤသို့ သိလာအောင် အားထုတ်နိုင်ရေးအတွက် ညွှန်ကြား ရန် မြတ်စွာဘုရား ပွင့်တော်မူလာခြင်းဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် ရတနာသုံးပါး၏ အပိုင်းအခြား မရှိသော ဂုဏ်တော်များကို ရွတ်ဆိုဖော်ရုံမျှနှင့် မကျေနပ်ဘဲ –

မြတ်စွာဘုရား ပွင့်တော်မူလာခြင်း၏ မူလရည်ရွယ်ချက် ပြည့်မြောက်အောင်၊ ဤလောက၌ စစ်မှန်သော ငြိမ်းချမ်းမှုများ ပွား၍လာအောင် ဘုရားရှိခိုးရာ၌ဖြစ်စေ၊ စာပေကျမ်းဂန်များ လေ့လာရာ၌ ဖြစ်စေ၊ ပတ်ဝန်းကျင် လောကကို ရှုမြင်သုံး သပ်ရာ၌ ဖြစ်စေ ထေရဝါဒ၏ သွန်သင်ချက်အတိုင်း ဘာဝနာမယ ဉာဏ်ဖြင့် သုညတ ဆိုက်အောင် ရှုမြင် သုံးသပ်တတ်ဖို့ လိုအပ်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com


သို့မဟုတ်ပါက ဆေးဝါးကို ဖော်စပ်မမှီဝဲဘဲ ဆေးနည်းများကို အလွတ်ကျက်မှတ်ရုံမျှနှင့် ရောဂါပျောက်သည်ဟု ယူဆသော ဆရာများ၏ အဆိုအမိန့်ကို ယုံကြည်လိုက်နာမိသဖြင့် ရောဂါကျွမ်းသွားရရှာသော ရောဂါသည်များ၏ ဖြစ်ရပ်ဆိုးမျိုးနှင့် တစ်ထပ်တည်း ဖြစ်သွားပေလိမ့်မည်။ ဝိသုဒ္ဓိမဂ်၌မူ "ပညာလွန်၍ သဒ္ဓါနည်းသူများသည် ကောက်ကျစ်တတ်ကြ၏" ဟု ဆိုထားပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၆

# အငှားသိကို မကိုးစားလွန်းသင့်

ဓမ္မသည် လောကနှင့်လောကုတ္တရာ ဟူ၍ နှစ်မျိုး ရှိ ၏။"လောက"ဟူသည်ဖြစ်တတ်၊ ပျက်တတ် သော သဘော ဖြစ်၏။ ဖြစ်တတ်၊ ပျက်တတ်သော် လည်း "လောက"တစ်ခုလုံးသည် မည်သည့်အခါမျှ ကုန် ဆုံးသွားလိမ့်မည်မဟုတ်။ အစဉ်အမြဲ ရှိနေမည် သာ ဖြစ်၏။ ထို့ကြောင့် "လောက"ကို "အနန္တ" ဟု ဆို၏။ အစဉ်အမြဲ ရှိနေခြင်းကို အကြောင်းပြု၍ "နိစ္စ"ဟူ၍လည်းဆိုရ၏။ သို့ရာတွင် ဤ "နိစ္စ ကား ဖြစ် ပျက် ကုန်ဆုံးပြီး နိဗ္ဗာန်ကို မျက်မှောက်ပြု သွားသဖြင့် ၃၁ ဘုံ လုံးသည် တစ်ခုသောနေ့တွင် အပြီးအပြတ်အားလုံး ကုန်ဆုံးသွားလိမ့်မည် ဟု ဆို၍ မရကောင်းသောကြောင့် "နိစ္စ"ဟူ၍ ဆိုရ သော "နိစ္စမျိုး" ဖြစ်၏။ ယင်းနိစ္စမျိုးကို "ပရိယာယ နိစ္စ"ဟု ဆရာများက ဆိုကြ၏။ အဋ္ဌကလာပ် ရုပ် ရှစ်ခုသည် အမြဲတစေ ဖြစ်ပျက်နေပါလျက် မည် သည့်အခါမျှ ကုန်ဆုံးသွားခြင်း မရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com


"နိစ္စ"ဟု ဆိုခြင်း သဘောမျိုးဖြစ်၏။ ဖြစ်လိုက် ပျက်လိုက်၊ နောက် ဖြစ်လိုက် ပျက်လိုက်ဖြင့် အပြီး အပိုင် မြစ်ပြတ်သဘောမျိုးဖြင့် ကုန်ဆုံးမှု မရှိနိုင် ခြင်းကို ဆိုလိုပါ၏။

သမ္မုတိသစ္စာအရ "လောက" ဟူသည် သက်ရှိ သက်မဲ့အနေဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာ ဝတ္ထုများဖြစ်ကြ၏။ ပရမတ္ထသစ္စာ အနေဖြင့်ကား ရုပ်နာမ် ခန္ဓာများ ဖြစ်ကြ၏။ ပုဂ္ဂိုလ် သတ္တဝါများ မဟုတ်၊ ရုပ်နာမ်ခန္ဓာများသည် အကျိုးတရားများ ဖြစ်ကြ၏။ အမြဲတစေ ဖြစ်နေကြ၏။ ပျက်နေကြ ၏။ ယင်းသို့ ဖြစ်နေခြင်း၊ ပျက်နေခြင်းကို ဥပါဒ်၊ ဌီ၊ ဘင်ဟု ဆိုရ၏။ ထို့ကြောင့် အကျိုးတရား ဖြစ်သော ရုပ်၊ နာမ်၊ ခန္ဓာကို ဥပါဒ်၊ ဌီ၊ဘင် ရှိသော တရားဟုဆို၏။ ယင်းကဲ့သို့ ဥပါဒ်၊ ဌီ၊ ဘင်ရှိသော အကျိုးတရားတို့၏ နောက်ကွယ်၌ အကြောင်း တရား ရှိ၏။ ယင်းအကြောင်းတရားကို "ကံ" ဟု ဆိုရ၏။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အကြောင်း "ကံ" ကြောင့် အကျိုး ရုပ်၊ နာမ်၊ ခန္ဓာ သည် ဖြစ်ပေါ်လာ ရ၏။ အကြောင်း"ကံ"သည် မိမိအနေဖြင့် အကျိုး မပေးရသေးသရွေ့ ကာလပတ် လုံး ခန္ဓာအစဉ်၌ "အရိပ်"ကဲ့သို့ အမြဲတစေ လိုက်ပါ နေရ၏။ ရဟန္တာ ဖြစ်သွားသည်အထိ အကျိုးမပေး နိုင်မှသာလျှင်"အဟောသိကံ" အဖြစ်သို့ ရောက် ရ၏။"အဟောသိကံ"အဖြစ်သို့ မရောက်သေးသမျှ


www.burmeseclassic.com

ကာလပတ်လုံး ထိုထို သတ္တဝါတို့၏ ခန္ဓာအစဉ်၌ အမြဲတစေ လိုက်ပါနေမည်သာ ဖြစ်၏။

သို့ရာတွင် "နာနာက္ခဏိက" အနေဖြင့်မူ ဥပါဒ်၊ ဌီ၊ ဘင်ဟူ၍ မရှိ။ သို့ မရှိသော်လည်း ဥပါဒ်၊ ဌီ၊ ဘင်ရှိသော ခန္ဓာအစဉ်၌ "အရိပ်"သဖွယ် အမြဲပါရှိနေသောကြောင့် မုချအနေဖြင့် မဟုတ်ဘဲ၊ ပရိယာယ် အနေဖြင့် မိမိ၏ မှီရာကို လိုက်၍ ဥပါဒ်၊ ဌီ၊ ဘင်ရှိသည်ဟုပင် ဆိုရ၏။ သို့မဟုတ်ပါက အကြောင်း "နာနာက္ခဏိက ကံ"သည် မပျက်မစီး အမြဲတည်ရှိနေသော "အတ္တ" သဘောမျိုးသို့ သက်ရောက်ပေလိမ့်မည်။ အမှန်အားဖြင့် "နာနာက္ခဏိက ကံ"သည် မပျက်မစီး အမြဲတည်သည် မဟုတ်၊ အကျိုးပေးပြီးလျှင် ပျက်၏။ "မဂ်"က ယင်းကံကို အကျိုးပေးခွင့် မရတော့အောင် ပိတ်ပင်တားဆီးနိုင်လိုက်သဖြင့် "အဟောသိကံ" အဖြစ်သို့ ရောက်သွားပါကလည်း ပျက်၏။ ထို့ကြောင့် "နာနာက္ခဏိက ကံ" ကို "အတ္တ" သဘောမျိုးသို့ သက်ရောက်သွားသည်ဟု မဆို အပ်ချေ။

တစ်ဖန် "နာနာက္ခဏိက ကံ"များ၏ အခြေခံ အနေဖြင့် "အနုသယ ကိလေသာ" များ ရှိသေး၏။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာအရ ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ "ကံ"ဟူသမျှသည် အဝိဇ္ဇာကို အခြေခံကြသည်ချည်း ဖြစ်၏။ အဝိဇ္ဇာကို ခေါင်းတပ်၍ ဆိုသော်လည်း ဆိုင်ရာအနုသယ



www.burmeseclassic.com

www.burmeseclassic.com


ကိလေသာများအားလုံး ပါဝင်၏။ ဆိုင်ရာ "မဂ်" ဖြင့် မပယ်သတ်နိုင်သေးသရွေ့ ကာလပတ်လုံး "အနုသယကိလေသာ" သည် ဥပါဒ်မဲ့၊ ဌီမဲ့၊ ဘင်မဲ့ အနေဖြင့် "ကံ"ဟူသမျှအားလုံးကို "ကံ" အနေဖြင့် ရပ်တည်နိုင်အောင် ဆောင်ရွက်ပေး၏။ အကယ်၍ "အနုသယ ကိလေသာ" အားလုံးကို အရဟတ္တမဂ်က မြစ်ပြတ်ပယ်လိုက်ပါက"အနုသယ ကိလေသာ"ဟူ၍ မရှိတော့သဖြင့် "ကံ"ဟူသမျှသည် "ကြိယာ"အဖြစ်သို့ ရောက်သွားရ၏။ ထိုအခါ "ကံ"မရှိတော့သဖြင့် ဒုတိယဘဝ၌ ပဋိသန္ဓေသည် ပြတ်၏။ ယင်းသဘောကို ပါဠိဝေါဟာရအားဖြင့် "ခီဏာဇာတိ"ဟု ဆိုရ၏။ သံသရာ၌ ပဋိသန္ဓေနေရခြင်း ကုန်ပြီ။ ကိလေသာဝဋ်၊ ကမ္မ ဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဆင်းရဲအပေါင်း မှ လွတ်မြောက်ပြီဟူ၍ အဓိပ္ပာယ်ရ၏။

"အနုသယ ကိလေသာ"သည်လည်း မုချအားဖြင့် ဥပါဒ်မရှိ၊ ဌီမရှိ၊ ဘင် မရှိ။ သို့ရာတွင် ဥပါဒ်ရှိသော၊ ဌီရှိသော၊ ဘင်ရှိသော ထိုထို သတ္တဝါတို့၏ ခန္ဓာအစဉ်ကို မှီနေရသဖြင့် ပရိယာယ်အားဖြင့် ဥပါဒ်၊ ဌီ၊ ဘင်ရှိ၏ ဟူ၍ပင် ဆိုရ၏။ သို့မဟုတ်ပါက "အနုသယ ကိလေသာ"သည်လည်း မပျက်မစီး အမြဲတည်နေသော "အတ္တ"သဘောသို့ သက်ရောက်သွားပေလိမ့်မည်။ "အနုသယကိလေသာ" နှင့် နာနာက္ခဏိကကံ တို့သည် ထိုထိုသတ္တဝါတို့၏


www.burmeseclassic.com

www.burmeseclassic.com


ခန္ဓာအစဉ်၌သည်ရှိရန်မှတစ်ပါး အခြားတည်ရှိရန် နေရာမရှိချေ။ ခန္ဓာကို မှီနေရသ ဖြင့် ခန္ဓာဖြစ်သလို လိုက်၍ဖြစ်ရ၏။ ခန္ဓာ ပျက်သလို လိုက်၍ ပျက်ရ၏။ သစ်မြစ်၊ ပင်စည်နှင့် အကိုင်းအခက်တို့ကို အရှိန် အဝါပေး၏။ "သစ်မြစ်"သေလျှင် အားလုံး သေ၏။ ထိုနည်းတူ "အနုသယ ကိလေသာ" သေလျှင် ကံနှင့် ဘဝသစ်ခန္ဓာတို့ အားလုံးသေ၏။

ထို့ကြောင့် လောကနှင့် လောကုတ္တရာတွင် "အနုသယကိလေသာ"သည် လောက၏ အနှစ် ဖြစ်၍၊ "နိဗ္ဗာန်"သည် လောကုတ္တရာ၏ အနှစ်ဖြစ်၏။ "အနုသယ ကိလေသာ"ရှိနေသေးသရွေ့ ကာလ ပတ်လုံး လောကသည် ရှိနေမည်ဖြစ်၏။ ထိုနည်း အတူနိဗ္ဗာန်ရှိနေသေးသရွေ့ ကာလပတ်လုံး လော ကုတ္တရာသည် ရှိနေမည်သာ ဖြစ်၏။ထို့ကြောင့် "လောက"သည်လည်း "အနန္တ"တရား ဖြစ်၏။ "နိဗ္ဗာန်"သည်လည်း "အနန္တ" တရား ဖြစ်၏။ "အနန္တ"တရားဟူသည် ရေတွက်၍ မရကောင်း သော သဘောဖြစ်၏။ ထို့ကြောင့် ဆရာများက "အနန္တ"ထဲမှ"အနန္တ""ကို နုတ်လိုက်လျှင်"အနန္တ" ပင် ကျန်၏ ဟု ဆိုခြင်းဖြစ်၏။အန္တ တရားများကို စုပေါင်းလိုက်ရုံမျှနှင့်တော့ "အနန္တ" တရား ဖြစ် မလာနိုင်။"အနန္တ"တရားကား "အနန္တ" တရား သက်သက်၊ "အန္တ"တရားကား "အန္တ" တရား


www.burmeseclassic.com

www.burmeseclassic.com


သက်သက် ဖြစ်၏။ ထို့ကြောင့် "အန္တ" တရားနှင့် "အနန္တ" တရားကို ရော၍ မရချေ။

လောကသည် ဖြစ် ပျက် ပြုပြင်ပြောင်းလဲ လျက် ရှိသော်လည်း မည်သည့်အခါမျှ ပျက်စီး ကုန်ဆုံးနိုင်ခြင်း မရှိသောကြောင့် "ပရိဏာမိနိစ္စ"ဟု ဆိုရ၏။ နိဗ္ဗာန်ကား ဖြစ် ပျက် ပြုပြင်ပြောင်းလဲမှု မရှိဘဲ အစဉ်ထာဝရ တည်ရှိနေသောကြောင့် "ကူဋဋ္ဌာယီ နိစ္စ"ဟု ဆိုရ၏။ ထို့ကြောင့် လောက၏ နိစ္စက တစ်မျိုး၊ နိဗ္ဗာန်၏ နိစ္စကတစ်မျိုး။ သို့ရာတွင် ဒေသနာတော်အရ လောကသည် "ဒုက္ခ"ဖြစ်၏။ နိဗ္ဗာန်သည် သုခဖြစ်၏။ ဤနေရာ၌ "သုခ" ဆိုသည်မှာ အထွတ်အထိပ် "သုခ"ဖြစ်၏။ အမှန်အားဖြင့် ပရမတ္ထသစ္စာအရ အရဟတ္တဖိုလ် စိတ်သည် အလွန်ချမ်းသာသော "သုခ"ဖြစ်ပါ သော်လည်း ဖြစ် ပျက် သင်္ခါရသဘောရှိနေသေးသောကြောင့် "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"အရ "နိဗ္ဗာန်"နှင့် နှိုင်းယှဉ်၍ "ဒုက္ခ"ဟုပင် ဆိုရ၏။ အရိယသစ္စာအရ "နိဗ္ဗာန်" တစ်ခုတည်းသာ တကယ်တမ်း စစ်မှန်သော "သုခ" ဖြစ်၏။ ကျန် ဓမ္မအားလုံးသည် "ဒုက္ခ"သာတည်း။ ထို့ကြောင့် လောကဒုက္ခအားလုံးမှ လွတ်မြောက်အောင် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအားလုံးကို ကယ်တင်ရန် မြတ်စွာဘုရား ပွင့်တော်မူလာခြင်း ဖြစ်၏။

မျက်စိအမြင် မသန်သူများအတွက် "ကြိုး"


www.burmeseclassic.com

www.burmeseclassic.com


ကို "ကြိုး"ဟု မသိဘဲ "မြွေ"အဖြစ်သာ သိ၏။ ထိုအခါ "မြွေ"နှင့် ပတ်သက်သော ခံစားမှုအားလုံးကို ခံစားရ၏။ ကြောက်၏၊ လန့်၏၊ ကြက်သီးမွေးညင်းထ၏။ အမှန်အားဖြင့် "ကြိုး"ကို "ကြိုး" မှန်းသိသော အခါမှသာ ထို"မြွေ"နှင့် ပတ်သက်သော ခံစားမှုများ အားလုံး ပျောက်မည်ဖြစ်၏။ ထို့ကြောင့် "ကြိုး"ကို "ကြိုး"မှန်း သိနိုင်အောင် ရှေးဦးစွာ မျက်စိအမြင် ကြည်လင်ရေးအတွက် အားထုတ်ရမည် ဖြစ်၏။ မျက်စိအမြင် ကြည်လင်လာသောအခါ သူ့ဟာသူ "ကြိုး"ကို "ကြိုး"မှန်း သိပေလိမ့်မည်။ သို့မဟုတ်ဘဲ ဘေးလူတစ်ဦးဦးက ဒါ "မြွေ"မဟုတ်ဘူး "ကြိုး"ဟူ၍ မည်သို့ပင် ပြောစေကာမူ "ကြိုး"ကို "မြွေ"ထင်နေသူက သူ့မျက်စိဖြင့် သူကိုယ်တိုင် မမြင်ရသဖြင့် ဘဝင်ကျအောင် ကျေနပ်မည် မဟုတ်ချေ။ ထို့ကြောင့် မျက်စိကို အမြင်သန်လာအောင် လုပ်ခြင်းသည်သာ မှန်ကန်သော လုပ်ရပ်ဖြစ်၏။

ထိုနည်းအတူပင်မှားယွင်းသော "ဝိပလ္လာသ"အမြင်ရှိသူများအတွက် ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေသဖြင့် အခိုင်အမာဟူ၍ ဘာမျှ မရှိဘဲ သုညတ"သက်သက်ဖြစ်သော ခန္ဓာတို့ကို ကြည့်သောအခါ ခန္ဓာတို့၏"သုညတ"သဘော၊ ခဏတိုင်းခဏတိုင်း ဖြစ်ပျက်သဘော ကိုမမြင်ဘဲ အခိုင်အမာ"အတ္တ" သဘောကိုသာ မြင်၏။ ထို


www.burmeseclassic.com

www.burmeseclassic.com


အခါ"အတ္တ" နှင့် ပတ်သက်သော ခံစားမှုများကို ခံစားရ၏။ "အတ္တ"ဟူသည် တဏှာဖြင့် စွဲသော "အတ္တ"လည်း ရှိ၏။"မာနဖြင့် စွဲသော "အတ္တ" လည်း ရှိ၏။ ဒိဋ္ဌိဖြင့် စွဲသော "အတ္တ"လည်း ရှိ၏။ တဏှာဖြင့် စွဲသော အတ္တအရ မြင်မြင်သမျှကို လိုချင်၏။ မရလျှင် ရသည့်နည်းဖြင့် ရအောင် အားထုတ်၏။ တရားသဖြင့် ရသည်ဖြစ်စေ၊ မတရားသဖြင့် ရသည်ဖြစ်စေ ရလျှင် ပြီးရော၊ ရဖို့သာ အရေးကြီး၏။သူ၏ အားထုတ်မှု မှန်ကန်ပါကြောင်း သူ့၌ ဆင်ခြေပေးရန် အချက်အလက် များစွာရှိ၏။ မာန ဖြင့် စွဲသော အတ္တအရ မောက်မာ၏။ မြင်မြင်သမျှ အပေါ် မထီမဲ့မြင် ပြု၏။ သူသာလျှင် အသိဆုံး၊ အတတ်ဆုံး၊ အမှန်ကန်ဆုံး အဖြစ် ကြွေးကြော်၏။ ဒိဋ္ဌိဖြင့် စွဲသော အတ္တအရ သူသာလျှင် အခိုင်အမာ ဆုံး၊ သူသာ မရှိလျှင် အားလုံး ပျက်စီးကုန်မည် ဖြစ်ကြောင်း ယုံကြည်၏။ ဆောင်ရွက်၏။ ပြောဆို၏။

တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ပ ပဉ္စ တရားဟု ခေါ်၏။ ပပဉ္စဟူသည် သံသရာကို ချဲ့တတ်သော တရားများဖြစ်၏။ ထို့ကြောင့် သံသရာချဲ့ရေး လုပ်ငန်း၌ ကျန်သော ကိလေသာများက တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို အတတ်နိုင်ဆုံး ပံ့ပိုး၏။ သို့ဖြစ်၍ သံသရာချဲ့ရေးလုပ်ငန်း၌ "အတ္တ"သည် ကိလေ သာ အားလုံး၏ ပံ့ပိုးမှုကို ရသဖြင့် များစွာ အား


www.burmeseclassic.com

www.burmeseclassic.com


ကောင်း ၏။"အတ္တ"၏ စွမ်းအင်ကြောင့် အမှားကို အမှန် ထင်၏။မကောင်းကို အကောင်း ထင်၏။ ထို့ကြောင့် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်လို ပါလျှင် "အတ္တ"ကို ပယ်သတ်မှ ဖြစ်မည်။

"အတ္တ"ကို ပယ်သတ်လိုပါလျှင် ရှေးဦးစွာ မျက်စိအမြင် ကြည်လင်ရေးအတွက် အားထုတ်ရန် လို၏။ မျက်စိအမြင် ကြည်လင်ရန်အတွက် "ဝိ ပဿနာဉာဏ်"ကို ရဖို့လို၏။ ဝိပဿနာဉာဏ်ကို ရမှသာ သူ့ဟာသူ ခန္ဓာတို့၏ ဖြစ် ပျက် သဘော၊ "သုညတ"သဘောကို မြင်ပေလိမ့်မည်။အခိုင်အမာ "အတ္တ"မဟုတ်မှန်းကို သိပေလိမ့်မည်။ သို့မဟုတ် ဘဲ ဘေးပုဂ္ဂိုလ် တစ်ဦးဦးက "အဲဒါဟာ အခိုင်အမာ အတ္တ မဟုတ်ဘူး၊ ခဏတိုင်း ခဏတိုင်း ဖြစ် ပျက်ပြီး အခိုင်အမာ ဟူ၍ ဘာမှ မရှိသော "သုညတ" သဘော၊"အနတ္တ" ဟု မည်သို့ပင် ဆိုစေ ကာမူ "သုညတ"ကို "အတ္တ" ထင်နေသူက သူ ကိုယ်တိုင် ဝိပဿနာ ဉာဏ်၊ မျက်စိ၊ မဂ်ဉာဏ် မျက်စိဖြင့် မမြင်ရသောကြောင့် ဘဝင်ကျအောင် ကျေနပ်မည် မဟုတ်။ ထို့ကြောင့် "ဝိပလ္လာသ" အမြင် ပျောက်ပြီး ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ် ဉာဏ် တို့ဖြင့် ခန္ဓာတို့၏ ဖြစ် ပျက် သဘော၊ သုညတ သဘော၊ သန္တိသုခ သဘောကို ကိုယ်တိုင် မြင်လာမှသာလျှင် ဘဝင်ကျအောင် ကျေနပ်ပေ လိမ့်မည်။ အမှန်အားဖြင့် "သုညတ" သဘော၊


www.burmeseclassic.com

www.burmeseclassic.com


"အနတ္တ"သဘောဟူသည် "သုတ" ဉာဏ်နှင့် "အနုမိတ" ဉာဏ်တို့၏ အရာ မဟုတ်။ "သစ္ဆိကတ"ဉာဏ်၏ အရာသာ ဖြစ်၏။

မြတ်စွာဘုရားဤလောက၌ ပွင့်တော်မူလာခြင်းသည် ဝေနေယျ သတ္တဝါတို့အား "သစ္ဆိကတ" ဉာဏ်ဖြင့် လောက၊ သို့မဟုတ် ခန္ဓာတို့ကို ကြည့်တတ်အောင် သွန်သင်ရန်ဖြစ်၏။ ကမ္မဿကတာ ဉာဏ်ဖြင့် လောကကို ကြည့်ပါက ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တကိုသာ မြင်၏။ ဝိပဿနာဉာဏ်ဖြင့် လောကကို ကြည့်ပါက ခန္ဓာတို့၏ ဖြစ် ပျက် သဘော၊ သုညတ သဘောကို မြင်၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် လောကကို ကြည့်ပါက လောက၏ အဆုံး၊ ခန္ဓာ၏ အဆုံး၊ ဒုက္ခ၏ အဆုံး "နိဗ္ဗာန်"ကို မြင်၏။ ကြည့်စရာကား "ဓောဝမ္မော"အရ တစ်ခုတည်း ဖြစ်၏။ အမြင်ကား ပုဂ္ဂိုလ်တို့၏ ကြည့်နည်းကို လိုက်၍ သုံးမျိုးပြားသွား၏။ ထိုသုံးမျိုးတို့တွင် ကမ္မဿကတာ ဉာဏ်ဖြင့်သာ ကြည့်တတ်သူကို "ကလျာဏ ပုထုဇဉ်"ဟု ခေါ်၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် ကြည့်တတ်သူကို "အရိယာ" ဟု ခေါ်၏။

ဓမ္မစက္က ပဝတ္တနသုတ်၌ မြတ်စွာဘုရားအား ရှင်ကောဏ္ဍည လျှောက်ထားသော စကားများကို ထေရဝါဒ ရှုထောင့်မှ ကြည့်လျှင် ထေရဝါဒ၏

www.burmeseclassic.com

www.burmeseclassic.com


ရည်ရွယ်ချက်သည် များစွာ ပေါ်လွင်၏။ ထင်ရှား၏။ ဓမ္မစက္ကပဝတ္တနသုတ်ကို ပဉ္စဝဂ္ဂီငါးဦးလုံး အတူတကွ တစ်ပြိုင်နက် နာကြားကြ၏။ သို့ရာတွင် အသိအမြင်၌ ကွဲပြားသွား၏။ ရှင်ကောဏ္ဍညက သူ၏ အသိအမြင်နှင့် ပတ်သက်၍ ဤသို့ မြတ်စွာဘုရားအား လျှောက်ထား၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် နိဗ္ဗာန်ကို မြင်ပါပြီ "ဒိဋ္ဌဓမ္မော"။ ထိုသို့ မြင်ရာ၌ အဝေးမှ လှမ်း၍ မြင်ခြင်းမျိုး မဟုတ်ဘဲ ကိုယ်တိုင် လာရောက်သော အားဖြင့် မြင်ပါပြီ "ပတ္တဓမ္မော"။ ကိုယ်တိုင် ရောက်ရာ၌ ဤခန္ဓာကိုယ်ဖြင့် ရောက်ခြင်းမျိုး မဟုတ်ဘဲ "မဂ်ဉာဏ်" ဖြင့် ရောက်ပါပြီ "ဝိဒိတ ဓမ္မော"။ မဂ်ဉာဏ်ဖြင့် ရောက်ရာ၌ ထက်ဝန်းကျင် နှံ့နှံ့စပ်စပ် ရောက်ပါပြီ "ပရိယောဂါဠ္ဍ ဓမ္မော"။ ထို့ကြောင့် နိဗ္ဗာန်နှင့် ပတ်သက်၍ လုံးဝ သံသယ မရှိတော့ပါပြီ "တိဏ္ဏဝိစိကိစ္ဆော"။ နိဗ္ဗာန်နှင့် ပတ်သက်၍ "ဟိုလို ဒီလို"ပြောစရာ မရှိတော့ပါ"ဝိဂတကထံကထော"။ ရဲရဲရင့်ရင့် ပြောနိုင်အောင် ပြတ်ပြတ်သားသား သိပါပြီ"ဝေသာရဇ္ဇပတ္တော"။ သူတစ်ပါး၏ ပြော ဆိုမှုကို အကိုး သာဓကဖြင့် အထောက်အထား ပြု၍ သိခြင်းမျိုး မဟုတ်ပါ "အပရပ္ပစ္စယော"။

ယနေ့ မြန်မာနိုင်ငံ၌ ပိဋကတ်တော်များကို သိပ္ပံပညာရပ်များဖြင့် နှိုင်းယှဉ်လေ့လာကြသော


www.burmeseclassic.com

www.burmeseclassic.com


ပညာရှင်များရှိကြလေပြီ။ ဘာသာတစ်ရပ်အနေဖြင့် စိတ်ဝင်စား၍ လေ့လာခြင်းလည်း ဖြစ်နိုင်ပါ၏။ သိပ္ပံကို တိုင်းတာစရာ "စံ"အဖြစ် ထား၍ လေ့လာခြင်းလည်း ဖြစ်နိုင်ပါ၏။ သို့ရာတွင် တစ်ခါတစ်ရံ သိပ္ပံပညာ အားကိုးဖြင့် ပိဋကတ်တော်များ၏ အဆိုအမိန့်ကို ပြင်ဆင်လိုက်သည့် သဘောမျိုး သက်ရောက်အောင် လေ့လာ တင်ပြချက်များကိုလည်း တွေ့ရပါ၏။

စိတ်၏ တည်ရာနှင့် ပတ်သက်၍ "နှလုံးသား" ၌ ဖြစ်သည်ဟု ဆရာစဉ်ဆက် လက်ခံခဲ့ကြ၏။ သို့ရာတွင် ယနေ့ ထွန်းကားနေသော သိပ္ပံအားကိုးဖြင့် စိတ်သည် "ဦးနှောက်"၌ ဖြစ်သည်ဟု ဆိုချင်သူများ ရှိလာကြသည်ကိုလည်း တွေ့ရ၏။

မြတ်စွာဘုရား ခုနစ်ဝါရောက်မှ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူခြင်း ဖြစ်၏။ ဟောကြားတော် မူခြင်း၏ ရည်ရွယ်ချက်မှာလည်း ဤလောက၌ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ အသက်ဇီဝမရှိ။ ပရမတ္ထဓမ္မသာ ရှိသည်ဟု ပြလို၍ ဖြစ်သည်။ သို့ရာတွင်မြတ်စွာဘုရား၏ဒေသနာတော်များသည် သစ္စာလေးပါးမှ လွတ်သည် ဟူ၍ မရှိ။ သစ္စာလေးပါးမှ လွတ်လျှင်လည်း မြတ်စွာဘုရား၏ ဒေသနာမဟုတ်။ အစဉ်အလာအနေဖြင့် လက်ခံထားသော "လောကာယတ" နှင့် "လောကက္ခာယိက" ခေါ်သာမန် လောကရေးရာများသာ ဖြစ်၏။ မြတ်စွာ

www.burmeseclassic.com

www.burmeseclassic.com


ဘုရား ဝါတော် တစ်ဝါ ရတော်မမူသေးမီ အချိန် ကာလကပင် ဝေနေယျ သတ္တဝါများအား စရိုက် အလိုက် ကျွတ်တော်မူအောင် သစ္စာလေးပါး မြတ် တရားကို ဟောကြားတော်မူခဲ့၏။ ဝါတော် ခုနစ်ဝါ ရတော်မူသော အချိန်၌မူ ရဟန္တာပေါင်းများစွာ ရှိနေ ပေပြီ။

အဘိဓမ္မာ ဒေသနာတော်အရ သတ္တဝါများ ပဋိသန္ဓေ နေမှုနှင့် ပတ်သက်၍ ပထမဦးစွာ ကလလ ရေကြည် ဖြစ်၏။ ထို ကလလ ရေကြည်၌ ပဋိသန္ဓေ စိတ်၏ မှီရာအဖြစ် ဝတ္ထုရုပ် ပေါင်း သုံးဆယ်ပါဝင် ၏။ သို့ဖြစ်၍ ထိုစဉ်ကာလကပင် စိတ်၏မှီရာ ဝတ္ထု ရုပ်သည် ပဋိသန္ဓေစိတ်၏ အမှီခံအဖြစ် ပဋိသန္ဓေ စိတ်နှင့် အတူပါပြီး ဖြစ်၏။ ထိုစဉ်ကာလက ဦးခေါင်းဟူ၍ မရှိသေးဘဲ ၅ သတ္တာဟ (ရက်ပေါင်း ၃၅ရက်)ကြာမှ ဦးခေါင်းပိုင်း ပေါ်လာခြင်း ဖြစ်၏။ ထို့ကြောင့် ပဋိသန္ဓေစိတ်၏ မှီရာ ဝတ္ထုရုပ်ကို ဦးခေါင်းပိုင်း ဟူ၍ မဖြစ်ပေါ်သေးသဖြင့် နှလုံးသား၌ ဖြစ်၏ဟု ဆိုခြင်း ဖြစ်တန်ရာပါ၏။

ရှင်ကောဏ္ဍည၏ "အပရပ္ပစ္စယော" အရ ထေရဝါဒ ပိဋကတ်သည် သူတစ်ပါး၏ ထောက်ခံ ချက် မလိုဘဲ မိမိကိုယ်တိုင် ကျင့်ကြံပြီး မှန်ကန် ကြောင်း သက်သေပြနိုင်သော တရားမျိုး "သယံသိဒ္ဓ သဘော" ဖြစ်၏။ သမာဓိအားကောင်းပြီး ဝိပဿနာ ဉာဏ် ရင့်လာသောအခါ ရုပ် နာမ်တို့ကို ပကတိ


www.burmeseclassic.com

www.burmeseclassic.com


မျက်စိဖြင့် မြင်ရသလို ဉာဏ်မျက်စိဖြင့် မြင်ရ၏။ နှလုံးသားကိုလည်း မြင်ရ၏။ ဦးနှောက်ကိုလည်း မြင်ရ၏။ မိမိ၏ မျက်စိကိုပင် ပြန်၍ မြင်ရ၏။ ဤသဘောကို "အပရပ္ပစ္စယော"ဟု ဆို ၏။ ဒဿနိက ပညာရှင်တို့ကမူ "သယံသိဒ္ဓ"ဟု ဆိုပါ၏။ ထေရဝါဒ ပိဋကတ်တော်၏ ရည်ရွယ် ချက်မှာ အကုသိုလ် ဒုစရိုက် အားလုံးမှ ကင်းလွတ် ရေးဖြစ်၏။ နိဗ္ဗာန် "တဏှာမှ လွတ်မြောက်မှု" ဟူသော ပုဒ်က ဤ အနက်ကိုပြ၏။ အမှန်အားဖြင့် ဒုစရိုက်အားလုံးမှ လွန်မြောက် အားထုတ်ရန် တော်ရုံ တန်ရုံ ပညာ၊ တော်ရုံ တန်ရုံ သမာဓိဖြင့် ဖြစ်ကောင်းသည်မဟုတ်။ ရှေးဦးစွာ ဝိပဿနာ ရှုရာ၌ ပညာမဂ္ဂင် ၂ပါး၊ သမာဓိမဂ္ဂင် ၃ပါး၊ စုစုပေါင်း ဝိပဿနာ မဂ္ဂင် ၅ ပါးသာရှိသေး၏။ ဒုစရိုက်များမှ ကြဉ်ရှောင်သော ဝိရတီခေါ် သီလမဂ္ဂင် ၃ပါးသည် နိဗ္ဗာန်ကို အာရုံ မပြုနိုင်မချင်း တစ်ပြိုင်နက် အတူတကွ မယှဉ်နိုင်ချေ။ လောကီရေးရာ၌ ဝိရတီသည် အာရုံချင်း မတူသဖြင့် မည်သည့်အခါမျှ အတူတကွ တစ်ပြိုင် နက် မယှဉ်။ ထိုအခါ ဆောက်တည်ထားသော သိက္ခာပုဒ် သီလ သည်လည်း မြဲသောသီလ မဟုတ်။ သမာဓိသည် လည်း ခိုင်မာသော သမာဓိမဟုတ်။ ပညာသည် လည်း ထက်မြက်သောပညာ မဟုတ်။ ထို့ကြောင့် သီလ၊ သမာဓိ၊ ပညာတို့ကို သာမန်သီလ၊ သာမန်

www.burmeseclassic.com

www.burmeseclassic.com


သမာဓိ၊ သာမန်ပညာဟူ၍သာ ဆိုရ၏။ ဒုစရိုက်များကို ရှောင်ကြဉ်ရာ၌ မခိုင်မာသေးသော သဘောကို ပြ၏။

အကယ်၍ ဝိပဿနာ မဂ္ဂင် ၅ပါးသည် အကြိမ်များစွာ ပွားထားသဖြင့် ခန္ဓာတို့၏ ဖြစ် ပျက်အဆုံး၌ ဖြစ် ပျက်ကို မမြင်တော့ဘဲ နိဗ္ဗာန်ကို မြင်သည်နှင့် တစ်ပြိုင်နက် ဒုစရိုက်အားလုံးမှ ကြည်ရှောင်သော ဝိရတီသည် အတူတကွ တစ်ပေါင်းတည်း တစ်ပြိုင်နက် ယှဉ်လာသဖြင့် မဂ္ဂင်သည် ၈ ပါး ပြည့်တော့၏။ ထိုအခါ သီလ၊ သမာဓိ၊ ပညာတို့သည် အဓိသီလ၊ အဓိစိတ္တ (သမာဓိ)၊ အဓိပညာ အဆင့်သို့ ရောက်တော့၏။ ဒုစရိုက်များမှ ကြည်ရှောင်ရာ၌ မြဲလေပြီ။ ဤသည်မှာ ထေရဝါဒ၏ ရည်ရွယ်ချက်တည်း။

သီလ၊ သမာဓိ၊ ပညာတို့ကို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဆင့်သို့ ရောက်အောင် အားထုတ်ပြီး ဤလောက၌ ဒုစရိုက်ဟူ၍ လုံးဝမရှိအောင် မကြိုးစားဘဲ သဗ္ဗညုတဉာဏ်ဖြင့် ဟောထားသော ပိဋကတ်တော်များနှင့် ယင်းတို့၏ အနက်အဓိပ္ပါယ်ကို သိပ္ပံပညာရှင် ပုထုဇဉ် အဆိုအမိန့် အားကိုးဖြင့် စိစစ်ဝေဖန်ရန်သာ စိတ်ဝင်စားမည် ဆိုပါလျှင် အိန္ဒိယ၌ ထေရဝါဒနှင့် မဟာယာန တို့ အယူအဆ ချင်း ကွဲခဲ့သလို ထေရဝါဒအနှုတ်မြစ် မခိုင်မာသေးသော ဤမြန်မာနိုင်ငံ၌လည်း "တက္ကာဝစရ" ဂိုဏ်း


www.burmeseclassic.com

www.burmeseclassic.com


နှင့် "အတက္ကာဝစရ" ဂိုဏ်းတို့ အချင်းချင်း မကွဲပြား စေရန် ဆုတောင်းပါ၏။

အမှန်အားဖြင့် ထေရဝါဒ ပိဋကတ်တော်များသည် မိမိ၏ အလှကို ကြည့်စေရန်၊ မိမိကိုကြည်ညို စေရန်၊ စာသိ ပေသိ ကျမ်းဂန်သိကို ဖော်ပြရန် ပဓာန မပြု။ ပိဋကတ်တော်၏ အဆိုအမိန့်အတိုင်း ဓမ္မာနုဓမ္မ ပဋိပတ္တိ အရ လိုက်နာကျင့်သုံးပြီး ပဋိဝေဓတိုင်အောင် သိမြင်ကာ ဒုစရိုက်ကင်းသော လူ့ဘောင်ကို ထူထောင် နိုင်စေရန် ပဓာနပြုပါ၏။ ထို့ပြင် ဗဟုသုတ ပွားရေးကိုသာ "ပန်းတိုင်" ပြုပါကလည်း "ဗဟုဿစ္စ မဟတ္တ" အနေဖြင့် အာသဝေါတရား တို့၏ ပွားစီးရာသာ ဖြစ်ကြောင်း ပါရာဇိက ကဏ္ဍ ပါဠိတော်၊ သိက္ခာပဒ ပညတ္တိယာစန ကထာ၌ လာရှိပါ၏။ ထို့ကြောင့် ဗဟုသုတ ကြွယ်ဝသူများ အနေဖြင့် "အငှားသိ"ကို မကိုးစားလွန်းသင့် ကြောင်း သတိပြုဖွယ် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၇
# ထေရဝါဒ ပိဋကတ်တော်များ၏
# သမ်းညွှန်ချက်နှင့် ညီညွှတ်ဖို့လို၏

လူသည် ပြဟ္မာမှ ဆင်းသက်သည်ဟူ၍ ဆိုသူများ လည်းရှိ၏။ လူသည် မျောက်မှ ဆင်းသက်သည်ဟု ဆိုသူများလည်း ရှိ၏။ ထိုအဆိုများအရ လူသည် ပြဟ္မာမှ ဆင်းသက်လာခဲ့သူ ဖြစ်ရိုးမှန်ပါလျှင် အလွန် မြင့်မြတ်သော စိတ်နေစိတ်ထားရှိသူ ဖြစ်၏။ လူ အားလုံးအပေါ်၌ မိသားစုသဖွယ် ကြင်နာသော စိတ် ထားရှိ၏။ မိမိကသာ အနစ်နာခံ၍ ပံ့ပိုးလို၏။ သူ ၏ ဦးတည်ချက်ကား ဤလောကကြီးတစ်ခုလုံး ဒုစရိုက်များ ကင်းပြီး "လူ"ကို "လူ"လို မြင်တတ် သော အမြင်မျိုးဖြင့်ကြည့်ပြီး ပျော်ရွှင်နေကြမည်၊ ချမ်းသာနေကြမည်၊ ငြိမ်းချမ်းနေကြမည် ဆိုပါလျှင် သူလည်း ထိုသူများနှင့် ထပ်တူပင် ပျော်ရွှင်မည် ဖြစ် ၏။ ချမ်းသာမည်ဖြစ်၏။ ငြိမ်းချမ်းမည် ဖြစ်၏၊ ထိုထက်ပို၍ ရယူလိုသော အခွင့်ထူးမရှိ။ ထိုကဲ့သို့ ခံယူချက်ရှိသော ပုဂ္ဂိုလ်မျိုးကို လူ့သမိုင်း၌ ထင်ထင် ရှားရှား တွေ့ရတတ်ပါ၏။ ကိုယ်တိုင် တွေ့သူများ



www.burmeseclassic.com

www.burmeseclassic.com


လည်း ရှိနိုင်၏။ စာပေမှတစ်ဆင့် တွေ့သူများလည်း ရှိနိုင်၏။အမှန်အားဖြင့် ထိုပုဂ္ဂိုလ်မျိုးသည် မိမိမျက်စိဖြင့် မမြင်ရသော တန်ခိုးရှင်များအတွက် အနစ်နာခံခြင်း၊ကိုယ်ကျိုးကို စွန့်လွှတ်ခြင်းထက် မိမိ၏မျက်စိဖြင့် မြင်ရသော လူတို့အတွက် အနစ်နာခံခြင်း၊ ကိုယ်ကျိုးကို စွန့်လွှတ်ခြင်းက ပို၍ အနှစ်သာရရှိသည်ဟု ခံယူသူဖြစ်၏။

ထိုကဲ့သို့ မြင့်မြတ်သောစိတ်ထားဖြင့် ဆောင်ရွက်ခြင်းကြောင့် သူ့အတွက် ဘာအကျိုး၊ ဘာအမြတ်ကိုမှ မတောင့်တ။ သူ့မျက်စိဖြင့် မြင်နေရသော လူ့လောကကြီး၌ ဒုစရိုက်များ ကင်းပြီး ပျော်ရွှင်မှု၊ ချမ်းသာမှု၊ ငြိမ်းချမ်းမှုတို့ကို မြင်နေရ၊ကြားနေရ၊ တွေ့ကြုံနေရခြင်းသည်ပင်လျှင် ထိုကဲ့သို့ ဖြစ်လာစေရန် သူ့အတွက် သူ့တာဝန်ကို သူ့အနေဖြင့် ဆောင်ရွက်ခွင့် ရ၍ ဆောင်ရွက်ခြင်း ဖြစ်သည်ဟု ကျေနပ်စွာ ခံယူသူလည်း ဖြစ်၏။ ထိုပုဂ္ဂိုလ်များသည် အိန္ဒိယလူမျိုး ဖြစ်ချင်လည်း ဖြစ်မည်။ တရုတ် လူမျိုးဖြစ်ချင်ဖြစ်မည်၊ တိဗက်လူမျိုး ဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် ဘာလူမျိုးဖြစ်ဖြစ် ကိစ္စမရှိ။ ကမ္ဘာပေါ်ရှိ လူသားအားလုံးက ထိုပုဂ္ဂိုလ်မျိုးကိုသာ ပြဟ္မာမှ ဆင်းသက်လာသူများ အဖြစ် လက်ခံ၏။ ယုံကြည်၏။ မြတ်နိုး၏။ ကြည်ညို၏။

အကယ်၍ လူသည် မျောက်မှ ဆင်းသက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com


သူ ဖြစ်ပါက အလွန်ယုတ်ညံ့သော တိရစ္ဆာန်စိတ်ရှိသူ ဖြစ်၏။ အားရှိအားမဲ့ အနိုင်ကျင့်တတ်၏။ မြင်မြင်သမျှ အခွင့်အရေးအားလုံးကို မိမိအတွက် အရယူတတ်၏။ ရှက်စရာ ကြောက်စရာဟူ၍လည်း မရှိ။ ဓမ္မ၊ အဓမ္မဟူ၍လည်းမရှိ။ ပါးစပ်က သူတော်ကောင်းတရားကို ပြော၏၊ လက်က သူယုတ်မာ အလုပ်ကို လုပ်၏။ လောက၌ ပျော်ရွှင်မှု၊ ချမ်းသာမှု၊ ငြိမ်းချမ်းမှုဟူသည် သူနှင့် မပတ်သက်။ လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရန် သူ့၌ ဘာတာဝန်မျှ မရှိ။ ထိုပုဂ္ဂိုလ်မျိုးသည် တိရစ္ဆာန်မှ ဆင်းသက်ခဲ့သူ ဖြစ်သည်အားလျော်စွာ တိရစ္ဆာန်တို့၏ အမူအကျင့်၊ စိတ်နေစိတ်ထားအတိုင်း ပြုမူ၏။ ကျင့်ကြံ၏။ အားထုတ်၏။ သို့ရာတွင် ထူးခြားချက်ကား ရှိ၏။ ဓမ္မပဒ အဋ္ဌကထာ၊ သာမာဝတီဝတ္ထု၊ စာမျက်နှာ ၁၁၀ အရ တိရစ္ဆာန်စစ်စစ်ကား ရိုးဖြောင့်၏။ မလိမ်တတ်၊ မညာတတ်။ အမှန်အတိုင်း ပြုမူဆက်ဆံတတ်၏။ တစ်ကိုယ်ကောင်း ကြံတတ်ခြင်း၊ ရန်လိုတတ်ခြင်း၊ မိုက်မဲ တွေဝေခြင်းတို့ကို အတိုင်းသား မြင်ရသဖြင့် ထိုပုဂ္ဂိုလ် မျိုးနှင့် ပတ်သက်၍ ဖြစ်ပေါ်လာမည့် အန္တရာယ်ကို ကြိုတင်ရှောင်နိုင်၏။

သို့ရာတွင် တိရစ္ဆာန်မှ ဆင်းသက်သဖြင့် တိရစ္ဆာန်စိတ် ရှိသူကား တစ်ကိုယ်ကောင်း ကြံတတ်ခြင်း၊ ရန်လိုခြင်း၊ မိုက်မဲတွေဝေခြင်းတို့ကို ဖုံးကွယ်တတ်၍ သူ၏ ပင်ကို သဘောရိုးကို သိရန် ခက်ခဲ


www.burmeseclassic.com

www.burmeseclassic.com


သဖြင့် တိရစ္ဆာန်ထက်ပို၍ အန္တရာယ်ကြီး၏။ ပို၍လည်း ကြောက်စရာကောင်း၏။ အမှန်အားဖြင့် ဤလောက၌ တိရစ္ဆာန်စိတ်ရှိသူက အရေအတွက်အားဖြင့် ပို၍ များ၏။ ထို့ကြောင့် ယနေ့ကမ္ဘာ၌ ဒုစရိုက်များ ပိုမိုများပြားပြီး ပျော်ရွှင်မှု၊ ချမ်းသာမှု၊ ငြိမ်းချမ်းမှုတို့သည် ရေးကထက်စာလျှင် ပို၍ပို၍ အန္တရာယ်ကြီးလာခြင်းဖြစ်၏။ တစ်ခဏအတွင်း မျက်မှောက် ကမ္ဘာလောက တစ်ခုလုံးကို "သုည" အဖြစ်သို့ ရောက်သွားစေနိုင်၏။ ဤသည်များမှာ ပုထုဇဉ်တို့၏ ဗီဇစိတ်ဓာတ်ဖြစ်၏။

အကျဉ်းအားဖြင့်ဆိုရလျှင် ပုထုဇဉ်တို့၌ မြင့်မြတ်သော ဗြဟ္မာစိတ်ဓာတ်လည်း ရှိ၏။ ယုတ်ညံ့သော တိရစ္ဆာန်စိတ်ဓာတ်လည်း ရှိ၏။ ဗြဟ္မာ စိတ်ဓာတ်နှင့် တိရစ္ဆာန်စိတ်ဓာတ်သည် "ဘ"တစ်ပြန်၊ "ကျား"တစ်ပြန် သူနိုင် ကိုယ်နိုင်အပြိုင်ကြဲလျက် ရှိ၏။ သို့ရာတွင် တိရစ္ဆာန်စိတ်ဓာတ်က "အစုန်" သဘောရှိသဖြင့် ဗြဟ္မာစိတ်ဓာတ်ထက် ပို၍ အားကောင်း၏။ ထို့ကြောင့် ယနေ့ကမ္ဘာ၌ လူတို့သည် ကျီးလန့်စာစားလျက် နေကြရ၏။ အားနည်းသူများက အားကြီးသူများကို ကြောက်နေ ရ၏။ ဆင်းရဲသူများက ချမ်းသာသူများကိုမျက်နှာချိုသွေးနေရ၏။ တိရစ္ဆာန်စိတ် ရှိသူများက တိရစ္ဆာန်စိတ်ဖြင့် "လူ" ယောင် ဆောင်နေကြ၏။ အမှန်အားဖြင့် ထိုပုဂ္ဂိုလ်များသည် "သောနုတ္တိရ်"များ ဖြစ်ကြ၏။ သို့ရာတွင်


www.burmeseclassic.com

www.burmeseclassic.com


သူတို့ကို "သောနုတ္တိုရ်"မှန်း မသိသည်က ခက်၏။ ပြဟ္မာစိတ်ဓာတ် ရှိတတ်သူ များလည်း ရှိပါ၏

ပြဟ္မာစိတ်ဓာတ်ရှိသူများသည် အစမထင်သော သံသရာမှစ၍ ယနေ့တိုင်အောင်ပင် ရှိပါ၏။ လူ့လောက ရှိနေသရွေ့ ထိုပုဂ္ဂိုလ်များသည်လည်း ရှိနေကြမည်သာဖြစ်၏။ သို့ရာတွင် ထိုပုဂ္ဂိုလ်များ၏ အရေအတွက်သည် နည်းလှပါ၏။ သန်းပေါင်းများစွာသော ကမ္ဘာ့လူဦးရေတွင် လက်ချိုးရေတွက်၍ ရ၏။ ထိုမျှလောက်သော အင်အားဖြင့် လက်ရှိ ကမ္ဘာ့အခြေအနေဆိုးမှ ကယ်တင်နိုင်အောင် မည်သို့ဆောင်ရွက်ကြနိုင်မည်နည်း။ ဤသည်မှာ ယနေ့ကိုယ်တိုင် တွေ့မြင်နေရသော လက်ရှိကမ္ဘာ့အခြေအနေ ဖြစ်၏။

ဤအခြေအနေကို ကယ်တင်နိုင်ရန် သိပ္ပံပညာကလည်း မတတ်နိုင်။ သိပ္ပံပညာကလည်း မိမိတို့၏ လူမျိုးနှင့်တိုင်းပြည်အတွက် ရုပ်ပိုင်းဆိုင်ရာစွမ်းအားများကို တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ပြီး၊ ကမ္ဘာကို မိမိတို့ အလိုကျအတိုင်း ဗိုလ်ကျစိုးမိုးနိုင်အောင် အားထုတ်နေသည်သာ ဖြစ်၏။ ဤသဘောမှာ တိရစ္ဆာန်စိတ်ဓာတ်ဖြစ်၏။ တိရစ္ဆာန်စိတ်ဓာတ်ဖြင့် ဤလောကဧ ပျော်ရွှင်အောင်၊ ချမ်းသာအောင်၊ ငြိမ်းချမ်းအောင် ဆောင်ရွက်၍ မရနိုင်ကြောင်း ထင်ရှားပါ၏။ သို့ရာတွင် ဤလောကဧ ပျော်ရွှင်အောင်၊ ချမ်းသာအောင်၊ ငြိမ်း


www.burmeseclassic.com

www.burmeseclassic.com


ချမ်းအောင် ဆောင်ရွက်ရန် လိုအပ်သည်ကား အမှန် ဖြစ်၏။

"သိပ္ပံ" ပညာက မဆောင်ရွက်နိုင်လျှင် "ဒဿန" ပညာကို အားကိုးဖို့ ရှိ၏။ "ဒဿန ပညာ" ဟူသည်မှာလည်း ကိလေသာ တန်းလန်း ရှိနေသော "ဒဿနိကဒေဒ ပညာရှင်များ"က ရေး သား ပြုစုသည့် ကျမ်းဖြစ်လေရာ "ဘက်လိုက်" သည့် ပညာသာ ဖြစ်၏။ ဘက်လိုက်သည့် ပညာ ဖြစ်နေပါက လောကတစ်ခုလုံး၌ ခြုံ၍ တရားမျှတစွာ ပျော်ရွှင်အောင်၊ ချမ်းသာအောင်၊ ငြိမ်းချမ်းအောင် မည် သည့်နည်းနှင့်မျှ ဆောင်ရွက်ရန် ဖြစ်နိုင်သည့် အလားအလာ မရှိချေ။

ထို့ကြောင့် ကမ္ဘာ့အခြေအနေ မည်သို့ရှိစေ ကာမူ မြန်မာနိုင်ငံအတွက် စဉ်းစားလျှင် ကိလေသာ ဟူသမျှ အကြွင်းမဲ့ ပယ်ပြီးဖြစ်၍ သဗ္ဗညုတဉာဏ် တော်ဖြင့် ဟောကြားတော် မူခဲ့သော ပိဋကတ်တော် များ၏ လမ်းညွှန်ချက်ဖြင့် မြန်မာနိုင်ငံ၌ ဒုစရိုက် များကင်းပြီး ပျော်ရွှင်အောင်၊ ချမ်းသာအောင်၊ ငြိမ်းချမ်း အောင် ဆောင်ရွက်ရန်သာ ရှိတော့၏။ အခြားနည်း ဟူ၍ မရှိတော့။ သို့ရာတွင် မိမိ၏ အကျိုးစီးပွား အတွက် လာဘ်လာဘ၊ ပူဇော် သက္ကာရနှင့် ကျော် စော ထင်ရှားမှုကို မငဲ့ဘဲ လောက၏ အစီးအပွား အတွက် ဦးတည်ချက်ဖြင့် ဆောင်ရွက်နိုင်ရန် ဗြဟ္မာ စိတ်ဓာတ် ရှိဖို့တော့လို၏။ သို့မှသာ ထေရဝါဒ


www.burmeseclassic.com

www.burmeseclassic.com


ပိဋကတ်တော်များ၏ လမ်းညွှန်ချက်နှင့် ညီပေလိမ့်မည်။ သို့မဟုတ်က "သောနုတ္တရ်ဇာတ်" ကို ကပြနေခြင်းနှင့် ခြားနားလိမ့်မည် မဟုတ်။

ထေရဝါဒ ပိဋကတ်တော်အရ ဆောင်ရွက်မည်ဆိုလျှင် ဓမ္မနိယာမအရ လူ့ဘဝကို ရခဲ့ကြသူချင်း အတူတူ၊ အဆုံး အပိုင်းအခြား မရှိသော "ကံ" များကို ရခဲ့ကြသူချင်း အတူတူ "လူ"ကို "လူ" လို မြင်တတ်ဖို့ ရှေးဦးစွာ လို၏။ ဗုဒ္ဓကိစ္စ ၅ပါး ရှိသည့်အနက် ဒုတိယ ဗုဒ္ဓကိစ္စအနေဖြင့် မြတ်စွာဘုရားသည် နေ့တိုင်းနေ့တိုင်း "လူ့ဘဝ"ရခဲကြောင်း၊ အပ္ပမာဒ တရားဖြင့် "လူ့ဘဝ"ကို အသုံးချပါက အတုမဲ့ချမ်းသာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း ဩဝါဒပေးတော်မူ၏။ သမိုင်းဆရာတို့၏ အမြင်အရ "လူ"၏ ဇီဇစိတ်ဓာတ်နှင့် မြတ်စွာဘုရား၏ ဩဝါဒအရ "လူ"၏ ဇီဇ စိတ်ဓာတ်ကို ညှိနှိုင်း၍ ဆိုရလျှင် ဗြဟ္မာစိတ်ဓာတ်ဟူသည်မှာ ကုသိုလ်တရား အုပ်စုဖြစ်၍ တိရိစ္ဆာန်စိတ်ဓာတ်ဟူသည်မှာ အကုသိုလ် တရားအုပ်စုပင်ဖြစ်၏။ အကုသိုလ် တရားအုပ်စုသည် "အစုန်" သဘောဖြစ်၍ အားကောင်း၏။ ကုသိုလ်တရားအုပ်စုသည် "အဆန်" သဘောဖြစ်၍ အားပျော့၏။ ထို့ကြောင့် သာမညအားဖြင့် ပုထုဇဉ်တို့၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်၏။ တစ်ကိုယ်ကောင်း ကြံတတ်၏။ အားရှိအားမဲ့ အနိုင်ကျင့်တတ်၏။ နေရာ


www.burmeseclassic.com

www.burmeseclassic.com


တိုင်း၌ ဗိုလ်လုပ်ချင်၏။ "မြတ်သူ"ဖြစ်စေ၊ "တန်းတူ"ဖြစ်စေ၊"နိမ့်သူ"ဖြစ်စေ မည်သူ၏ အကြောကိုမျှ မခံချင်။ ဤသည်မှာ မာနဖြစ်၏။ မာနသဘောအရ မြင်မြင်သမျှနှင့် ယှဉ်ချင်၏။မြင်မြင်သမျှ အပေါ် တစ်နည်းနည်းဖြင့် အသာယူလို၏။

မိမိကိုယ်ကို အခိုင်အမာ ပြုလွှန်း၏။ မိမိသာ မရှိလျှင် မဖြစ်တော့သလို ယူ၏။ အရာရာတိုင်း၌ မိမိသာလျှင် အခိုင်အမာဆုံးအဖြစ် သတ်မှတ်၏။ ဤသည်မှာ ဒိဋ္ဌိဖြစ်၏။ ဒိဋ္ဌိသဘောအရ "ငါ့ကို အန်တုလို့ ရမလား"ဟူသော ခံယူချက်ဖြင့် မြင့်မြတ်သူဖြစ်စေ၊ တန်းတူရည်တူဖြစ်စေ၊ နိမ့်ကျသူ ဖြစ်စေ မည်သူကိုမဆို တစ်နည်းနည်းဖြင့် ချေမှုန်း၏။ သိုးငယ်နှင့် ဝံပုလွေပမာ မရလျှင် ရသည့်နည်းဖြင့် အပြစ်ကို ရှာ၏။

မာနနှင့် ဒိဋ္ဌိတို့သည် မိမိကိုယ်ကို မြတ်နိုးသော ဘဝနိကန္တိခေါ် တဏှာကိုလည်း၊ အားကိုး၏။ မိမိတို့ မှန်ကြောင်း ထောက်ခံသော အဝိဇ္ဇာကိုလည်း အားကိုး၏။ ထို့ကြောင့် မာနနှင့် ဒိဋ္ဌိတို့သည် တဏှာကြောင့်လည်း တစ်အားတက်၏။ အဝိဇ္ဇာကြောင့်လည်း တစ်အားတက်၏။ အမှန်အားဖြင့် တဏှာနှင့် အဝိဇ္ဇာတို့ကသာ အားပေး ထောက်ခံခြင်း မပြုလျှင် မာနနှင့် ဒိဋ္ဌိတို့သည် ရခဲလှစွာသော လူ့ဘဝကို ကုသိုလ်ကံကြောင့် ရခဲ့ကြလေသော လူတို့၏ သန္တာန်၌ ဤမျှလောက် စက်ဆုပ်ဖွယ်ကောင်းသော


www.burmeseclassic.com

www.burmeseclassic.com


တိရစ္ဆာန်စိတ်ဓာတ်ကို ဖြစ်ပေါ်စေနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ချေ။

တဏှာ၊ မာန၊ ဒိဋ္ဌိနှင့် အဝိဇ္ဇာတို့သည် "အစုန်"သဘောအရ မည်မျှပင် အားကောင်းကြစေကာမူ နောက်ဆုံး၌ အပယ်သတ်ခံရသော အကုသိုလ်တရားမျိုးဖြစ်၏။ ထို့ကြောင့် အကုသိုလ် တရားမျိုးတို့၏ အောင်ပွဲသည် ယာယီအောင်ပွဲမျိုးသာ ဖြစ်၏။ ထာဝရအောင်ပွဲမျိုး မဟုတ်။ ကုသိုလ်တရားမျိုးက အကုသိုလ်တရားမျိုးအပေါ် အောင်နိုင်သော အောင်ပွဲမျိုးသာလျှင် အပြီးသတ် ထာဝရအောင်ပွဲ ဖြစ်၏။

ဓမ္မပဒပါဠိတော်၊ ဗာလဝဂ်၊ ဂါထာအမှတ် ၆၉၌ မတော်မတရား၊ အဓမ္မနည်းဖြင့် ဤလောက၌ အောင်မြင်မှု အမျိုးမျိုးကို ရနိုင်ပါ၏။ ကံ အကျိုးမပေးသေးမီ ကာလအတွင်း ပျားရည်ကဲ့သို့လည်း ချိုပါ၏။ သို့ရာတွင် အဓမ္မက အကျိုးပေးချိန်ရောက်၍ အကျိုးပေးပြီး ဆိုလျှင်တော့ အဓမ္မနည်းဖြင့် ရထားသော အောင်မြင်မှု ဟူသမျှသည် ကျရှုံးမှု အဖြစ်သို့ ပြောင်းကာ ကြီးစွာသော ဒုက္ခကို ခေါ်ဆောင်လာလိမ့်မည် ဟူသော အဓိပ္ပာယ်မျိုးကို တွေ့ရ၏။

အဓမ္မနည်းဖြင့်ရသော အောင်မြင်မှုများသည် "ငါ့ကို အန်တုလို့ ရမလား"ဟူသော ကြုံးဝါးချက်ဖြင့် ချိုမြိန်သည် မှန်၏။ အာသာငမ်းငမ်း တမ်းတ


www.burmeseclassic.com

www.burmeseclassic.com


ဖွယ် ဖြစ်သည် မှန်၏။ သို့ရာတွင် ယနေ့ခေတ်နားလည်ဖွယ် အကောင်းဆုံးသော ဝေါဟာရဖြင့် ဆိုရလျှင် အဓမ္မနည်းဖြင့် ရသော အောင်မြင်မှုများသည် အပြင်းထန်ဆုံးသော မူးယစ်ဆေးဝါးသဖွယ် ဖြစ်၏။ သုံးစွဲသူများအတွက် "မက်မပြေ" ဖြစ်လောက်အောင် အရသာရှိသော်လည်း နောက်ဆုံး၌ ဇာတ်သိမ်းမကောင်းသော နိဂုံးဖြင့် အဆုံးသတ်ရသည်ချည်း ဖြစ်၏။ ထို့ပြင် ပတ်ဝန်းကျင်ကိုလည်း များစွာ တုန်လှုပ်ချောက်ချားစေခဲ့သည်ချည်း ဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးသည် နေရာတိုင်း၌ရှိ၏။ အချိန်တိုင်း၌ရှိ၏။ အဘိဓမ္မာ ဒေသနာတော်အရဆိုလျှင် အန္တပုထုဇဉ်များအတွက် လောဘနှင့် ယှဉ်သော သောမနဿသည် အလောဘနှင့် ယှဉ်သော သောမနဿထက် များစွာ အားကောင်း၏။ ထို့ကြောင့် အဓမ္မနည်းဖြင့် အောင်မြင်မှုများကို မရလျှင် ရအောင်ယူနေကြခြင်းဖြစ်၏။ သို့ဖြစ်၍ ဤခေတ်ကို "အသူရာ" တို့၏ အတွေးအခေါ် လွှမ်းမိုးသော ခေတ်ဟု ဆိုနိုင်၏။

မြန်မာနိုင်ငံ၌ ထေရဝါဒ သာသနာ ရောက်ခဲ့သည်မှာ ကြာမြင့်ခဲ့ချေပြီ။ ထေရဝါဒ သာသနာသည် "အသူရာ"တို့၏ အတွေးအခေါ်ကို ဖျက်ဆီး၍ "သိကြားမင်း"၏ အတွေးအခေါ်ကို အားပေး၏။ အသူရာတို့၏ အတွေးအခေါ်ဟူသည် ယှဉ်လာသူအား အပြတ် ချေမှုန်း၍ အောင်မြင်မှုကို ရယူခြင်း


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်၏။ သိကြားမင်း၏အတွေးအခေါ်ဟူသည် ယူဥ်လာသူအား အလျော့အတင်း "ဟာနေ့ပါဒါန" သဘောတရားအရ ညှိနှိုင်း၍ အောင်မြင်မှုကို ရယူခြင်းဖြစ်၏။ ယနေ့ခေတ်တွင် အသူရာတို့၏ အတွေး အခေါ်ကို အကြိုက်များကြ၏။ သို့ရာတွင် ထေရဝါဒ သာသနာသည် အသူရာတို့၏ အတွေး အခေါ်ကို အားမပေး။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လက်ရှိ ထေရဝါဒ သာသနာအပေါ် လိုက်နာမှု အဆင့်ကို သုံးသပ်ရန် လိုအပ်၏။

ထေရဝါဒ ပိဋကတ်တော်များ၏ လမ်းညွှန်ချက်အရ "ဘဝ" ပန်းတိုင်သည် ဒုစရိုက်များ အားလုံးကို မြစ်ပြတ် ပယ်သတ်နိုင်ရန် ဖြစ်၏။ မြစ်ပြတ် မပယ်သတ်နိုင်သေးလျှင်လည်း ပါး၍ ပါး၍သွားအောင် အားထုတ်ရန်ဖြစ်၏။ ဒုစရိုက်များ အားလုံး ပယ်သတ်ခြင်းကို ဝိရတီဟု ဆို၏။ ဝိရတီကို မဂ္ဂင်၈ပါး၌ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူ၍ သီလမဂ္ဂင် ၃ပါးအနေဖြင့် ဖော်ပြထား၏။

သမ္မာဝါစာ မဂ္ဂင်နှင့် ပြည့်စုံလျှင် ဝစီဒုစရိုက် ၄ပါးမှ ကင်းလွတ်ပြီး ဖြစ်၏။ သမ္မာကမ္မန္တမဂ္ဂင် ပြည့်စုံလျှင် ကာယဒုစရိုက် ၃ပါးမှ ကင်းလွတ်ပြီး ဖြစ်၏။ သမ္မာအာဇီဝမဂ္ဂင် ပြည့်စုံလျှင် မမှန်ကန်သော အသက်မွေးမှု ဟူသမျှမှ ကင်းလွတ်ပြီး ဖြစ်၏။ ထို့ကြောင့် ဒုစရိုက်အားလုံးမှ ကင်းလွတ်လျှင်ပျော်


www.burmeseclassic.com

www.burmeseclassic.com


ရွှင်မှု ချမ်းသာမှု၊ ငြိမ်းချမ်းမှုတို့သည် မိမိတို့ အလို အလျောက် ဤလောက၌ ပေါ်ထွန်းလာမည် ဖြစ်၏။

သို့ရာတွင်ဝိရတီသည် လောကီအဆင့်တွင် အာရုံချင်း မတူသဖြင့် အတူတကွ၊ တစ်ပြိုင်နက် မယှဉ်နိုင်သောကြောင့် ဒုစရိုက်များမှ ပါးရုံမျှသာ ဖြစ်၏။ လောကုတ္တရာ အဆင့်တွင်မူ နိဗ္ဗာန်ကိုချည်း အာရုံပြုကြသဖြင့် အာရုံချင်းတူ၍ အတူတကွ၊ တစ်ပြိုင်နက်ယှဉ်လေသောကြောင့် ဒုစရိုက်ဟူသမျှ မှ အခါခပ်သိမ်း ကင်းငြိမ်းလေတော့၏။ ထိုအခါ ဘဝ၏ ပန်းတိုင်သည် ပြည့်စုံလေပြီ။ သီလမဂ္ဂင် ၃ ပါးတို့ နှင့်အတူ၊ တစ်ပြိုင်နက် ယှဉ်လာနိုင်စေရန် ပညာမဂ္ဂင် ၂ ပါးနှင့် သမာဓိမဂ္ဂင် ၃ ပါးတို့ကို လုံလောက်စွာ ပွားများရ၏။

မြန်မာနိုင်ငံ၌ လက်ရှိထေရဝါဒ သာသနာ အပေါ် လိုက်နာမှုအဆင့်ကို ကြည့်လျှင် နှစ်ပိုင်းခွဲ၍ ကြည့်ဖို့လို၏။ ပထမအပိုင်းမှာ အသွင်သဏ္ဍာန်ပိုင်း ဖြစ်၍၊ ဒုတိယပိုင်းမှာ အနှစ်သာရပိုင်း ဖြစ်၏။ အသွင်သဏ္ဍာန်ပိုင်းအရ ဆိုရလျှင် အများစုသည် ထေရဝါဒ ပိဋကတ် စာပေလာ အဆိုအမိန့်များကို နားလည်ကြ၏။ ကုသိုလ်နှင့် အကုသိုလ်အကြောင်း ကိုလည်း ပြောကြ၏။ ကံနှင့် ကံ၏အကျိုးကိုလည်း ဆိုကြ၏။ ရုပ်နှင့်နာမ်တို့၏ ဖြစ်ပျက်ပုံကိုလည်း ရှင်းကြတတ်၏။ သို့ရာတွင် သူတို့၏ သန္တာန်၌ အနှစ်သာရပိုင်းသည် မရှိသလောက်ပင် ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com


တကယ်တမ်း အပြည့်ရှိနေသည်ကတော့ "ငါမှငါ" ဟူသော "အတ္တလွန်" စိတ်ထားဖြစ်၏။ ယင်းစိတ်ထားကို ဓမ္မပဒ အဋ္ဌကထာ ၁၁၀ လာအတိုင်း "ညာ" တတ်သော "မာယာ"၊ "ကြွား" တတ်သော "သာဌေယျ" တို့ဖြင့် ဖုံးထားလေ၏။ ထိုအခါ ဒုစရိုက်များကို ကင်းဝေးအောင် လုပ်ဖို့ဆိုသည်မှာ "အိပ်မက် မက်၍ပင်မရကောင်းသော အခြေအနေမျိုး၌ ရှိ၏။ ဘဝ၏ ပန်းတိုင်အနေဖြင့် ဒုစရိုက်များမှ ကင်းဝေးခြင်းဟူသည် နိဗ္ဗာန်ဖြစ်သည်။

ထို့ကြောင့် မိမိတို့၏ သန္တာန်၌ ဒုစရိုက်များကို ကင်းဝေးအောင် အားမထုတ်ဘဲ ပိဋကတ်တော်များ၏ အဆိုအမိန့်များကိုသာ အော်ကျယ်ဟစ်ကျယ် ရွတ်ဆိုပြီး "ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်" ဟူသော ခံယူချက်ဖြင့် "ငါ" ကို ရှေ့တန်းတင်၍ လုပ်နေကြလျှင်မြန်မာနိုင်ငံ၌ထေရဝါဒသာသနာကို "သက်မဲ့ရုပ်ကြွင်း" အဖြစ်သို့ ပို့ဆောင်ရာ ရောက်တော့၏။ သို့ဖြစ်၍ မြန်မာနိုင်ငံ၌ ထေရဝါဒအနုတ်မြစ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် ပြန်လည်၍ မတည်ဆောက်နိုင်ပါကထေရဝါဒသာသနာတော်သည် "ရေတိမ်နစ်" နစ်ပေတော့မည်။ယနေ့ အခြေအနေအရ နေရာတိုင်း၌လိုလို သူတို့သည် ကာယ ဒုစရိုက်များကြောင့်လည်း စိတ် မချမ်းမသာ ဖြစ်ကြရ၏။ မိစ္ဆာဇီဝကြောင့်လည်း တုန်လှုပ် ချောက်


www.burmeseclassic.com

www.burmeseclassic.com


ချား ကြရ၏။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ဒုစရိုက် ဟူသမျှ ကင်းဝေးပြီး ပျော်ရွှင်အောင်၊ ချမ်းသာအောင်၊ ငြိမ်းချမ်းအောင် ဆောင်ရွက်ဖို့ လို၏။ ထိုသို့ ဆောင်ရွက်ရာတွင် ထေရဝါဒပိဋကတ်တော်များ၏ လမ်းညွှန်ချက်နှင့်လည်း ညီညွတ်ဖို့လို၏။ ထိုသို့ ညီညွတ်မှသာ ရည်မှန်းချက်များ မှန်မှန်ကန်ကန် ပြီးမြောက်ပေလိမ့်မည်။ **သောကပရိဒေဝါနံ့သမတိက္ကမာယ**ဟူသည့်အတိုင်း မိမိတို့ ခံစားနေရသော သောကနှင့်ပရိဒေဝတို့ကို လွန်မြောက်နိုင်ပေလိမ့်မည်။ ထိုအခါမှသာ ထေရဝါဒ သာသနာတော်၏ အသွင်သဏ္ဍာန်ပိုင်းရော အနှစ်သာရပိုင်းပါ ပြည့်စုံပြီး မြန်မာနိုင်ငံ၌ ထေရဝါဒအုတ်မြစ်သည် ပို၍ ခိုင်မာသည်ထက် ခိုင်မာ လာပေလိမ့်မည်။သို့ရာတွင် ခေါင်းဆောင်များတော့ ရှိဖို့လိုအပ်ပါ၏။

ခေါင်းဆောင်များသည် ဓမ္မအပေါ် မယိမ်းမယိုင်၊ မတွေမဝေရပ်တည်နိုင်ရမည်။လာဘ်လာဘဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်ရမည်။ ပူဇော်သက္ကာရဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်ရမည်။လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ရဲသော သတ္တိရှိ၍၊ မလုပ်သင့် မလုပ်ထိုက်သည်ကို မလုပ်ဘဲ နေရဲသော သတ္တိလည်း ရှိရမည်။ ထိုကဲ့သို့သော အရည်အသွေးနှင့် ပြည့်စုံသော၊ ဗြဟ္မာမှ ဆင်းသက်သော၊ဗြဟ္မာစိတ်ဓာတ်ရှိသော ပုဂ္ဂိုလ်များသာ ခေါင်းဆောင်မည် ဆိုပါက ထေရဝါဒ

www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်သည် ဓမ္မပဒပါဠိတော်၊ အရဟန္တဝဂ်၊ ဂါထာ ၉၈ လာအတိုင်း ယနေ့ ကမ္ဘာ့နိုင်ငံကြီးများနှင့် စာလျှင်–

– ရွာအဆင့်မျှ ဖြစ်ချင် ဖြစ်မည်၊ တောအဆင့်မျှ ဖြစ်ချင်ဖြစ်မည်။
—ချိုင့်ဝှမ်း အဆင့်မျှ ဖြစ်ချင် ဖြစ်မည်၊ ကြည်း ကုန်းအဆင့်မျှ ဖြစ်ချင်ဖြစ်မည်။
– သို့ရာတွင် ဒုစရိုက်များမှ ကင်းဝေးသူတို့ နေထိုင်ရာ ဖြစ်၏။
– ထို့ကြောင့်ဤမြေပြင်တွင် မွေ့လျော်ဖွယ် အကောင်းဆုံးဒေသ ဖြစ်ပါ၏။

ဟူသည်နှင့် အညီ တကယ်တမ်း ဒုစရိုက်များ ကင်းဝေးသွားမည် ဆိုပါက မွေ့လျော်ဖွယ် အကောင်းဆုံး၊ စိတ်ချမ်းမြေ့ဖွယ် အကောင်းဆုံး၊ အငြိမ်းချမ်းဆုံး နိုင်ငံ ဖြစ်လာမည်မှာ ထေရဝါဒ၏ ကိုယ်ကျင့်သိက္ခာဖြင့် မြင့်မားမှုဩလေးလေးနက်နက်ယုံကြည်သူတိုင်းအတွက် အငြင်းပွားဖွယ် ရှိသော ပြဿနာ တစ်ရပ် မဟုတ်ကြောင်း သိပြီး၊ နားလည်ပြီး ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

၈

## သစ္စာအလှ

မြန်မာနိုင်ငံတော် လွတ်လပ်ရေး မရမီ ကာလက လည်း "အမျိုးဘာသာ၊ သာသနာ" ဟူသော ဝေါဟာရများကို တွင်တွင်ကျယ်ကျယ် သုံးကြ၏။ လွတ်လပ်ရေး ရပြီးနောက်လည်း ထိုဝေါဟာရများကို တွင်တွင်ကျယ်ကျယ်ပင် သုံးကြ၏။ ထိုသို့ သုံးကြရာ၌ မူရင်းရည်ရွယ်ချက်မှာ မြတ်စွာဘုရား၏ အဆုံးအမ အတိုင်း မြင့်မားသော ကိုယ်ကျင့်သိက္ခာဖြင့် ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော် အစွန့်ရှည်စွာ ကိုယ့်မင်း ကိုယ့်ချင်းဖြင့် တည်ပါစေခြင်းငှာ အမျိုးသား ဇာတိမာန် ခိုင်ခိုင်မာမာ ရှိကြရန် လှုံ့ဆော်ခြင်းဖြစ်၏။ သို့ရာတွင် ထိုလှုံ့ဆော်ချက်၏ မူရင်းရည်ရွယ်ချက်အတိုင်း "နိုင်ငံသားတိုင်း၌ အမျိုးသား ဇာတိမာန် ခိုင်ခိုင်မာမာ ရှိကြပါလေသလော"ဟု စောကြောသင့်ပါ၏။

ယေဘုယျအားဖြင့် ဘာသာရေးအမြင်အရ မာန်မာနဟူသည် အကုသိုလ်သဘော ရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com


မကောင်းဟု ဆိုနိုင်ပါ၏။ သို့ရာတွင် မာန်မာနတိုင်း အကုသိုလ်သဘော ရှိသဖြင့် မကောင်းဟု မဆိုအပ်။ "သူများတွေတောင် နိုင်ငံ့အတွက် အနစ်နာခံကာ လုပ်နိုင်သေးလျှင် ငါကကော အနစ်နာခံပြီး ဘာကြောင့် မလုပ်နိုင်ရမှာလဲ" ဟူသော မာန်မာနမျိုးကား နိုင်ငံသားတိုင်း၏ထားထိုက်သော မာန်မာနဖြစ်ပါ၏။ ထိုမာန်မာနမျိုးသည် အများအကျိုးကို ရှေ့ရှုသဖြင့် ကုသိုလ်ကို ပွားစေတတ်သောကြောင့် မှီဝဲအပ်သော မာန်မာနမျိုး ဟူ၍ ကျမ်းဂန်များ၌ ဆို၏။ "ငါ"မှ "ငါ"ဟူသော ခံယူချက်မျိုးဖြင့် ဆိုလျှင်မူ ကုသိုလ်ကို မပွားစေဘဲ အကုသိုလ်ကိုသာ ပွားစေတတ်သော မာန်မာနမျိုး ဖြစ်သဖြင့် ထိုမာန်မာနမျိုးကိုမူ ဗုဒ္ဓဒေသနာတော်အရ ရှောင်ရှားရမည် ဖြစ်၏။

ဤနေရာ၌ အများအတွက် အနစ်နာခံမှုကို ကုသိုလ်ဟု ဆိုရ၏။ မိမိအတွက် စွန့်စားမှုကို အကုသိုလ်ဟု ဆိုရ၏။ ကြီးမားသော အတိတ်ကုသိုလ်ကံကြောင့် လူ့ဘဝကို ရကြသူများသည် မိမိဘဝကို မိမိ၏ ကိုယ်ကျိုး ကိုယ်စီးပွားအတွက်သာ အသုံးချပါက "တကယ့် လူညံ့"ဖြစ်၏။ အများအတွက် အသုံးချမှသာ "တကယ့်လူတော်"ဖြစ်၏။ လူညံ့သည် သံသရာ၌ အစုန်လမ်းအတိုင်း မျောရန်သေချာ၏။ လူတော်သည် သံသရာ၌ အဆန်လမ်းအတိုင်း တက်ရန် သေချာ၏။


www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် ဤမြေ၌ နေ၍ ဤရေကိုသောက်ပြီး ကြီးပြင်းလာကြသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများသည် အမိနိုင်ငံကို ချစ်ကြမည်မှာ ဓမ္မတာဖြစ်၏။ သို့ဖြစ်၍လည်း "အမျိုးဘာသာ သာသနာ" ဟူ၍ ရွတ်ဆိုကြုံးဝါးကြခြင်း ဖြစ်၏။ ထိုသို့ ကြုံးဝါးကြသော်လည်း အမိမြန်မာနိုင်ငံတော်ကို ချစ်ကြရာ၌မူ တစ်ယောက်နှင့်တစ်ယောက် ချစ်ကြပုံချင်း မတူကြ။ အချို့က မြန်မာနိုင်ငံတော်ကို မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် အသုံးချလို၍ ချစ်ကြသူများလည်းရှိသည်။အချို့က မိမိ၏ဘဝကို မြန်မာနိုင်ငံတော်၏ အစီးအပွားအတွက် အသုံးချလို၍ ချစ်ကြသူများလည်း ရှိ၏။ ဤသို့လျှင် မြန်မာနိုင်ငံတော်အပေါ်တစ်ယောက်နှင့်တစ်ယောက် ချစ်ကြပုံချင်း မတူကြလေသောကြောင့် "ငါကသာ အမိ မြန်မာနိုင်ငံတော်ကို ပို၍ချစ်သည်၊ သူကတော့ ငါ့လောက်မချစ်" ဟူ၍ အချင်းချင်း ငြင်းခုံကြလျှင် "အမျိုးဘာသာသာသနာ" ဟူသော ကြွေးကြော်သံ၏ မူရင်း ရည်ရွယ်ချက်သည် ထင်သလောက် အကျိုးမရောက်ဘဲ ရှိမည်ဖြစ်၏။ ဒေသနာတော်အရလည်း "**ဝိဝါဒံ ဘယတော**" ဟူသည်နှင့်အညီ ငြင်းခုံခြင်းဟူသမျှသည် အန္တရာယ်သို့သာ ဦးတည်၏။ "**အဝိဝါဒံ ခေမတော**" ဟူသည်နှင့်အညီ မငြင်းခုံဘဲ ဆွေးနွေးညှိနှိုင်းခြင်း ဟူသမျှသည် ငြိမ်းချမ်းခြင်းသို့သာ ဦးတည်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com


အမုန်အားဖြင့် ငြင်းခုံနေကြခြင်းသည် "အမျိုးဘာသာ သာသနာ" ဟူသော ဝေါဟာရ၏ အနက်ကို ကောက်ယူရာ၌ တစ်ဦးနှင့်တစ်ဦး အသိအမြင်ချင်း မတူညီကြသောကြောင့် ဖြစ်၏။ အကယ်၍ တစ်ဦးနှင့်တစ်ဦး အဆိုပါ ဝေါဟာရများ၏ အနက်ကို ကောက်ယူရာ၌ အသိအမြင်ချင်း တူညီကြပါလျှင် ငြင်းခုံစရာ အကြောင်း ဘာမျှ မရှိ။

စာပေသဘောအရ ဆိုရလျှင် ဝေါဟာရများတွင် အနက်သည် သုံးဆင့်ရှိ၏။ အတိမ်နှင့်အနက် သဘောမျိုး ဖြစ်သည်။ မြန်မာနိုင်ငံသားတို့သည် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့စာပေနှင့် မိမိတို့ကိုးကွယ်သည့် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားရေးအတွက် ကြိုးပမ်းခဲ့ကြပါ၏။ အထင်ရှား ဆုံး ကာလကို ဆိုရလျှင် ပုဂံခေတ်ကို စ၍ ဆိုရမည် ဖြစ်၏။ ထိုထက်စော၍လည်း ဆိုနိုင်ပါ၏၊ သို့ရာတွင် ပဓာနနည်း အရ အထင်ရှားဆုံး ကာလကို ဆိုခြင်းဖြစ်၏။

ပုဂံခေတ်တွင် အမျိုး၊ ဘာသာ၊ သာသနာအတွက် စာပေများကို ပြုစုကြ၏။ ရာဇကုမာရကျောက်စာသည် ထင်ရှားသော အထောက်အထားဖြစ်၏။ ထိုကျောက်စာတွင် ပါဠိလည်းပါ၏။ ပျူလည်း ပါ၏။ မွန်လည်းပါ၏။ မြန်မာလည်းပါ၏။ အမှန် အားဖြင့် စာပေဟူသမျှသည် ယဉ်ကျေးမှု၏ ကြေးမုံဖြစ်သည်ဟု ဆိုကြ၏။ ကြေးမုံပြင်၌ ဆိုင်ရာအရာဝတ္ထုများ၏ အရိပ်ထင်သလို စာပေများ၌လည်း


www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ရာလူမျိုးများ၏ ယဉ်ကျေးမှုအရိပ်သည် ထင်၏။ သို့ဖြစ်လျှင် ယဉ်ကျေးမှုဟူသည် အဘယ်နည်း။

ယဉ်ကျေးမှု ဟူသော ဝေါဟာရ၏ အနက်ကို အကျယ်ပြန့်ဆုံး ဆိုရလျှင် မူရင်း ပကတိ သဘာဝ ဝတ္ထုကို ကာယအားဖြင့်ဖြစ်စေ၊ ဉာဏအားဖြင့် ဖြစ်စေ ပြုပြင်ရာမှ အကျိုးအနေဖြင့် ထွက်ပေါ်လာသော အရာဝတ္ထုပင် ဖြစ်၏။ ယင်းအရာဝတ္ထုသည် ရုပ် ဖြစ်ချင် ဖြစ်မည်၊ စိတ်ဖြစ်ချင် ဖြစ်မည် မည်သို့ပင် ဖြစ်စေ မူရင်း ပကတိ သဘာဝဝတ္ထုမှ လူတို့၏ စွမ်းအားကြောင့် ပြုပြင်ပြောင်းလဲ၍ ဖြစ်ပေါ်လာသမျှကို ယဉ်ကျေးမှုဟူ၍ သိမ်းကျုံးပြီး ဆိုလျှင် မှားအံ့ မထင်ပါ။

ဤနေရာ၌ လယ်ယာ၊ ချောင်းမြောင်း၊ တိုက်တာ၊ အိမ်ခြေ စသော ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု ပစ္စည်းများကို မဆိုလိုပါ။ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများသည် စိတ်ကူးစိတ်သန်းမှ ထွက်ပေါ်လာသော ပစ္စည်းများသာ ဖြစ်သောကြောင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု သဘောကိုသာ ဆိုလိုရင်း ဖြစ်၏။ လူသည် မူလပင်ကို ပကတိ သဘောအားဖြင့် မြင်မြင်သမျှကို မိမိအတွက်ချည်းသာရလို၏။ အန္တရာယ်နှင့် ကံ့လျှင် မနိုင်ပါက လွတ်အောင် ပေး၏။ နိုင်ပါက မိမိဆန္ဒရှိသလောက် အနိုင်ကျင့်၏။ မိမိကောင်းစားရေးကိုသာ အာရုံပြု၏။ စဉ်းစား၏။ ဦးစားပေး၏။ ဤသည်မှာ လူ၏ ပကတိ ပင်ကိုမူလစိတ် ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် ကျမ်းဂန်များ၌ "လူ၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်၏" ဟူ၍ ဆိုခြင်းဖြစ်၏။ ထို့ကြောင့် ပင်ကို မူလပကတိ သဘာဝအားဖြင့် လူသည် အရိုင်းသက်သက် ဖြစ်၏။

အရိုင်းသက်သက် ဖြစ်ခြင်း၏ ပဓာန အကြောင်းရင်းမှာ မိမိအတွက် လိုချင်တတ်သော လောဘ၊ သူတစ်ဖက်သားအပေါ် အနိုင်ကျင့်တတ်သော ဒေါသ၊ အမှားကိုအမှန်၊ အမှန်ကို အမှား ဟူ၍ ပြောင်းပြန်သိတတ်သော မောဟတို့ ဖြစ်ကြ၏။ ယင်းတရား သုံးပါးတို့သည် သတ္တဝါအားလုံးတို့၏ ပင်ကို မူလပကတိ အရိုင်းတရားများ ဖြစ်ကြ၏။ အယဉ်တရားများကား အရိုင်းတရားများ၏ ဆန့်ကျင်ဘက် အ လောဘ၊ အ ဒေါသ၊ အ မောဟ တို့ ဖြစ်ကြ၏။ သို့ရာတွင် ဟဒယ ဝတ္ထုရုပ်၌ အရိုင်းတရားများ လွှမ်းမိုးလာသောအခါ ကာယကံ အနေဖြင့်လည်း ရိုင်းလာ၏။ ဝစီကံ အနေဖြင့်လည်း ရိုင်းလာ၏။ မနောကံ အနေဖြင့်လည်း ရိုင်းလာ၏။ ဟဒယ ဝတ္ထုရုပ်၌ အယဉ်တရားများ လွှမ်းမိုးမှသာ ကာယကံ၊ ဝစီကံ၊ မနောကံများ အနေဖြင့် ယဉ်လာမည်ဖြစ်၏။ ရိုင်းလာခြင်းကို "ဒုစရိုက်"ဟု ခေါ်၍ ယဉ်လာခြင်းကို "သုစရိုက်" ဟု ခေါ်၏။ ထို့ကြောင့် ထိုအရိုင်းတရားများကို ဖယ်ရှား၍ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများ ထွန်းကားပြီး ယဉ်ကျေးသော ဗုဒ္ဓဘာသာ မြန်မာများ ဖြစ်လာစေရန် ရှေးခေတ် ပုဂံ


www.burmeseclassic.com

www.burmeseclassic.com


သားများသည် ကြိုးပမ်းခဲ့ကြ၏။ ဗုဒ္ဓဘာသာ မြန်မာများ ဟူ၍ ဆိုရာ၌ တိုင်းရင်းသားများ အားလုံး ပါဝင်၏။

ပုဂံခေတ်မှစ၍ ယနေ့ မျက်မှောက်ခေတ်တိုင်အောင် စာပေများကို ပုံစံအမျိုးမျိုးဖြင့် ပြုစုကြ၏။ ထိုသို့ ပြုစုခြင်း၏ မူရင်း ရည်ရွယ်ချက်မှာ "အလိမ္မာ စာမှာရှိ" ဟူသော ဆောင်ပုဒ်အတိုင်း လိမ္မာသော၊ ယဉ်ကျေးသော ဗုဒ္ဓဘာသာ မြန်မာများ ဖြစ်လာစေရန် အားထုတ်ခြင်း ဖြစ်၏။ ထိုသို့ အားထုတ်ရာ၌ ဇာတိမာန်ကို နှိုးဆွ၍ အစဉ် ရှင်သန်နေစေရန် ရည်ရွယ်ချက်လည်း ပါဝင်၏။ ဤနေရာ၌ ဇာတိမာန်ဟူသည် ဒုစရိုက်သို့ ဦးတည်သော ဇာတိမာန် မဟုတ်။ သုစရိုက်သို့ ဦးတည်သော ဇာတိမာန်သာ ဖြစ်၏။ မမှီဝဲအပ်သော ဇာတိမာန် မဟုတ်၊ မှီဝဲအပ်သော ဇာတိမာန်သာ ဖြစ်၏။

ပုဂံခေတ်စာပေများမှစ၍ ယနေ့မျက်မှောက်ခေတ် စာပေများကို လေ့လာကြည့်လျှင် ကိုယ့်မင်းကိုယ့်ချင်းခေတ် စာပေများသည် ဗုဒ္ဓဘာသာ စာပေများအပေါ် များသောအားဖြင့် မတ္တာရိုင်ပြု၏။ သူတစ်ပါး လက်အောက်သို့ ကျရောက်သွားသော အခါမှသာ စာပေ၏ အကြောင်းအရာများသည် အရောရော အနှောနှော ဖြစ်သွားကြောင်း တွေ့ရ၏။ မည်သို့ ဆိုစေ များသောအားဖြင့် စာဆိုများသည် မိမိတို့၏ စာပေများဖြင့် မြန်မာတို့၏ သန္တာန်၌ ယဉ်


www.burmeseclassic.com

www.burmeseclassic.com


ကျေးမှုနှင့် ဇာတိမာန်ကို ခိုင်မာစွာ တည် ဆောက်ရန် ကြိုးပမ်းခြင်း ဖြစ်၏။

သို့ရာတွင် နှောင်းခေတ်၌ စာပေများကို လေ့လာသူများသည် မူလစာဆိုများ၏ မူရင်း ရည်ရွယ်ချက်တိုင်အောင် လေ့လာနိုင်သူများလည်း ရှိ၏။ မူလ စာဆိုများ၏ မူရင်းရည်ရွယ်ချက် တိုင် အောင် မရောက်ဘဲ အပေါ်ယံ ရှုပ်၍ လေ့လာနိုင်သူ များလည်း ရှိ၏။ ဗုဒ္ဓဘာသာ၏ မူရင်း ရည်ရွယ်ချက် မှာ စာပေများဖြင့် ဒုစရိုက်များကို သုစရိုက် များဖြင့် အစားထိုးနိုင်ရန်၊ အရိုင်းကို အယဉ်ဖြင့် အစားထိုးနိုင်ရန်၊ သုစရိုက်သို့ ဦးတည်သော ဇာတိ မာန်ကို နှိုးဆွ၍ အစဉ် ရှင်သန်နေစေရန် ဖြစ်၏။

ဒုစရိုက်များကို သုစရိုက်များဖြင့် အစားထိုးရာ၌ ဖြစ်စေ၊ အရိုင်းကို အယဉ်ဖြင့် အစားထိုးရာ၌ ဖြစ်စေ၊ သုစရိုက်သို့ ဦးတည်သော ဇာတိမာန်ကို အစဉ် ရှင်သန်နေစေရန် အတွက် နှိုးဆွရာ၌ ဖြစ်စေ ဗုဒ္ဓ ဒေသနာတော်အရ အခြေခံအကျဆုံးသော လုပ်ငန်း မှာ မိမိအတွက် အသာစံ သဘောဖြင့် လိုချင်တတ် သော "လောဘ"ကို သူတစ်ပါးအတွက် အနာခံ သဘောဖြင့် ပေးကမ်းချင်တတ်သော "အ လောဘ" ဖြင့် အစားထိုးနိုင်အောင် ကြိုးပမ်းရန်၊ အနိုင်ကျင့် တတ်သော "ဒေါသ"ကို ချစ်တတ်သော "အ ဒေါသ"ဖြင့် အစားထိုးနိုင်အောင် ကြိုးပမ်းရန်၊ အမှားကို အမှန်၊ အမှန်ကို အမှား ဟူ၍ ပြောင်းပြန်သိတတ်


www.burmeseclassic.com

www.burmeseclassic.com


သော "မောဟ"ကို အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း ယထာဘူတကျကျ သိတတ်သော "အ မောဟ"ဖြင့် အစား ထိုးနိုင်အောင် ကြိုးပမ်းရန် ဖြစ်၏။

ထိုသို့ ကြိုးပမ်းနိုင်သော အခါမှသာ မည်သို့ပင် ဖြားယောင်းဖြားယောင်း၊ မည်သို့ပင် ခြိမ်းခြောက်ခြိမ်းခြောက် လုပ်သင့်သည်ကို လုပ်ရဲသော သတ္တိနှင့် မလုပ်သင့်သည်ကို မလုပ်ဘဲ နေရဲသော သတ္တိသည် အင်ပြည့် အားပြည့် ရှိလာမည် ဖြစ်၏။

ပါဠိဝေါဟာရဖြင့် လောဘကို အလောဘဖြင့် အစားထိုးခြင်းကို "ရာဂ ဝိနယ"ဟူ၍ လည်းကောင်း၊ ဒေါသကို အဒေါသဖြင့် အစားထိုးခြင်းကို "ဒေါသ ဝိနယ"ဟူ၍ လည်းကောင်း၊ မောဟကို အမောဟဖြင့် အစားထိုးခြင်းကို "မောဟ ဝိနယ" ဟူ၍လည်းကောင်း ဆိုရ၏။ ဤနေရာ၌ "ဝိနယ" ဟူသည် ယဉ်ကျေးအောင် ဆုံးမခြင်းဟူ၍ ဖြစ်၏။ ထိုသို့ အစားထိုးနိုင်ပါက မြန်မာနိုင်ငံသားတို့သည် ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်သူများ ဖြစ်ကြသည် အားလျော်စွာ ဤကမ္ဘာမြေအပြင်၌ ရုပ်ပိုင်းဆိုင်ရာ ဝတ္ထုပစ္စည်းများဖြင့် မတိုးတက်စေကာမူ "အယဉ်ကျေးဆုံး" ဖြစ်လာကြမည်မှာ အနည်းငယ်မျှ ယုံမှားသံသယဖြစ်ဖွယ် မရှိပါချေ။

ထေရဝါဒ ပိဋကတ်စာပေကို အခြေခံသော မည်သည့် စာပေမဆို သစ္စာလေးပါးမှ လွတ်သည်


www.burmeseclassic.com

www.burmeseclassic.com


ဟူ၍ မရှိဟု ဆရာမြတ်များက မိန့်ဆိုထားလေရာ စာပေကို ဖတ်ရှုလေ့လာတိုင်း သစ္စာလေးပါးတိုင် အောင် စာပေ၏ အနက်ကို သိရှိနိုင်ရန် အားထုတ် အပ်ပါ၏။ ကြိုးပမ်းအပ်ပါ၏။ ပိဋကတ်တော်ကို အခြေခံသော စာပေတို့၏ အနက်များသည် သူ့ အဆင့်နှင့်သူ၊ သူ့အလွှာနှင့်သူ ရှိကြ၏။ အဆင့် အားဖြင့်လည်း သုံးဆင့်ရှိ၏။ အလွှာအားဖြင့်လည်း သုံးလွှာရှိ၏။ ပထမအဆင့်အနက်မှာ သဒ္ဒါ အနက် ဖြစ်၏။ သဒ္ဒါအနက် ဟူသည်မှာ စာပေတွင် ပါဝင် သော ဝေါဟာရများက ဖော်ပြထားသည့်အတိုင်း သိရ၊ နားလည်ရသော အနက်ဖြစ်၏။ ထိုအနက်ကို စာဖတ်တတ်သူတိုင်း သိ၏။ နားလည်၏။ ထို့ ကြောင့် ထိုအနက်မျိုးကို "သုတဉာဏ်"ဖြင့် သိနိုင် သောအနက်ဟူ၍ ပညာရှင်များက ဆိုကြ၏။

ဒုတိယအဆင့် အနက်မှာ အဓိပ္ပါယ်နက် ဖြစ် ၏။ အဓိပ္ပါယ်နက် ဟူသည်မှာ စာပေ၌ တိုက်ရိုက် မပါဝင်သော်လည်း ရှေ့နှင့်နောက်ကို ထောက်ဆ၍ လည်းကောင်း၊ အကြောင်းအကျိုးကို ဆင်ခြင်၍ လည်းကောင်း၊ မိမိ၏ ဘဝအတွေ့အကြုံနှင့် နှိုင်းဆ ၍လည်းကောင်း သိရ နားလည်ရသော အနက်ဖြစ်၏။ ထိုအနက်သည် နယ်နိမိတ်အားဖြင့် ကျယ်ဝန်း၏။ "ပဋိသမ္ဘိဉာဏ်နှင့် စာပေဗဟု သုတ"အတိုင်း အတာ အလိုက် အကျဉ်းအကျယ် ရှိ၏။ ထို့ကြောင့်


www.burmeseclassic.com

www.burmeseclassic.com


ထိုအနက်ကို "အနုမိတဉာဏ်" ဖြင့်သာ သိနိုင်သော အနက်မျိုးဟူ၍ ပညာရှင်များက ဆိုကြ၏။

တတိယအဆင့် အနက်မှာ ခန္ဓာသိအနက်မျိုး ဖြစ်၏။ ယင်းအနက်ကို ပါဠိဝေါဟာရအားဖြင့် ဘာဝတ္တဟူ၍ ဆိုကြ၏။ ဘာဝတ္တဟူသည် စာပေ၌ မှတ်တမ်းအဖြစ် ပါဝင်နေသော သဒ္ဒါအနက်နှင့် အဓိပ္ပါယ်အနက်ကိုစာဖတ်သူများ၏ ခန္ဓာ၌ ဖြစ်ပေါ်နေသော အတွေ့အကြုံများနှင့် တိုက်ဆိုင်စိစစ်ခြင်း ဖြစ်၏။ ထိုသို့ စိစစ်သောအခါ ပထမဦးစွာ ရုပ်နှင့်နာမ်ကို တွေ့ရ၏။ ထို့နောက် ရုပ်နှင့်နာမ်တို့၏ အကြောင်းအကျိုး ဆက်သွယ်မှုကို တွေ့၏။ ထို့နောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို တွေ့၏။ ထို့နောက် အရိယာသစ္စာကို တွေ့၏။ဤသို့လျှင် "**ဟေိ သဿိ ကော**"ဟူသော တရား ဂုဏ်တော်အရ စာဖတ်သူများ ခန္ဓာအစဉ်၌ ဖြစ်ပေါ်နေသော ရုပ်နှင့် နာမ်မှ အရိယသစ္စာတိုင်အောင်သော အနက်များကို သိမ်းကျုံး၍ "ဘာဝတ္တ"ဟု ခေါ်ခြင်း ဖြစ်၏။ ဘာဝတ္တသည် နောက်ဆုံးအနက် ဖြစ်၏။ ယင်းအနက်ကို "သစ္စိကတဉာဏ်" ဖြင့်သာ သိနိုင်၏ဟု ပညာရှင်များက ဆိုကြ၏။

သစ္စိကတဉာဏ်ဖြင့် သိနိုင်ရေးအတွက် ရှေးဦးစွာအခြေခံအနေဖြင့် သီလစင်ကြယ်မှု၊ စိတ်ထားစင်ကြယ်မှု၊ အယူစင်ကြယ်မှု စသော ဆိုင်ရာ ဆိုင်ရာ စင်ကြယ်မှု "ဝိသုဒ္ဓိ"များကို စာဖတ်သူများ


www.burmeseclassic.com

www.burmeseclassic.com


၏ သဒ္ဒါနှင့် လုံလောက်အောင် ပွားများအပ်၏။ ထိုအခါမှသာ စာဖတ်သူများသည် စာပေ၏ နောက်ဆုံးအနက် "ဘာဝတ္ထ"ကို သစ္စိ ကတဉာဏ်ဖြင့် သိနိုင်၏။ ထိုသို့သစ္စိကတဉာဏ်ဖြင့် သိနိုင်ရေးသည်သာလျှင် ထေရဝါဒ ပိဋကတ်တော်များ၏ နောက်ဆုံးရည်မှန်းချက်ဖြစ်၏။

ဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၌ "အမျိုးဘာသာသာသနာ"ဟူ၍လည်း ကြွေးကြော်ကြ၏။ ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် ပညာရှိများ ရေးသားပြုစုခဲ့သော စာပေအမျိုးမျိုးကိုလည်း စာတတ်သူများကဖတ်ကြပါ၏။သို့ရာတွင် စာဖတ်သူများသည် များသောအားဖြင့် "အလိမ္မာ"ကို "စာပေ"၌သာ တွေ့အောင်ရှာနိုင်ကြ၏။"အလိမ္မာ"ကို မိမိတို့၏ "ခန္ဓာ"၌တွေ့အောင်မရှာနိုင်ကြ။မော်တော်ယာဉ်စီးလျှင်လည်း လက်မှတ်ရောင်းသူများ၏ အော်ဟစ်ကြိမ်းမောင်းခြင်းကို ခံကြရ၏။ ခါးပိုက်နှိုက်များ၏ အန္တရာယ်ကိုလည်း ကြောက်ရွံ့နေကြရ၏။ ဈေးဝယ်ရာ၌လည်း ဝယ်သူ၏ ပုံပန်းသဏ္ဌာန်ကိုကြည့်၍ ရောင်းသူများက ရောင်းဈေးကို အမျိုးမျိုး ဆိုကြ ၏။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံ အဖြစ်သို့ ရောက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပါပြီ။ ဗုဒ္ဓဘာသာ၌ လောဘ၊ ဒေါသ၊ မာန်မာန၊ က္လေသ၊ မစ္ဆရိယများကို ပယ်သတ်နိုင်သော နည်းကောင်းနည်းမှန်များလည်း ရှိ၏။ ထိုနည်းကောင်း နည်းမှန်များကို


www.burmeseclassic.com

www.burmeseclassic.com


ထိုထို စာပေများ၌ရဟန်းပညာရှိများနှင့် လူပညာရှိများက ပါဠိဘာသာများဖြင့်လည်း ရေးသားခဲ့၏။ ပျို့ လင်္ကာ ကဗျာများဖြင့်လည်း ရေးခဲ့၏။ စကားပြေ များဖြင့်လည်း ရေးခဲ့၏။ ရေးခဲ့သမျှ ထိုထိုစာပေများ၏ နောက်ဆုံး ရည်ရွယ်ချက်မှာ ဒုစရိုက်မှုများ ကင်းဝေးရေးဖြစ်၏။ ဒုစရိုက်ကင်းဝေးရေးဟူသည် စာပေ၏ "ဘာဝတ္တ"ကိုသိမှု အပေါ်၌ တည်၏။ "ဘာဝတ္တ"ကို သိမှုဟူသည် ကိုယ်ကျင့်သိက္ခာ စင်ကြယ်မှုပေါ်၌ တည်၏။

ထို့ကြောင့် စာဖတ်သူများနှင့် စာရေးသူများသည် ဗုဒ္ဓဘာသာဆိုင်ရာ စာပေများကို ဖတ်ရှုသောအခါဖြစ်စေ၊ရေးသား တင်ပြသောအခါ ဖြစ်စေ၊ သဒ္ဒါနက်နှင့် အဓိပ္ပါယ်နက်ဆိုင်ရာ အလင်္ကာရအလှ၊ ဂုဏ်အလှတို့၌သာ ယစ်မူးမနေဘဲ ထေရဝါဒ ဗုဒ္ဓဘာသာ၏ အဆီအနှစ်ဖြစ်သော ကိုယ်ကျင့်သိက္ခာ စင်ကြယ်မြင့်မြတ်မှုဆိုင်ရာ ဘာသတ္တခေါ် "သစ္စာအလှ"သို့ တိုင်အောင် ဦးတည်သင့်ပါ၏။ ဖတ်နိုင်အောင် သို့မဟုတ် တင်ပြနိုင်အောင် ကြိုးပမ်းသင့်ပါ၏။ ထိုသို့ ကြိုးပမ်းရာ၌ တိပိဋကဓရ (ယော) ဆရာတော် အမိန့်ရှိသည့် ဥပမာအတိုင်း "ဆန်"နှင့် တူသော "စိတ်"ကို "အိုး"နှင့်တူသော "သဒ္ဓါ" ၌ "ရေ"နှင့်တူသော "သမာဓိ"နှင့် ထည့်၍ "မီး" နှင့်တူသော "ဝီရိယ"ဖြင့် အပူပေး၍ "ယောက်မ" နှင့်တူသော "သတိ"ဖြင့် မတူးအောင် မွှေပြီးလျှင်


www.burmeseclassic.com

www.burmeseclassic.com


"ချက်သူ"နှင့် တူသော "ပညာ"က နူးအောင် နပ်အောင် ချက်ရာသကဲ့သို့ ဣန္ဒြေငါးပါးတို့ကို တာဝန်အလိုက် ညီမျှအောင် ထားနိုင်ပါက ဖတ်သူ ဖြစ်စေ၊ ရေးသူဖြစ်စေ စာပေ၏ "သစ္စာအလှ"ကို မြင်အောင် ကြည့်နိုင်မည်။ "သစ္စာအလှ"ကို မြင်ပါ မှလည်း ဒုစရိုက်မှုများမှ ကင်းဝေးမည်။ ဒုစရိုက်မှုများ ကင်းဝေးပါမှလည်း ခိုင်မာသော ထေရဝါဒ အနုတ်မြစ် ပေါ်၌ တည်ဆောက်ထားသော ဗုဒ္ဓဘာသာ စစ်စစ် ဖြစ်ပေလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com

# ၉
## အလေးထားရမည့် လူ့ဘဝ ဒုလ္လဘ

လူ့ဘဝသည်အလွန် ရခဲ၏။ ထို့ကြောင့် မြတ်စွာဘုရားက "ဒုလ္လဘ"ဟု ဟောကြားတော်မူခြင်း ဖြစ်၏။ သို့ရာတွင် ယနေ့ မျက်မှောက်ကမ္ဘာ၌ လူတို့သည် မိမိတို့ အချင်းချင်း "ဒုလ္လဘ"ဟု သဘောမထား၊ ဘာမျှ တန်ဖိုးမရှိသော အရာဝတ္ထု အနေဖြင့်သာ သဘောထား၏။ မိမိ၏ "အတ္တ"ကို ထိခိုက်သည်ဟု ယူဆပြီး စိတ်မထင်က ခဏချင်း သတ်လိုက်၏။ ဖျက်ဆီးလိုက်၏။ အကယ်၍ သတ်ဖြတ်ဖျက်ဆီးသည့် အဆင့်သို့ မရောက်သည့်တိုင်အောင် မထီမဲ့မြင်ပြု၏။ အနိုင်ကျင့်၏။ ထို့နောက် မိမိကပင် မှန်သယောင် အကြောင်းပြ၏။ ရှင်းလင်း၏။ သို့ဖြစ်လျှင် "ဒုလ္လဘ"ဟူသည် မည်သို့ အဓိပ္ပါယ် ရှိပါတော့မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါက ဆရာနှင့် တပည့် ခရီးအတူ သွားကြ၏။ လမ်းတွင် လူများဝိုင်းအုံ၍ တိုးဝှေ့ကြည့်ရှုနေကြသည်ကို မြင်၏။ ထိုအခါ တပည့်လည်း အများနည်းတူ ဝင်ရောက်၍ တိုးဝှေ့ကြည့်ရှု၏။ အချိန်အတန်ကြာ ကြည့်ရှုပြီးနောက် ပြန်လာ၏။ ဆရာက“ဘာတွေ့ခဲ့သလဲ”မေးသောအခါ တပည့်က“အလွန် အံ့စရာလည်း ကောင်း၊ စိတ်ဝင်စားစရာလည်း ကောင်းသော အရာကို တွေ့ခဲ့ပါတယ်။ လူစင်စစ်က“ ဝက်”လို အော်လိုက်လျှင် တကယ့်“ဝက်”အတိုင်း အသံထွက်သည်ကို ကိုယ်တိုင်တွေ့ရပါတယ်။ ဒါ့ကြောင့် လူတွေ ဝိုင်းအုံ တိုးဝှေ့ကြည့်ကြခြင်း ဖြစ်ပါတယ်”ဟု ပြန်ပြောပြ၏။ထိုအခါ ဆရာက “လာ သွားကြစို့၊ ရှေ့မှာ ဒီထက် အံ့သြစရာလည်းကောင်း၊ စိတ်ဝင်စားစရာလည်း ကောင်းတာကို ငါ့တပည့် တွေ့ပါလိမ့်မယ်”ဟု ဆိုပြီး ဆရာနှင့် တပည့် ဆက်လက်ခရီးထွက် သွားကြ၏။

ရှေ့တွင် အံ့သြစရာများ တွေ့ရလိမ့်ဦးမည်ဟု ဆရာက ပြောထားသဖြင့် တပည့်က တွေ့နိုးတွေ့နိုးနှင့် ပတ်ဝန်းကျင်ကို စူးစမ်းကာ ကြည့်လျက်သွား၏။ တစ်နေရာတွင် ဝက်တစ်ကောင်ကို ဆရာတပည့်နှစ်ဦးတွေ့ကြရာ ဆရာက တပည့်ကို ဝက်ဖမ်းခိုင်း၏။ ဝက်ကို ဖမ်းမိသောအခါ ဆရာက ဝက်ကို တုတ်နှင့်ရိုက်၏။ ဝက်သည် ကျယ်လောင်စွာ အော်၏။ ထိုအခါ ဆရာက တပည့်အား “ခုနက


www.burmeseclassic.com

www.burmeseclassic.com


ဝက်အော်သံနှင့် ယခု ဝက်အော်သံ နှစ်မျိုးအနက် မည်သည့် အသံက ပို၍ ဝက်အော်သံနှင့် တူသနည်း” ဟု မေး၏။ တပည့်က “ယခုအော်သော အသံမှာ “ဝက်”စစ်စစ်က အော်သောအသံ ဖြစ်၏ ခုနက အော်သောအသံမှာ “လူ”စစ်စစ်က ဝက်လို အော်သော အသံဖြစ်၏။ထို့ကြောင့် ယခု ဝက်အော်သံက ပို၍ ဝက်အော်သံနှင့် တူပါ သည်”ဟု ဖြေကြား၏။ “သို့ဖြစ်လျှင် လူတွေ ဘာကြောင့် ဝိုင်းအုံ၍ မကြည့် ကြသနည်း”ဟု မေးလျှင် “အုံ့သြ စရာလည်း မကောင်း၊ စိတ်ဝင်စားစရာလည်း မကောင်းသော ကြောင့် မကြည့်ခြင်း ဖြစ်ပါသည်”ဟု တပည့်က ဆို၏။ထိုအခါ ဆရာက“မှန်ပေတယ်တပည့်၊ သာမန် လူများသည် အဝိဇ္ဇာ၏ “မာယာ အလှ” ကိုသာ မြင်တတ်၏။ ဝိဇ္ဇာ၏ “သစ္စာ” အလှကိုမမြင် တတ်ပေဘူး။ မြင့်မြတ်သော လူများသည်သာ အဝိဇ္ဇာ ၏ “မာယာ အလှ”ကို ကျော်ပြီး ဝိဇ္ဇာ၏ “သစ္စာ” အလှကို မြင်တတ်၏”ဟု မိန့် ကြား၏။ ဤပုံပြင် ကို စာအုပ်တစ်အုပ်၌ ငယ်စဉ်က ဖတ်ရဖူး၏။

တစ်ခုတည်းကိုသာမြင်သူသည် ပညာရှိ ဖြစ်၏။ အများကို မြင်သူကား ပညာရှိမဟုတ်။ ဤသို့ ပညာရှင်များက မိန့်ကြားကြ၏။ လူတစ်ဦး တည်းကိုပင် တရုတ်၊ ကုလားခွဲ၏။ ဆွေမျိုး၊ သူစိမ်း ခွဲ၏။ သူဌေး၊ သူဆင်းရဲခွဲ၏။ ဂုဏ်ရှိ၊ ဂုဏ်မဲ့ ခွဲ၏။ ဤသို့လျှင် တစ်ခုတည်းက အမျိုးမျိုး ဖြစ်သွားခြင်း


www.burmeseclassic.com

www.burmeseclassic.com


ကို “ဥပါဒိ”ဟု ဒဿနပညာရှင်များကဆိုကြ၏။ တရားကိုယ်အားဖြင့် “ဥပါဒိ” ဟူသည်မှာ အဝိဇ္ဇာ၏ “မာယာပင်တည်း”။ ထိုကြောင့်အဝိဇ္ဇာ၏“မာယာ အလှ” ၌ နစ်မွန်းနေကြသူများသည် သမ္မုတိသစ္စာ အရ အရာရှိကြီး ဖြစ်ချင် ဖြစ်နေမည်။ သူဌေးကြီး ဖြစ်ချင် ဖြစ်နေမည်။ သို့ရာတွင် မည်သူပင်ဖြစ်ဖြစ် အမှန်အား ဖြင့် ကိုယ်ကျင့်သိက္ခာ ရှုထောင့်မှ ကြည့် လျှင် သာမန်လူအဆင့်၌သာဝင်၏။ ထိုထက်ပို၍ မမြင့်မား။ ထို့ကြောင့်သာလျှင် သူသည်“ဒုလ္လဘ” ဖြစ်သောလူ့ဘဝတည်းဟူသော “အနှစ်”ကို မမြင် နိုင်ဘဲ “အကာ”တည်းဟူသော ဂုဏ်ပကာသန “သမ္ပတ္တိ”များကိုသာမြင်ခြင်းဖြစ်၏။ ဂုဏ်ပကာ သန “သမ္ပတ္တိ”များကို မြင်လျှင် “နိမိတ္တဂ္ဂါဟီ”ဟု ဆို၏။ ထိုအခါ သူ၏ သန္တာန်၌ ချစ်ခြင်း (အဘိဇ္ဈာ)နှင့် မုန်းခြင်း (ဒေါမနဿ)တို့ နှစ်ခု အနက် တစ်ခုခုသည် ဖြစ်ပေါ်လာတတ်ပါ၏။ မြတ်စွာ ဘုရားကလည်း အာရုံတစ်ခုခုကို တွေ့မြင် တိုင်း ချစ်ခြင်းဖြစ်စေ၊ မုန်းခြင်းဖြစ်စေ ဖြစ်ပေါ် မလာရ လေအောင် သတိထားရမည်။ အာရုံကို အသေးစိတ်အထိ မကြည့်မိအောင် သတိထားရမည်။ အာရုံကို အသေးစိတ်အထိ ကြည့်မိပါက “ချစ်ခြင်း” ဖြစ်စေ၊ “မုန်းခြင်း”ဖြစ်စေ ဖြစ်ပေါ်လာတတ်၏။ အာရုံကို အသေးစိတ်အထိ ကြည့်ခြင်းကို “အနုဗျဉ္ဇ နဂ္ဂါဟီ”ဟု ဆိုပါ၏။ အာရုံတစ်ခုခုကို မြင်လျှင်


www.burmeseclassic.com

www.burmeseclassic.com


"မြင်ကာ မျှ"ကြားလျှင် "ကြားကာမျှ" အဆင့်၌သာ ထား နိုင်အောင် ကြိုးပမ်းရမည်။ ထိုသို့ ထားနိုင်အောင် လေ့ကျင့်ရမည်။ ထိုသို့ ကြိုးပမ်းခြင်းအားဖြင့် သက်ရှိသက်မဲ့ မည်သည့်အာရုံပင်ဖြစ်စေ ယင်းတို့၌ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ပျက်မှုတစ်ဆင့် "သုညတ"သဘော တစ်မျိုးတည်းသာ ရှိကြောင်း သိစေလို၍ဖြစ်၏။

သို့ရာတွင် ဤလောက၌ လူတို့သည် အရာရာတိုင်းကို "အရိယသစ္စာအမြင်"ဖြင့်သာ ကြည့်တတ်သူများချည်း မဟုတ်ကြ၊ "သမ္မုတိသစ္စာ အမြင်" ဖြင့် ကြည့်တတ်သူက များပါ၏။ ထို့ကြောင့် "အရိယသစ္စာအမြင်"ဖြင့် မကြည့်တတ်သေးမီ "သမ္မုတိသစ္စာအမြင်"ဖြင့် ကြည့်တတ်သည့် ကာလ၌ပင် "အရိယသစ္စာအမြင်"သို့ ဦးတည်သော "သမ္မုတိသစ္စာအမြင်" ဖြင့် ကြည့်သည့် ကြည့်နည်းကို မြတ်စွာဘုရားသည် မင်္ဂလသုတ်တော်၌ ဟောတော်မူထား၏။

မင်္ဂလသုတ်တော်အရ "လူ"ဟူသည် မိမိ တစ်ဦးတည်း တစ်ယောက်တည်း နေနိုင်စွမ်းရှိသူ မဟုတ်။ သက်ရှိ၊ သက်မဲ့နှင့် တန်ခိုးရှိ၊ တန်ခိုးမဲ့တို့ကို အမှီပြု၍ နေရသူဖြစ်၏။ ထိုကြောင့် လူသည် မိမိ ပတ်ဝန်းကျင်ရှိ သက်ရှိ သက်မဲ့တို့နှင့် လည်းကောင်း တန်ခိုးရှိ တန်ခိုးမဲ့တို့နှင့်လည်းကောင်း မလွဲမသွေ ဆက်ဆံရလေ၏။ မဆက်ဆံဘဲ နေ၍ မရနိုင်ချေ။


www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ ဆက်ဆံရာတွင် ကိုယ်ဖြင့် ဆက်ဆံပါက "ကာယကံ"ဟု ခေါ်ရ၏။ နှုတ်ဖြင့်ဆက်ဆံပါက "ဝစီကံ"ဟု ခေါ်ရ၏။ စိတ်ဖြင့် ဆက်ဆံပါက "မနောကံ"ဟု ခေါ်ရ၏။ ထိုကံသုံးပါးတို့တွင် တစ်ပါးပါးဖြင့် ပတ်ဝန်းကျင်ကို ဆက်ဆံရမြဲဖြစ်၏။ ကောင်းသော ကာယကံဖြင့် ဆက်ဆံပါက "သုစရိုက်ကံ"မည်၏။ မကောင်းသော ကာယကံဖြင့် ဆက်ဆံပါက "ဒုစရိုက်ကံ"မည်၏။ ထိုနည်းအတူ "ဝစီကံ"ဖြင့် ဆက်ဆံရာ၌ လည်းကောင်း၊ "မနောကံ"ဖြင့် ဆက်ဆံရာ၌လည်းကောင်း ကောင်းမွန်သော စေတနာပါလျှင် "သုစရိုက်ကံ"မည်၍၊ မကောင်းသော စေတနာပါလျှင် "ဒုစရိုက်ကံ"မည်၏။ အမှန်အားဖြင့် "ဒုစရိုက်"နှင့် "သုစရိုက်"သည် သာမန်လူနှင့် မြင့်မြတ်သော လူတို့၏ "နယ်ခြားမျဉ်း"ဖြစ်၏။

မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း "လူ့ဘဝ"သည် ဒုလ္လဘ ဖြစ်၏။ ဒုလ္လဘ ဖြစ်သော "လူ့ဘဝ"ကို မြင့်မြတ်သော လူတို့၏ နယ်နိမိတ်အတွင်း၌သာ ရှိစေရန် မြတ်စွာဘုရားက မင်္ဂလသုတ်ကို ဟောတော်မူခြင်း ဖြစ်၏။ မင်္ဂလသုတ်အတိုင်း လိုက်နာကျင့်သုံးပါက "လူ"သည် ဒုလ္လဘဖြစ်သော "လူ့ဘဝ"ကို ထိုက်ထိုက်တန်တန် ရသည် မည်၏။ သို့ဖြစ်၍ မင်္ဂလသုတ်အတိုင်း လိုက်နာကျင့်သုံးနိုင်အောင် ရှေးဦးစွာ အလေးထား ရမည့် အချက်ကား


www.burmeseclassic.com

www.burmeseclassic.com


"ပတ်ဝန်းကျင်" ဖြစ်၏။ ထို့နောက် "ဓမ္မ"ဖြစ်၏။ ထို့နောက် "မိမိကိုယ်"ဖြစ် ၏။ ပတ်ဝန်းကျင်၌ အလေးထားမှုကို "လောကာ ဓိပတိ" ဟု ဆိုရ၏။ ဓမ္မ၌ အလေးထားမှုကို ဓမ္မာ ဓိပတိ ဟုဆိုရ၏။ မိမိကိုယ်၌ အလေးထားမှုကို "အတ္တာဓိပတိ" ဟု ဆိုရ၏။ မင်္ဂလသုတ်သည် ဤအလေးထားမှု သုံးမျိုး လုံးကို ညွှန်ပြ၏။

မိမိကိုယ်ကို အလေးထားတတ်သူ ဖြစ်ရလေ အောင် ရှေးဦးစွာ မိမိကိုယ်တိုင် ယဉ်ကျေးသိမ်မွေ့သူ ဖြစ်ဖို့ လို၏။ ယဉ်ကျေးသိမ်မွေ့သူ ဖြစ်လာစေရန် မိမိစိတ်ကို နိုင်နင်းစွာ ဆုံးမနိုင်စွမ်းရှိသူ ဖြစ်ရ ၏။ ယဉ်ကျေးသိမ်မွေ့သော စိတ်သည် ချမ်းသာကို ဆောင်တတ်၏။ ထို့ပြင် ဗဟုသုတ ရှာမှီးရ၏။ အတတ်ပညာသင်ယူရ၏။ ဗဟုသုတရှာမှီးခြင်း၊ အတတ်ပညာ သင်ယူခြင်းတို့သည် မိမိ၏ဘဝ၌ ကြိုတင်ပြုလုပ်ထားရသော "ရှေးဦးလုပ်ငန်း"များ ဖြစ်ကြ၏။ အမှန်အားဖြင့် ကျောင်းသားဘဝ၊ ပညာ ရှာမှီးရသော အရွယ်ကပင် ပြည့်စုံအောင် ဆောင်ရွက် ထားရသော လုပ်ငန်းများဖြစ်၏။ နီတိကျမ်း အဆို အရ အတတ်ပညာ၊ စီးပွားဥစ္စာ၊ အဆွေ ခင်ပွန်း၊ ချမ်းသာသုခ၊ ကုသိုလ်ကောင်းမှု၊ တရား ဘာဝနာ တို့သည် ဘဝအဆင့်ဆင့်သော "ကွန်းခိုစခန်း" များ ဖြစ်ကြ၏။ ဘဝ၏ အဆင့်အလိုက် သတ်မှတ်


www.burmeseclassic.com

www.burmeseclassic.com


ထားသော "ကွန်းခိုစခန်း"များသို့ မရောက် ရောက်အောင် သွားကြရ၏။ ထိုသို့ သွားကြရာတွင် ပထမအဆင့်၌ မိမိ၏ ကိုယ်စိတ်ကို ထိန်းသိမ်းနိုင်သော အရည်အချင်းပြည့် ပုဂ္ဂိုလ် ဖြစ်ရလေအောင် ဆိုင်ရာဆိုင်ရာ ပညာရပ်များနှင့် ဗဟုသုတများကို ပြည့်ဝသည်ထက် ပြည့်ဝအောင် ကြိုးပမ်းထားရ၏။

ထို့နောက်အိမ်ထောင်သည်ဘဝသို့ ရောက်လာသောအခါ စီးပွားဉစ္စာကို ရှာမှီးရ၏။ မိမိနှင့် သင့်လျော် လျောက်ပတ်သော ပတ်ဝန်းကျင် ဖြစ်အောင် ကြိုးစားရ၏။ အကြောင်းအားလျော်စွာ ရောက်ရာ ပတ်ဝန်းကျင်၌ အားလုံးနှင့် အဆင်ပြေအောင် အားထုတ်ရ၏။ လူဆိုးနှင့် လူကောင်းကို ခွဲခြားတတ်ရ၏။ လူဆိုးနှင့် တွေ့လျှင်လည်း လူဆိုးအလျောက်၊ လူကောင်းနှင့် တွေ့လျှင်လည်း လူကောင်းအလျောက် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်ရ၏။ လုပ်ငန်း လုပ်ဆောင်ရာတွင်လည်း ပြစ်မှုကင်းသော လုပ်ငန်းမျိုးကိုသာ လုပ်ဆောင်ရ၏။ ထို့အပြင် ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ယုံကြည်ကိုးစားမှုကို ခံရလေအောင် လုပ်ငန်းကို ရှုပ်ရှုပ်ထွေးထွေး မလုပ်ဘဲ ရှင်းရှင်းပြတ်ပြတ် လုပ်ကိုင်ရ၏။

ထို့နောက်မိဘတို့အားလည်းကောင်း၊ ဆွေမျိုးတို့အားလည်းကောင်း၊ မိသားစုတို့အား လည်းကောင်းဝတ္တရားနှင့်အညီ ထောက်ပံ့ရ၏။ ဒေသနာတော်အရ ဆိုရလျှင် မိမိဆည်းပူးခဲ့သော အတတ်


www.burmeseclassic.com

www.burmeseclassic.com


ပညာများနှင့် ဗဟုသုတများ၊ မိမိ ရှာဖွေခဲ့သော ပစ္စည်းဥစ္စာများ၊ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှု များသည် မိမိ တစ်ဦးတည်းအတွက် ခံစားဖို့မဟုတ်။ လောကအတွက်ပါ ခံစားဖို့ဖြစ်၏။ ထို့ကြောင့် လောကအတွက်ကိုပါ ထိုက်သင့်သလို မျှဝေ၍ ပေး အပ်ရ၏။ အမှန်အားဖြင့် လောက ငြိမ်းချမ်းမှ မိမိ ငြိမ်းချမ်းမည်ဖြစ်၏။ အကယ်၍ မိမိပတ်ဝန်းကျင်က ဆူပွက်နေပါလျှင် မိမိသည် အဘယ်သို့လျှင် ငြိမ်း ချမ်း နိုင်ပါမည်နည်း၊ အဘယ်သို့လျှင် ချမ်းသာနိုင် ပါမည်နည်း။

အိမ်ထောင်သည်ဘဝ ဒုတိယအရွယ်၌ လူ သည် အပေါင်းအသင်း အစုံဆုံးအရွယ် ဖြစ်၏။ စီးပွားဥစ္စာ ရှာမှီးရသောအရွယ် ဖြစ်သဖြင့် ကိုယ် ကျင့်သိက္ခာ အယိုယွင်းနိုင်ဆုံးသော အချိန်ကာလ လည်းဖြစ်၏။ ထို့ကြောင့် "အတ္တသမ္မာပဏိဓိ" အရ မိမိကိုယ်နှင့် မိမိစိတ်ကို ထိန်းနိုင်ဖို့ အလိုအပ် ဆုံး ဖြစ်သည်။ထိုကာလတွင် ပုထုဇဉ်တို့၏ ဓမ္မတာ အရ၊ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည့် သဘာဝအရ ပျော်ချင်၏။ ပါးချင်၏။ အရက် သေ ရည် သောက်ချင်၏။ အသုံးအစွဲ ဖွာချင်၏။ ထို ကာလမျိုးတွင် မိမိကိုယ်ကို မိမိ ထိန်းသိမ်းနိုင်မှ တော်ကာကျ၏။ မကောင်းမှု ဟူသမျှမှ ဝေးစွာ ရှောင်နိုင်အောင် ကြိုးစားရ၏။ မိမိ၌ ပစ္စည်းဥစ္စာ


www.burmeseclassic.com

www.burmeseclassic.com


ပြည့်စုံနေပါကသူတစ်ပါး၏ ပစ္စည်းဥစ္စာကို မတော်မတရား ယူချင်စိတ် မရှိ။ ဤသည်မှာ မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ခြင်း သဘောဖြစ်၏။ ဤသဘောသည် လိုက်နာရန် လွယ်ကူ၏။ အကယ်၍ မိမိကိုယ်တိုင်က "ငတ်"နေမည်၊ သူတစ်ပါးဥစ္စာကို အလွယ်တကူ ရနိုင်သော အခြေအနေမျိုး၌လည်း ကြုံတွေ့နေမည်ဆိုလျှင် မတော်မတရား ယူချင်တတ်၏။ ထိုကဲ့သို့ မယူမိအောင် ရှောင်ကြဉ်နိုင်ခြင်းကို အထူးသဖြင့် ရှောင်ကြဉ်ခြင်းဟူ၍ ဆိုရ၏။ ဤသဘောသည် လိုက်နာရန် ခဲယဉ်း၏။ ခဲယဉ်းသော်လည်း လိုက်နာဖြစ်အောင် ကြိုးပမ်းရ၏။ သေရည်သေရက် သောက်စားခြင်း၊ ဂုဏ်တု ဂုဏ်ပြိုင် ပြလို၍ဖြစ်စေ၊ ကြွားဝါလို၍ဖြစ်စေ၊ အခြား မသင့်လျော်သော အကြောင်း တစ်မျိုးမျိုး ကြောင့်ဖြစ်စေ အသုံးအစွဲကြီးခြင်းသည် ဘဝပျက်ခြင်း၏ အကြောင်းဖြစ်၏။ ထို့ကြောင့် သေရည် သေရက် သောက်စားခြင်းနှင့် အသုံးအစွဲကြီးခြင်းမှလည်း ရှောင်အပ်၏။ အထူးအားဖြင့် ဤအရွယ်တွင် သူ့ကျေးဇူးကို သိမှုနှင့် ဆိုဆုံးမရ လွယ်မှုသည် များစွာ အရေးကြီးပါ၏။

တတိယအရွယ်သို့ ရောက်ချိန်တွင်မူ စီးပွားဥစ္စာထက် တရားဓမ္မကို ပို၍ အလေးထားရ၏။ ဒါနကို ပြုရ၏။ သီလကို စောင့်ရ၏။ ဒါနကို ပြုရာတွင် မိမိထက် မြင့်မြတ်သူအား ပြုပါက "ပူဇော်" သည် မည်၏။ မိမိနှင့် တန်းတူသူအား ပြုပါက


www.burmeseclassic.com

www.burmeseclassic.com


"ကူညီ"သည်မည်၏။ မိမိထက် နိမ့်ကျသူအား ပြုပါက "ချီးမြှောက်"သည် မည်၏။ ကောင်းမှုရှင် အချို့သည် ကျောင်း၊ ကန်၊ ဘုရား တည်ထားရာ၌ သိန်းချီ၍ အကုန်အကျခံရန် စေတနာ ရောက်သော်လည်း နွမ်းပါးသူများအား ငွေကျပ်တစ်ရာချီးမြှောက်ရန် တာဝန်လေးတတ်သည်။ လယ်တီဆရာတော်ကြီး ကဒါနနှင့် ပတ်သက် ၍ **ဥတ္တမပုရိသဒီပနီ**၌ "အကျိုးကို လိုလားသောစိတ်ဖြင့် အလှူခံပုဂ္ဂိုလ်ကို အယုတ်အမြတ် ရွေးချယ်မှု အကျိုးကြီးရာသော နည်းလမ်းကို ရွေးချယ်မှုတို့နှင့် ပြုသော ကုသိုလ်သည် ပါရမီကုသိုလ်မျိုး မဟုတ်။ လှူဒါန်းမှုကိုသာ အလေးဂရုအထူးပြုသည်။ အကျိုးကို အမှုမစိုက်၊ ဤသို့ နှလုံးထား၍ လှူဒါန်းသော ကုသိုလ်သည်သာ ပါရမီကုသိုလ်မျိုးဖြစ်၏"ဟု မိန့်တော်မူထား၏။ ထို့ကြောင့် ရတနာသုံးပါးသာမက ဆင်းရဲနွမ်းပါးသူများ၌လည်း ပေးလှူတတ်ပါက အမြင့်မြတ်ဆုံး ကုသိုလ်ဖြစ်ပါ၏။

မိမိ၏ပတ်ဝန်းကျင်ရှိ လူများသည် မိမိလိုပင် အတိတ် "ကံ"ကြီးမားမှုကြောင့် လူဖြစ်လာသူများ ဖြစ်ကြ၏။"ဒုလ္လဘ" ဖြစ်သော "လူ့ဘဝ" ကို ရကြသူများဖြစ်ကြ၏။ ထို့ကြောင့် မိမိနှင့် အမြဲတစေ ဆက်ဆံနေရသော လူများသည် လေးစားထိုက်သူများ ဖြစ်ကြ၏။ လေးစားထိုက်သူများ အဖြစ်ခံယူ၍ လေးစားသည်နှင့် တစ်ပြိုင်နက် မိမိကိုယ်ကို နှိမ့်ချ


www.burmeseclassic.com

www.burmeseclassic.com


ပြီးသားလည်း ဖြစ်၏။ အရာရာကို ခွင့်လွှတ်ပြီးသား လည်း ဖြစ်၏။ ပြဟ္မစိုရ်တရား ပွားများပြီး သားလည်း ဖြစ်၏။ အမှန်အားဖြင့် တတိယအရွယ်သည် တရား ဓမ္မလေ့လာမှုနှင့် ပတ်သက်၍ အပြည့်စုံဆုံး လေ့လာ လိုက်စားရမည့် အရွယ် ဖြစ်၏။ ထို့ကြောင့် ရဟန်းတော်များကို ဖူးမြင်၍ ရဟန်းတော် များထံမှ သစ္စာ လေးပါးနှင့် စပ်သော တရားတော်များကို နာကြား ရမည်ဖြစ်၏။ရဟန်းတော်များက ဟောကြားတော် မူလိုက်သည့်အတိုင်း ကျင့်ကြံအား ထုတ်ရမည် ဖြစ် ၏။ ထို့နောက် မိမိ၏ ကျင့်ကြံအား ထုတ်မှု၌ တွေ့ရှိ ချက်များကို တရားပြ ဆရာတော်နှင့် ဆွေးနွေးရ မည် ဖြစ်၏။ ထိုအခါမှ မိမိ၏ ဘာဝနာအဆင့်ကို နားလည်မည် ဖြစ်၏။

မင်္ဂလသုတ်သည် လူ့လောကတွင် လူအဖြစ် နေထိုင်သူများအတွက်အယဉ်ကျေးဆုံးသော လူ အဖြစ်နေထိုင်တတ်ရန် ဟောကြားတော်မူသော ဒေသနာဖြစ်၏။ တရုတ်၊ ကုလား မခွဲခြားဘဲ "လူ" ကို "လူ"အဖြစ် မြင်တတ်ရန်နှင့် လေးစားစွာ ဆက်ဆံတတ်ရန်၊ထိုသို့ ဆက်ဆံရာမှ အတိုင်းမသိ အာနုဘော်ကြီးမားသော ပါရမီကုသိုလ်ကို ရယူပြီး သစ္စာလေးပါးမြတ်တရားကိုကိုယ်တိုင် မျက်မှောက် ပြုနိုင်သည်အထိ လူချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာကို လက်တွေ့ခံစားနိုင်ရန် ဖြစ်၏။ ထိုအခါ ပတ်ဝန်း ကျင်ရှိ လူအပေါင်းကို လေးလေးစားစား "လောကာ


www.burmeseclassic.com

www.burmeseclassic.com


ဓိပတိ”အရ ဆက်ဆံရာတွင် ကျင့်ဝတ် “ဓမ္မာဓိပတိ”နှင့်အညီ ကိုယ်ကျင့်သိက္ခာကို အလေးအနက်ထားတတ်သော“အတ္တာဓိပတိ”အရ ဆက်ဆံနိုင်မည်ဖြစ်၏။ ထိုအခါ ဤလောကတွင် ကာယကံ ဖြစ်စေ၊ ဝစီကံဖြစ်စေ၊ မနောကံ ဖြစ်စေ ဒုစရိုက် ကံများမှ ကင်းဝေးပြီး သုစရိုက်ကံများနှင့် ပုည ကြိယာများသာ ထွန်းကားပြီး မွေ့လျော်ဖွယ်ရာ ကောင်းလှသော လောက ဖြစ်လာပေလိမ့်မည်။

အမှန်အားဖြင့် သစ္စာလေးပါးကို မသိမြင်နိုင်သေးမီ“လူ”သည်ပုထုဇဉ် ဖြစ်သည့်အလျောက် လောဘဖြစ်သည့် အခါလည်းရှိမည်။ ဒေါသ ဖြစ်သည့်အခါလည်းရှိမည်။ မောဟဖြစ်သည့် အခါလည်းရှိမည်။ သို့ရာတွင် မည်သည့်အကုသိုလ် ဖြစ်ဖြစ် “ဂရုကံ”မဟုတ်လျှင် စိတ်အားငယ်စရာ မရှိ။ ဗုဒ္ဓဒေသနာတော်၏ “ကုစားနည်း”ရှိ၏။ စိတ္တာနုပဿနာ သတိပဋ္ဌာန်အရ ယင်းတို့ကို သင်္ခါရတရားများအနေဖြင့် “ဖြစ်” “ပျက်” မြင်အောင် ရှုလိုက်လျှင် နောက်ဆုံး “သုညတ” ဆိုက်ပြီး သစ္စာလေးပါးကို ကိုယ်တိုင် သိမြင်လာမည်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်လာမည်။ လောကဓံတရားများကို မတုန်မလှုပ် ကြံ့ကြံ့ခံနိုင် မည်။ ဤသို့လျှင် စတုတ္ထအရွယ်၌ မဖြစ်မနေ ကိုယ်တိုင် တွေ့ကြုံ မျက်မှောက် ပြုနိုင်ရေးအတွက် တတိယအရွယ်မှစ၍ လေ့လာပွားများ အားထုတ်ရန် မြတ်စွာဘုရားက မင်္ဂလသုတ်ကို


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ဟောတော်မူခြင်းဖြစ်၏ထို့ကြောင့်မင်္ဂလသုတ်သည် လူ့ဘဝ တစ်လျှောက်လုံး မြင့်မြတ်သော လူတစ်ယောက် အနေဖြင့် နေထိုင် ကျင့်ကြံ သွားနိုင်ရေး အတွက် “ဘဝနေနည်း”လမ်းညွှန်ဒေသနာ ဖြစ်ပါသဖြင့် ယင်းဒေသနာ၏ လမ်းညွှန်ထားသည့်အတိုင်း လိုက်နာ ကျင့်သုံးနိုင်အောင် ကြိုးပမ်းအပ်ပါ၏။

ရွှေအောင်

www.burmeseclassic.com

မုံရွာမြို့

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး

စီရင်တော်မူအပ်သော

# နိုင်ငံခြား ပုစ္ဆာ အဖြေပေါင်းချုပ်

– ပြင်သစ်ပုစ္ဆာအဖြေ

သီဟိုဠ်(သီရိလင်္ကာ)–ကိုလံဘိုပုစ္ဆာအဖြေနှင့်

အတ္တ အနတ္တ အဖြေ

လန်ဒန်– အက်ဒမိ ဂျေမီလစ ၏ပုစ္ဆာအဖြေ

လန်ဒန်– ပါဠိဒေဝီ ၏ သညာ ပုစ္ဆာအဖြေ

လန်ဒန်– ပါဠိဒေဝီ ၏ နိယာမ ပုစ္ဆာ အဖြေ

လန်ဒန်– ပါဠိဒေဝီ ၏ ယမိုက် ပုစ္ဆာအဖြေ

လန်ဒန်– ပါဠိဒေဝီ ၏ ပဌာန်း ပုစ္ဆာအဖြေ

လန်ဒန်– ဘာထရန်ရပ်ဆယ် ၏

စကားလေးခွန်း အဖြေ

( စာမူခွင့်ပြုချက်– ၃၆၅ / ၂၀၀၀(၆) )

---

မုံရွာမြို့

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး

စီရင်တော်မူအပ်သော

မြန်မာပြည်တွင်း အမြို့မြို့ အရွာရွာမှ မေးမြန်းသည့်

# နိုင်ငံတွင်း ပုစ္ဆာ အဖြေပေါင်းချုပ်

## ( ပထမတွဲ နှင့် ဒုတိယတွဲ)

( စာမူခွင့်ပြုချက်– ၄၃၇ / ၂၀၀၀(၆) နှင့် ၂၆၅ / ၂၀၀၀(၅) )

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# ဦးရွှေအောင်

## ထေရဝါဒအုတ်မြစ်

www.burmeseclassic.com